www.burmeseclassic.com

ောင်မြင်စာပေ




ဂ နို့ ရ ဆန်း ကြယ် လုံး ချင်း ဝ ထွ၊ သစ်

# တြိဝဏ္ဏ (၂)

ဘုတ္တာဝါဟနမဟာမြိုင်

www.burmeseclassic.com

www.burmeseclassic.com



ထုတ်ဝေသူ ဦးစောအောင်မြင့်၊
ဖြန့်ချီရေး အောင်မြင်စာပေ၊
အတွင်းနှင့် မျက်နှာဖုံးပုံနှိပ်
အောင်မြင်ပုံနှိပ်တိုက်၊ ပထမအကြိမ် ၂၀၀၃ ခုနှစ်၊
(စက်တင်ဘာလ)၊ အုပ်ရေ (၅၀၀)။

၈၉၅.၈၃
ကြီးစတ္တ
ဘူတာဝါဟန မဟာမြင်/ ကြီးစတ္တ။ -ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၀၃။
၂၃၈-စာ၊ ၁၂.၅ x ၁၈.၃ စင်တီ။
(၁) ကြီးစတ္တ

# ဇဿယနလက်ဆောင်

❖ မီးတောက်ကို.....ရေနည်းနည်းလောင်းလျှင် မီးပိုတောက်သည်။ ရေများများလောင်းလျှင် မီးငြိမ်းသည်။ အချစ်နှင့် စဉ်းစားမျှော်မြင်မှုသည် ရေနှင့် မီးပမာဖြစ်သည်။

❖ အချစ်နှင့် မိတ်ဆွေဖွဲ့မိသောအခါ
ပျော်ရွှင်ကြည်နူးမှုအချို့ကို
လက်ဆောင်ပေးတတ်တယ်
ကာလကြာသောအခါမှသာ
သောကများကို....တစ်ခုချင်း၊ တစ်မျိုးချင်းစီ
ပြောင်းလဲပေးတော့သည်။

❖ ကြယ်ပွင့်လေးတွေ မီးတောက်နေတယ်လို့
သံသယရှိနိုင်ပါတယ်
လနှင့် နေတို့ရဲ့ရွေ့လျားခြင်းကို
သံသယရှိနိုင်ပါတယ်
သစ္စာယောင်ဆောင်ထားတဲ့ မုသားတွေကိုလည်း
သံသယရှိနိုင်ပါတယ်
အချစ်တစ်ခုကို လက်ခံပြီးရင်သာ
သံသယမရှိဖို့ အရေးကြီးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

❖ မီးကိုနှင်းရေနဲ့ လောင်းပြီးမွှေးလို့
မရနိုင်ပါဘူး၊
သူ့ရဲ့မိတ်ဖက်ရေနံဆီလောင်းမှ မီးတောက်မှာပါ။
သူ့ဆီက အချစ်လိုချင်ရင်
အချစ်ပေးမှပဲ ရနိုင်ပါလိမ့်မယ်။

❖ စိတ်ဖိစီးမှုဆိုသည်မှာ....
၎င်းအား အသိအမှတ်ပြုသောနေရာ၌
ကြာကြာနေလေ့ရှိပါတယ်။
သူ့ကို အသိအမှတ်မပြုပဲ ဥပေက္ခာပြုထားလျှင်
အခြားနေရာသို့ ထွက်သွားလေ့ရှိကြတယ်။

❖ ဆင်းရဲပြီးမှ ချမ်းသာလာလျှင်
ရရှိသော ဘဝကို တန်ဖိုးထားတတ်ပါတယ်။
ချမ်းသာပြီးမှ ဆင်းရဲသွားလျှင်တော့
မည်သည့်အရာကိုမှ
တန်ဖိုးမထားတတ်တော့ပေ။

BURMESE CLASSIC .com

# ဒဿနလက်ဆောင်

❖ ဘဝမှန်သည်.....
လှည့်စား၍မရသောအရာဖြစ်သည်။
ဘဝမှန်ကို ဟန်ဆောင်ဖုံးကွယ်မှုများဖြင့်
လှည့်စားနေမည်ဆိုပါက
သက်သက်အချိန်ဖြုန်းနေခြင်းသာဖြစ်သည်။

❖ ကွဲကြေသွားသောမှန်တစ်ချပ်ကို
ပြန်ဆက်၍ ရနိုင်ပေသည်၊
သို့သော် အက်ကြောင်းရာကိုတော့
ဖျောက်ဖျက်၍ ရမည်မဟုတ်ပေ....။
သန့်စင်သော ဘဝဆိုသည်မှာလည်း
မှန်တစ်ချပ်ကဲ့သို့ပင် ရှိချေသည်။

❖ အောင်မြင်ကျော်ကြားသူတို့တွင်
ဘဝပေး အရည်အချင်းအချို့ရှိနေတတ်ပါတယ်။
တစ်ခုက မိတ်ဆွေတုများကို ရွေးချယ်တတ်ပြီး
အခြားတစ်ခုက
ထိုအောင်မြင်မှုကို ထိမ်းသိမ်းနိုင်ခြင်းဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

❖ မျှော်လင့်ချက်ဆိုတာ
မီးတောက်တစ်ခုလိုပါပဲ....၊
ထိုမီးရောင်ရှိနေသရွေ့
အမှောင်ခရီးကို ဖြတ်သွားရရင်လည်း
လမ်းမပျောက်နိုင်ပါဘူး။

❖ အတိတ်ကဖြစ်ပြီးခဲ့တဲ့တာတွေကို
နောင်တရနေစရာမလိုပါဘူး၊
ထို့အတူ ပစ္စုပ္ပန်အတွက်လည်း
တွေးပူနေလို့မဖြစ်ပါဘူး၊
ယခုပိုင်ဆိုင်ထားတဲ့ အချိန်ကိုသာ
အကောင်းဆုံးဖြစ်အောင် အသုံးချဖို့ ကြိုးစားပါ။

❖ အမြဲထာဝရ ရှင်သန်တည့်တံ့ရတော့မည့်အတိုင်း
အိပ်မက်ပါ၊ စိတ်ကူးပါ၊ မျှော်လင့်ပါ၊
မနက်ဖြန်သေရတော့မလို
ရှင်သန်ပြီး၊ နေထိုင်ဆောင်ရွက်ဖို့လည်းလိုပါတယ်။

# ဤစာအုပ်တွင်ပါဝင်သောအခန်းများ


အခန်း(၁) – ဗိဿနိုးမယ်တော်နှင့်မဟာမြိုင်တောကြမ်း
အခန်း(၂) – ဘုရားပျောက်သုံးဆူနှင့် ရတနာသိုက်
အခန်း(၃) – ဘုရားနီရှာမှ ဘူတာဝါဟန ပညာသည်
အခန်း(၄) – ဇာတိရုပ် မပျောက်နိုင်သူများ
အခန်း(၅) – သူတောင်းစားပိုဏ်းထောင်ပြီးအကြီးအကဲလုပ်လိုသူ
အခန်း(၆) – ဒေါ်မင်းဇာနှင့် သူတောင်းစားပညာ
အခန်း(၇) – တောင်လုံးကျော် ဆေးပင်ရှာပုံတော်
အခန်း(၈) – အလှူအတွက် အကူအညီလာပေးသောသူ
အခန်း(၉) – မိစ္ဆာတောင်ကြားမှ ချေးကြုံမှာသောသူ
အခန်း(၁၀) – ထူးခြားစွာရောက်လာသည့် ဧည့်သည်များ
အခန်း(၁၁) – မဟာမြိုင်သခင်မကို တွေ့ရခြင်း
အခန်း(၁၂) – ရုပ်ပြောင်းနာမ်ခွာ ဘူတာဝါဟန ပညာ
အခန်း(၁၃) – လျှို့ဝှက်စွာနေတတ်သော ချစ်ခြင်းမေတ္တာ
အခန်း(၁၄) – မိစ္ဆာကျော့ကွင်းမှ လက်မတင်လွတ်ရခြင်း
အခန်း(၁၅) – တောနက်ထဲမှ ဘုရားပျောက်သုံးဆူ
အခန်း(၁၆) – ဘူတာဝါဟန မဟာမြိုင်


www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁)

# ဗိဿနိုးမယ်တော်နှင့် မဟာမြိုင်တောကြမ်း

မြန်မာနိုင်ငံအတွင်း၌ ရှေးအခါက သစ်တောကြီးများအမြောက်အမြားရှိခဲ့ကြပေသည်။

နေရာအနှံ့အပြားတွင် သစ်တောကြီးများ ရှိခဲ့ကြပြီး ရှေးမှတ်တမ်းများမှာတော့ မြန်မာနိုင်ငံ၏ နယ်နိမိတ်အကျယ်အဝန်း (၇၅)ရာခိုင်နှုန်းခန့် သစ်တောကြီးများက နေရာယူထားခဲ့ကြောင်း ဖော်ပြထားပေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ပြောရလျှင်တော့ မြန်မာနိုင်ငံအကျယ်အဝန်း၏ လေးပုံသုံးပုံက သစ်တောကြီးများ ရှိခဲ့ကြခြင်းဖြစ်၏။

ထိုသစ်တောကြီးများထဲတွင် အထိကရ သစ်တောကြီးများလည်း ပါဝင်ကြသည်။

အရှေ့ရိုးမဟုခေါ်သော ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်တစ်ကြောမှာ ရှိကြသော သစ်တောကြီးများ၊ အလယ်ရိုးမ၊ ပဲခူးရိုးမဟုခေါ်သော သစ်တောကြီးများ၊ အနောက်ရိုးမဟုခေါ်သော ချင်းပြည်နယ် နာဂတောင်တန်း၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း (ယခုဧရာဝတီတိုင်းဒေသကြီး) တို့ဘက်မှာ ကာ ဆီးထားသော သစ်တောကြီးများ ရှိခဲ့ကြသည်။

သို့ကြောင့် ရှေးအခါက မြန်မာနိုင်ငံသည် သစ်ပင်သစ်တောအပေါများဆုံး စာရင်းဝင်ဖြစ်ခဲ့သည်။

ရှေးအခါက တိုင်းပြည်ကို အုပ်ချုပ်ခွင့်ရသော အစိုးရများမှာ ထိုသစ်တောကြီးများကို ကိုယ်စိုက်ထားသော ဥယျာဉ်ထဲမှ သစ်ပင်ကို ရောင်းချသကဲ့သို့ အခြားတိုင်းပြည်များသို့ ရောင်းချခဲ့လေသည်။

ဝယ်ယူသော တိုင်းပြည်များက သစ်ပင်သာမက သစ်မြစ်ကိုပါ တူးယူနေကြသဖြင့် ယခုတော့ ရှေးအခါက သစ်ပင်သစ်တောများဖြင့် စိမ်းလန်းစိုပြည်ခဲ့သော မြန်မာပြည်မှာ တောင်ကတုံးဘဝသို့ ရောက်ခဲ့ချေသည်။

ထိုအခါက အစိုးရမင်းများ ထိုတောင်များကို ဆက်ရောင်းပြန်သည်။ မြစ်ချောင်းများကို ရောင်းချကြသည်။





ထိုကဲ့သို့ သယံဇာတပစ္စည်းများကို ထင်သလို ရောင်းချခဲ့သောအစိုးရ၏ လူနည်းစုတို့သာ ကမ္ဘာ့အချမ်းသာဆုံး စာရင်းဝင်များဖြစ်ခဲ့ကြပြီး မြန်မာနိုင်ငံကတော့ လွင်တီးခေါင်ခေါင်ဘဝသို့ရောက်ခဲ့ရပေသည်။

တောတွေ၊ တောင်တွေ၊ မြစ်ချောင်းတွေ သိပ်ရောင်းစရာ မကျန်တော့၊ လယ်မြေအပါအဝင် မြေတွေ ရွာတွေ သိမ်းပြီး ရောင်းကြပြန်သည်။

နောက်ထပ် ရောင်းစရာမရှိတော့ပါက ဘယ်အရာကို လက်ညှိုးထိုးရောင်းချဦးမည်လည်း မသိရပေ. . .။

(မြန်မာနိုင်ငံ၏ အထွတ်အမြတ်ဖြစ်သော. . . ရွှေငွေပိသာချိန်ပေါင်း မြောက်များစွာရှိနေသော ရွှေတိဂုံစေတီတော်ကြီးအတွက်ပင် စိတ်မအေးရသော အခြေအနေမျိုး ရောက်နေချေပြီ) လောဘသား တိုင်းတစ်ပါးသားဆိုသည်မှာ ဗုဒ္ဓ၏အမွေအနှစ်ကို ဦးထိပ်ပန်ဆင်ခြင်းမရှိ။ ဥစ္စာပစ္စည်းကိုသာ မက်မောတတ်သည်။

လောကကို စောင့်ရှောက်ပေးနေသော နတ်ဒေဝတာတို့က မျက်ကွယ်ပြု၊ လျစ်လျူရှုထားကြသောကြောင့် တရားမရှိဖြစ်ချင်တိုင်းဖြစ်၊ လုပ်ချင်တိုင်းလုပ်နေကြသလော မပြောတတ်ပါပေ. . . .။

သူတို့ကိုလည်း ဘယ်သူကမှ တားဆီးပိုင်ခွင့်မရှိ၊ တားဆီး၍လည်းမရကြပေ. .။

တစ်ချိန်မှာတော့ လောကကို စောင့်ရှောက်ကြသော



www.burmeseclassic.com

www.burmeseclassic.com



နတ်ဒေဝတာတို့က ထိုက်တန်သော အပြစ်များပေးပါစေလို့သာ ဆုတောင်းနေရရုံမှလွဲပြီး အခြားဘာမှ မတတ်သာတော့ပါချေ။

ရှေးအခါက မြန်မာနိုင်ငံသည် စိမ်းလန်းစိုပြည်ပြီး သစ်တောကြီးများဖြင့် လှပသာယာသော တိုင်းပြည်ဖြစ်ခဲ့သည်။

အထိကရ သစ်တောကြီးများ နေရာအနှံ့မှာရှိခဲ့ကြသည်။ ထိုအထဲတွင် "မဟာမြိုင်သစ်တောကြီး"လည်း တစ်တောအပါအဝင်ဖြစ်ခဲ့သည်။

မဟာမြိုင်တောကြီးမှာ အထိကရတောကြီး ဖြစ်သည်နှင့်အညီ တောနက်သည်၊ တောကြမ်းသည်။

တောကြမ်းသည်ဟု ဆိုရာမှာ နှစ်မျိုးရှိသည်။

တစ်မျိုးက သားရဲတိရစ္ဆာန်များကြမ်းသော တောမျိုးဖြစ်ပြီး၊ ကျန်တစ်မျိုးက မမြင်ရသော နတ်နှင့် ပရလောကသားတို့ကြမ်းသော တောမျိုးဖြစ်သည်။

မဟာမြိုင်တောကြီးက ဒုတိယအမျိုးအစားဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် . .

မဟာမြိုင်တောမှာ ပန်ထွာမင်းသမီးသို့မဟုတ် ဗိဿနိုးမယ်တော်ကြီး စိုးစံသော အရပ်ဒေသဖြစ်သောကြောင့် အများမခံသော အရပ်ဒေသမျိုးဖြစ်သည်။

ရှေးအခါက အရပ်ဒေသမှာ သုံးသောစကားတစ်ခွန်းရှိသည်။

"ပျော်လို မင်းကင်း၊ စားလို တောင်တွင်း၊ သေလို မောက္ကတော်" ဟူသောစကားဖြစ်သည်။





ထိုစကားမှာပါသော "သေလို မောက္ကတော်" ဆိုသည်မှာ ရွာတစ်ရွာ၏အမည်ဖြစ်သည်။

"သေလိုလျှင် စိန်မစားနဲ့ မောက္ကတော်သွား" ဟူသောစကားကြောင့်ပင် မောက္ကတော်ရွာမှာ ကြောက်စရာကောင်းသောရွာတစ်ရွာအဖြစ် လူသိများခဲ့လေသည်။

ရှေးအခါက ရေးသားထုတ်ဝေခဲ့ကြသော စုန်းကဝေနှင့် သရဲဝတ္ထုများတွင် မောက္ကတော်ရွာ အမည်ကို ထည့်သွင်းရေးသားခဲ့ကြသည်။

"သေချင်ရင် စိန်မစားနဲ့ မောက္ကတော်သွား" ဟူသောကြိမ်းဝါးသံနှင့်အတူ မောက္ကတော်ရွာမှာ စုန်းကဝေ ပညာသည်များနေကြသော ရွာအဖြစ် ထည့်သွင်းရေးသားကြသည်ကို တွေ့ခဲ့ရသည်။

ထိုအချိန်က သူတို့ရေးသလို မောက္ကတော်ရွာမှာ စုန်းကဝေပညာသည်များရှိသည် မရှိသည် အသေအချာမသိရသော်လည်း "မောက္ကတော်ရွာ" သို့သွားလျှင် လူအသေအပျောက်များသည်ကတော့ သေချာသည်။

ထိုသို့ အသေအပျောက်များရခြင်းမှာလည်း မဟာမြိုင်တောကြီးနှင့် ဆက်စပ်နေသောကြောင့်ဖြစ်သည်။

အများအားဖြင့်တော့ မောက္ကတော်ရွာသို့ ရောက်လာကြသူများမှာ ရပ်ဝေးမှလာကြသူများဖြစ်သည်။

၎င်းတို့သည် မဟာမြိုင်တောကြီးအတွင်းမှာ အလုပ်လုပ်ရန် လာရောက်ကြသူများဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အချို့က သစ်တောထဲမှာရှိသော သစ်ထုတ်လုပ်ရေး စခန်းများမှာ အလုပ်လုပ်ရန်အတွက် သော်လည်းကောင်း၊ အချို့ကလည်း သစ်တောထဲမှာ သယံဇာတပစ္စည်းများ ရှာဖွေယူရန် လာကြခြင်းဖြစ်သည်။

ဒေသခံများကတော့ မဟာမြိုင်တောကြီး အကြောင်းကို သိထားသောကြောင့် ဆင်ခြင်စရာ၊ ရှောင်ကြဉ်စရာတို့ကို သိထားသော်လည်း ရပ်ဝေးမှလာကြသော သူစိမ်းများကတော့ မသိကြပေ။

ရှေ့မှာရေးခဲ့သည့်အတိုင်း မဟာမြိုင်တောသည် အထိကရတောဖြစ်သလို နတ်ကြီးသည်။

ပရလောကသားတို့ နှောင့်ယှက်မှုများသည်။

ထိုတောသို့ ဝင်ပါက ရှောင်ကြဉ်ရတာတွေ များသည်။

ထိုအကြောင်းများကို မသိပါပဲ ဝင်မိလျှင်တော့ သေဖို့များသည်။

နောက်ဆုံး အခြားပရလောကသားတို့ လက်ချက်ကြောင့် မဟုတ်သော်မှ သားရဲတိရစ္ဆာန်များကြောင့်သော်လည်းကောင်း၊ ဒါမှမဟုတ် တောကြီးသဖြင့် ငှက်ဖျားရောဂါစွဲကပ်ခံရပြီး သေရတာများသည်။

ထိုသို့ သေရခြင်းများမှာ မဟာမြိုင်တောကြောင့် သေရတာဖြစ်သော်လည်း နာမည်ပေါ်တော့ မောက္ကတော်ရွာ နာမည်ပေါ်ခဲ့ရသည်။

"သေလိုလျှင် စိန်မစားနဲ့ မောက္ကတော်သွား" ဟူသော





စကားပေါ်ပေါက်လာပြီးနောက်တွင် ထိုသို့သေရခြင်းများမှာ တောကြောင့် သေရသည် မဟုတ်တော့ပဲ မောက္ကတော်ရွာမှာ စုန်းကဝေပညာသည်များ လက်ချက်ကြောင့် သေရသည်ဟု တစ်ဆင့်စကားဖြင့် ချဲ့ကားပြောခဲ့ကြခြင်းပင်ဖြစ်ပေသည်။

သို့ကြောင့် မောက္ကတော်ရွာ နာမည်ဆိုး ထွက်ရခြင်း၏ အဓိကလျှို့ဝှက်တရားခံမှာ မဟာမြိုင်တောကြီးဆိုတာက မှားမည်မထင်ပါချေ. . .။

မောက္ကတော်ရွာအကြောင်းကိုလည်း ကွန်တော်ရေးသားသော အခြားဝတ္ထုအချို့တွင် ဖော်ပြပေးခဲ့ပြီးဖြစ်သောကြောင့် အသေးစိတ်တော့ မဖော်ပြတော့ပေ။

ရှေ့မှာရေးခဲ့သည့်အတိုင်း မဟာမြိုင်တောကြီးသည် တောကြမ်းသည်၊ နတ်ကြီးသည်။

ပရလောကသားတို့ ကြမ်းသည်။

အမှားအယွင်း မခံပေ. .။

တစ်ချက်မှားသည်နှင့် အသက်ပေးရသော တောမျိုးဖြစ်သည်။ မဟာမြိုင်တောကြီးမှာ ဗိသနိုးမယ်တော် (ပန်ထွာမင်းသမီး) အုပ်စိုးသော တောဖြစ်သည်။

ပန်ထွာမင်းသမီးသည် လူ့ဘဝကတည်းက ယောကျ်ားတွေကို မုန်းသည်၊ လူတွေကို နာကြည်းသည်၊ ရဟန်းတုရဟန်းယောင်များကို မုန်းတီးခဲ့သူဖြစ်သည်။

ပန်ထွာဘုရင်မရဲ့ ဗိသနိုးမြို့တော် ပျက်စီးခဲ့ရခြင်းမှာ ရဟန်းတုရဟန်းယောင်များကြောင့်သာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်ထွာဘုရင်မအကြောင်းကို ရှုထောင့် အမျိုးမျိုးမှ ရေးသားတင်ပြခဲ့ကြတာ အတော်များခဲ့ပေပြီ။

သို့သော်လည်း မဟာမြိုင်တောကြီးနှင့် မည်သို့မည်ပုံ ဆက်စပ်ခဲ့ရသည်ကိုတော့ အကျဉ်းချုပ်ပြီး ရေးသားဖော်ပြပေးပါမည်။

ပန်ထွာမင်းသမီးနှင့် ပတ်သတ်သည့် အကြောင်းအရာတို့မှာ ဆရာတော်ဦးဉာဏ ရေးသားစီရင်ခဲ့သော "တောင်တွင်းကြီးရာဇဝင်သစ်" စာအုပ်တွင် ဖော်ပြထားသော အချက်အလက်တို့ကို အကျဉ်းမျှ ဖော်ပြပေးခြင်းဖြစ်ပေသည်။

ပန်ထွာမင်းသမီးသည် ရှေးအတိတ်ဘဝမှ ပြုခဲ့သော ကုသိုလ်ကောင်းမှုကြောင့် အရွယ်ရောက်သောအခါ သာသနာတော်သက္ကရာဇ် (၁၀၁)ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ဗိဿနိုးနတ်မင်းက ပြည်၏ အင်္ဂါ (၇)ပါးနှင့်ပြည့်စုံသော ဗိဿနိုးမြို့ကို ဖန်ဆင်းပေးခဲ့သည်။ အကျယ်အဝန်းအားဖြင့် ခုတစ်တောင်တာ (၄၀၀၀)ကျယ်ဝန်းပြီး၊ တန်ဆောင်း၊ ပြအိုး၊ မြို့ရိုး၊ ကျုံးမြောင်းစသည်တို့ဖြင့် မြို့အင်္ဂါရပ်နှင့်ညီညွတ်သော မြို့တော်ပင်ဖြစ်သည်။

ပန်ထွာမင်းသမီးသည် အတိတ်ဘဝမှ ကောင်းမှုကုသိုလ်ကံကြောင့် မြို့စောင့်နတ်တို့မှ ဖန်ဆင်းပေးရသော ဗိဿနိုးမြို့ကို တောင့်တမှုမရှိပဲ စိုးစံခွင့်ရခဲ့ခြင်းဖြစ်သည်။

ဗိဿနိုးမြို့မှာ အရှေ့မျက်နှာ၊ တောင်မျက်နှာနှင့် မြောက်မျက်နှာတို့မှာ အုတ်ဖြင့်စီရင်သော မြို့ရိုးများဖြစ်ကြပြီး





အနောက်ဘက်မှာတော့ အင်းနှင့်ရေများ ကာရံထားသော ရေမြို့ရိုးဖြစ်သည်။

ပန်ထွာမင်းသမီးဟူသော အမည်တွင်ခဲ့ရခြင်းမှာ ရှေးအတိတ်မှ ဆုတောင်းပန်ထွာခဲ့သည်မှာ ပြည့်မြောက်ခဲ့သောကြောင့် ပန်ထွာမင်းသမီးဟု အမည်တွင်ခဲ့ခြင်း ဖြစ်ပေသည်။

ထို့ပြင် ဗိဿနိုးနတ်မင်းဖန်ဆင်းပေးသော မြို့မှာ စိုးစံရသောကြောင့် "ဗိဿနိုး မင်းသမီး" ဟူသော အမည်ဖြင့်လည်း လူသိများသည်။

မြို့တည်ပြီးသောအခါ နတ်တို့ဆောင်ယူပေးသော သရီရဓာတ်စွယ်တော်တို့ကို ဌာပနာပြီး ရွှေရောင်တော်ဘုရားကို တည်ထားကိုးကွယ်ခဲ့သည်။

မြို့တော်ကိုလည်း ပန်ထွာမြို့တော်၊ ဗိဿနိုးမြို့တော်ဟုခေါ် ဆိုကြသည်။

မြို့တည်ပြီးသောအခါ ရန်သူတို့အား ကာကွယ်ဆီးတားစေရန်အတွက် သိကြားမင်းက မဟာအတုလ စည်တော်ကိုပေးလေသည်။

ထိုစည်တော်ကို တီးလျှင် ရေတို့သည် ချောင်းအတွင်းသို့ အရှိန်အဟုန်ပြင်းစွာဖြင့် စီးကျလာသောကြောင့် ထိုချောင်းအား ရန်ပယ်ချောင်းဟု သမုတ်တော်မူသည်။

ဗိဿနိုးမြို့၏ အနောက်ဘက်တွင် မင်းသမီး ကန်တော်ကြီးသို့သွားသောအခါ ဖောင်တော်နှင့် သွားလာနိုင်ရန် မြောင်းဖောက်ပေးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမြောင်းပေါက်ကို ဖောင်တော်ပေါက် ဟုခေါ်ကြသည်။

ပန်ထွာမင်းသမီးသည် မယ်တော်ဘီလူးမလာရောက်နေနိုင်ရန်အတွက် ကန်တော်ကြီးထောင့်တွင် ဂူတစ်ဂူကို စီမံပြုလုပ်ပေးထားသည်။

မြို့တည်ပေးသော ရှေးဘဝက မောင်တော်စပ်ခဲ့သော ဗိဿနိုးနတ်မင်းကိုလည်း မြို့၏ အရှေ့တောင်အရပ်၌ အင်ကြင်းဥယျာဉ် ပြုလုပ်ပေးပြီး နတ်ကွန်းနှင့်တကွ ထားလေသည်။

တစ်ခါသော်. . သရေခေတ္တရာပြည့်ရှင် ဒွတ္တဘောင်မင်းကြီးက ပဍ္ဍင်းဖြူ ပဍ္ဍင်းညို ဟူသော အမတ်ကြီးနှစ်ယောက်ကို အမှူးထားပြီး အမြို့မြို့အနယ်နယ်သို့ ဒဿမဘာဂ အခွန်တော်ကောက်ယူစေရာ ဗိဿနိုးမြို့သို့ ရောက်လာသည်။

ပန်ထွာမင်းသမီးက ထီးပြိုင်နန်းပြိုင်ဖြစ်သောကြောင့် အခွန်ပေးရန်မလိုကြောင်း ပြောပြီး အမတ်နှစ်ယောက်တို့ကို ပြန်လွှတ်ပေးလိုက်သည်။

သို့ကြောင့် ဒွတ္တဘောင်မင်းကိုယ်တိုင် ဗိဿနိုးမြို့သို့ ချီတက်တိုက်ခိုက်တော်မူသည်။

ထိုသို့ တိုက်ခိုက်သော်လည်း သိကြားမင်းပေးအပ်ထားသော မဟာအတုလစည်တော်ကို တီးလျှင် ရန်ပယ်ချောင်းမှ ရေလုံးကြီးများကျလာပြီး စစ်သည်ရဲမက်များ ပျက်စီးကြရလေသည်။

ထို့နောက်မှာ မှူးမတ်တို့က အကြံပေးသဖြင့် ရဟန်းယောင်ဆောင်ထားသော လူနှစ်ယောက်ကို ဗိဿနိုးမြို့တွင်းသို့ ရောက်အောင်ဝင်စေသည်။





ထိုရဟန်းယောင်နှစ်ဦးက ပန်ထွာမင်းသမီး ယုံကြည်လောက်အောင်ပြောဆိုပြီး မဟာအတုလစည်တော်၏ သားရေပြားကို ဖောက်ဖျက်ကာ အခြားသားရေပြားဖြင့် လဲလှယ်တပ်ဆင်ကြသည်။

မဟာအတုလစည်တော်မှာ အလျား (၁၂)တောင်၊ လုံးပတ် (၁၈)တောင်ရှိပြီး တီးလိုက်ပါက သုံးယူဇနာအတွင်းမှ ကြားရလေသည်။

ယခုသားရေပြား လဲလှယ်လိုက်သောအခါ အသံမမြည်တော့ပဲ အသွားလေတော့သည်။

သို့ကြောင့် ဒွတ္တဘောင်မင်းကြီးသည် နောက်တစ်ကြိမ် ဗိဿနိုးမြို့ကို တိုက်ခိုက်သောအခါ အောင်မြင်မှုရရှိလေသည်။

ဒွတ္တဘောင်မင်းသည် သက္ကရာဇ် (၁၀၈)ခုနှစ်တွင် ဗိဿနိုးမြို့ကို အောင်မြင်တော်မူပြီးနောက် ပန်ထွာမင်းသမီးကို သရေခေတ္တရာသို့ ဆောင်ယူပြီး မိဖုရားခေါင်အရာမှာ ထားခဲ့လေသည်။

သို့သော်လည်း မချစ်မနှစ်သောကြောင့် မင်းကြီးကို ကလဲ့စားချေရန် နေ့စဉ်နှင့်အမျှ ကြံစည်အားထုတ်နေခဲ့သည်။

တစ်နေ့တော့ ကျွန်ယုံများ လျှောက်ထားသော အကြံအစည်ကို သဘောကျသဖြင့် ထိုအကြံအစည်ကို ပြုလုပ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကျွန်ယုံ လျှောက်ထားသော စကားမှာ. . .

"အရှင်မိဖုရား ဘုန်းကြီးသော ဘုရင်မင်းမြတ်ကို ယှဉ်ပြိုင်အံတုခြင်းမျှ အချည်းအနှီးသာ ဖြစ်ချေသည်၊

ဘုန်းကြီးသော သူကို အနိုင်ယူလိုပါက ဘုန်းကံနိမ့်ကျလျော့ပါးအောင် အလျှင်ပြုလုပ်ရမည်"

"ဘယ်ကဲ့သို့ ပြုလုပ်ရမည်နည်း"

"တလားပြင်စ သုသာန်ဝက ရွံ့ရှာစက်ဆုတ်ဖွယ်ဖြစ်သော အဝတ်ဆိုးတို့ကို စုပေါင်းပြီး မျက်နှာသုတ်ပုဝါ ရက်လုပ်ရပါမည်၊ ထိုမျက်နှာသုတ်ပဝါအား ဒွတ္တဘောင်မင်းအား ဆက်သပါက တန်ခိုးရှိသော နတ်မျက်ရှင်တော်သည် အလိုအလျောက် ကွယ်ပျောက်သွားပါချေမည်၊

ထိုမျက်ရှင်တော် ကွယ်ပသည်နှင့် ဒွတ္တဘောင်မင်းလည်း ဘုန်းကံတို့နိမ့်လျောကျကာ သရေခေတ္တရာလည်း ပျက်စီးခြင်းသို့ ရောက်ပါချေမည်"

ထိုကဲ့သို့ တင်လျှောက်ခြင်းကို သဘောကျသဖြင့် ကျွန်ယုံတို့အား သုသာန်တစမှ အဝတ်ဟောင်းများကို စုဆောင်းကောက်ယူလာစေသည်။

ထိုအဝတ်ဟောင်းတို့ကို ဝါဂွမ်းအဖြစ် ကြိတ်ဖတ်ပြီး ပိတ်အဖြူ မျက်နှာသုတ်ပဝါကို ပြုလုပ်ထားလေသည်။ ပန်ထွာမင်းသမီးသည် မာယာဉာဏ်၌ အလွန်လိမ္မာသော မင်းသမီးဖြစ်သဖြင့် သို့မတိုင်ခင်ကတည်းက 'သီလာ'တည်းဟူသော နံ့သာမှုန့်ကို မင်းကြီးအား နေ့စဉ်ဆက်သလေသည်။





သီလာဟူသော နံ့သာကား ဘူးကိုဖွင့်ပါက တာတစ်ထောင်က မွှေးရနံ့တို့ ကြိုင်လှိုင်ခြင်းရှိပေရာ ဒွတ္တဘောင်မင်းကြီးက နှစ်သက်တော်မူသဖြင့် နေ့စဉ်သုံးစွဲတော်မူလေသည်။

တစ်ခါသော် သီလာနံ့သာမှုန့်နှင့်အတူ စီရင်ထားသော မျက်နှာသုတ်ပုဝါကိုပါ ဆက်သလေရာ သဘောရိုးဖြင့် မြတ်နိုးသောကြောင့် ဆက်သသည်ထင်သဖြင့် ထိုမျက်နှာသုတ်ပဝါကို သုံးစွဲလေရာ ခဏချင်းမှာပင် မျက်လုံးနှစ်ခုကြားတွင် ရှိသော နတ်မျက်ရှင်တော်သည် ကွယ်ပျောက်ခြင်းသို့ ရောက်လေတော့သည်။

နတ်မျက်ရှင်တော် ကွယ်ပျောက်သောအခါ ဂဠုန်မင်း ဆက်သထားသော သံလျက်နှင့် လေးမြား၊ သိကြားမင်း ဆက်သထားသော အရိန္ဒမလှံပျံနှင့် သီလဝံသမား၊ နတ်စစ်သည်ဟု ဆိုအပ်သော ယာဉ်ငါးပါးတို့သည် ကွယ်ပျောက်ခြင်းသို့ ရောက်လေသည်။

ခြေတော်ရင်း၌ အလုပ်အကျွေးပြုနေသော နဂါးမင်းသမီးလည်း နဂါးပြည်သို့ ပြန်လေသည်။

ထိုကဲ့သို့ ဘုန်းတံခိုးတော် ယုတ်လျော့သွားသော သတင်းကိုကြားသောအခါ ပုသိမ်မြို့မှာ တစ်နှစ်လျှင် ရွှေစင်တစ်ထောင်ဆက်သနေခြင်းကိုလည်း မဆက်သတော့ပဲ နေလေသည်။

သရေခေတ္တရာမှ ခေါင်းလောင်းကြီးလည်း ရေသို့ကျလေသည်။ အခွန်တောင်းအမတ် ပဋ္ဌင်းဖြူ ပဋ္ဌင်းညိုတို့လည်း



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြေးတိမ်းရှောင်သွားကြလေသည်။

သရေခေတ္တရာမှ ခေါင်းလောင်းကြီးမှာ ကြီးသလောက် အသံမြည်လှသောကြောင့် နားမခံသာသောပြည်သားအချို့က ဧရာဝတီမြစ်အတွင်းသို့ ဆွဲချခဲ့ကြခြင်းဖြစ်ကြောင်းလည်း ရေးသားကြသည်။

ခေါင်းလောင်းမှာ ကြီးလှသောကြောင့်. . . ထိုခေါင်းလောင်းအတွင်းမှ မိကျောင်း (၉၉) ကောင်ဝင်အောင်းနိုင်သည်ဟုလည်းပြောသည်။

ခေါင်းလောင်းကျသောနေရာမှာ ဝဲကတော့ထိုးကာလည်ပတ်သောကြောင့် ထိုနေရာကို ခေါင်းလောင်းဝဲဟု ခေါ်ကြလေသည်။

ဒွတ္တဘောင်မင်း ဘုန်းကံနိမ့်ကျပြီး သရေခေတ္တရာမြို့ပျက်စီးခြင်းသို့ ရောက်သောအခါ ပန်ထွာမင်းသမီးလည်း ကျေးကျွန်၊ နောက်လိုက်ဗိုလ်ပါ အချို့ကိုပါခေါ်ပြီး မဟာမြိုင်တောဘက်သို့ ပြေးလေသည်။

ဒွတ္တဘောင် တပ်များက လိုက်လံတိုက်ခိုက်ကြသောအခါ ပလ္လင်တောင်ကို အကာအကွယ်ပြုပြီး ခုခံတော်လှန်ခဲ့ကြလေသည်။

ဒွတ္တဘောင်တပ်များ မလိုက်နိုင်သော တောနက်ကြီးထဲသို့ ခေါ်ဆောင်သွားပြီး ခေါင်နန်းဖြင့် စံမြန်းစေခဲ့သည်။

မဟာမြိုင်တောနက်ကြီးမှာ ၎င်းတို့အတွက်ဘေးကင်းလုံခြုံရာဒေသ ဖြစ်သောကြောင့် "အလုံတပ်မြို့" ဟုတင်စားခေါ်





ခဲ့ကြရာ မဟာမြိုင်တောထဲတွင် ထိုအမည်ကို ယခုထက်တိုင် အသုံးပြုနေကြသည်ကို တွေ့ရနိုင်သည်။

(မဟာမြိုင်အဝင်ဝ ဗိဿနိုးမယ်တော်နန်းတွင် အလုံတပ်မြို့ဟု ကမ္ပည်းရေးထားသည်ကို တွေ့နိုင်ပါသည်။)

ပန်ထွာမင်းသမီးခေါ်ဆောင်သွားသော နောက်လိုက်နောက်ပါများထဲမှာ ဒွတ္တဘောင်မင်းကို ယုံကြည်လေးစားသူအချို့ပါလေရာ တစ်နေ့သော် အဆိပ်ခပ်ထားသော သစ်ကြားသီးနှင့် ဝက်မြေစာဥကို ပွဲတော်တည်မိသဖြင့် အသက်(၅၉)နှစ်အရွယ်တွင် ကံတော်ကုန်ရှာလေသည်။

ပန်ထွာမင်းသမီးသည် အဆိပ်ခပ်ထားသော သစ်ကြားသီးနှင့် ဝက်မြေစာဥကို စားမိပြီးကံတော်ကုန်ကြောင်း မိခင်ဘီလူးမ ကြားလေလျှင် ချက်ချင်းရောက်လာပြီး အခြားသူများမသိစေခြင်းငှာ အလောင်းကို တိတ်တဆိတ်ဆောင်ယူပြီး ဗိဿနိုး မြို့နန်းတော်အတွင်းမှာ အဂ္ဂိစျာပနဖြင့် ဖုတ်သွင်းသင်္ဂြိုဟ်ခြင်းပြုလေသည်။

မယ်တော်ဘီလူးမလည်း နောက်တစ်ရက်တွင် စိတ်သောကဝေဒနာကြောင့် ရင်ကွဲနာကျကာ သေလေသည်။

မြို့သူမြို့သားတို့က ထိုသတင်းကြားသောအခါ ၎င်းတို့ဝိညာဉ်ကို ပင့်ခေါ်ပြီး မေးသောအခါ ဗိဿနိုးမြို့စောင့်နတ်ဖြစ်နေကြောင်းသိရသဖြင့် မယ်တော်ဘီလူးမအတွက် နတ်ကွန်းတစ်စင်၊ သမီးဖြစ်သူ ပန်ထွာမင်းသမီးအတွက် နတ်ကွန်းတစ်ဆောင်ဆောက်လုပ်ပြီး ပူဇော်ပသကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဘက်မှာရှိသော မယ်တော်နတ်ကွန်းစင်၌ ငါးခုနစ်ကောင်နှင့် စားမြိန်ထုပ်တို့ဖြင့် တင်ကြရပြီး ပန်ထွာမင်းသမီးနတ်ကွန်းမှာတော့ သက်သတ်မပါ၊ သစ်သီး ခုနစ်မျိုး၊ ပန်းခုနစ်မျိုးတို့ဖြင့် ပူဇော်ပသကြသည်။

ပန်ထွာပြည်ကြီး ပျက်စီးရခြင်းမှာ ရဟန်းတု ရဟန်းယောင်တို့ကြောင့်ဖြစ်သော်လည်း ပန်ထွာမင်းသမီးကတော့ ဘုန်းကြီးများကို စိတ်အနာကြီးနာကာ အာဃာတ မကြေနိုင်ပဲရှိသဖြင့် ဗိဿနိုးမြို့တွင်းမှာ ဘုန်းကြီးကျောင်းမှာ ဆောက်လုပ်ခွင့်မရပဲ ဘုန်းကြီးများ သီတင်းသုံးနေထိုင်၍မရအောင် အနှောင့်အယှက်ပေးသောကြောင့် မြို့ပြင်မှာသာ ကျောင်းဆောက်ပြီး နေထိုင်ခွင့်ရကြလေသည်။

မဟာမြိုင်တောတွင်းမှာ ပန်ထွာမင်းသမီး အလောင်းကို မယ်တော်ဘီလူးမက အခြားသူများမသိအောင် ဗိဿနိုးသို့ တိတ်တဆိတ်ယူဆောင်သွားရာ အားလုံးကတော့ အလောင်းပျောက်သွားခြင်းမှာ နတ်ဘဝသို့ ကူးပြောင်းရောက်သွားပြီဟု ထင်မြင်ယူဆကြသောကြောင့် နတ်ကွန်းနတ်နန်းများ ဆောက်လုပ်ပေးကြရာ ယခုထိ အစဉ်အဆက် ရှိနေခဲ့လေသည်။

ပန်ထွာမင်းသမီးသည် ရဟန်းတု ရဟန်းယောင်တို့ကို စိတ်ထဲမှာ နာကြည်းနေသူဖြစ်သောကြောင့် နတ်ဘဝရောက်သည့်တိုင် အကြိတ်အခဲက မကျေနိုင်သေးပေ။

သို့ကြောင့် သူမပိုင်သော ဗိဿနိုးမြို့နှင့် မဟာမြိုင်တောကြီးအတွင်းသို့ ဘုန်းကြီးများ ဝင်ခွင့်မပေးပဲ အနှောင့်အယှက်ပေးလေ့ရှိသည်။





မဟာမြိုင်တောထဲမှာ လာရောက်တရားကျင့်သောဘုန်းကြီးများမှာ ခုနစ်ရက်သာ နေထိုင်ခွင့်ရှိပါသည်။ ရှစ်ရက်မြောက်သောနေ့မှာ သက်န်းမချွတ်ပဲ ဆက်နေပါက တောစိုးနတ်တွေက အဆိပ်ပြင်းတဲ့ ပျားပိတုန်းအသွင်ဆောင်ပြီး တုပ်ကြလေသည်။

ထိုပျားပိတုန်းများမှာ အဆိပ်ပြင်းလှသောကြောင့် တုပ်ခံရလျှင် ဆေးမမီပဲ သေဆုံးကြရသည်။

ဒါ့အပြင် နတ်ကျား၊ နတ်ဆင်များနှင့် အခြားတောတိရစ္ဆာန်များ လာရောက်နှောင့်ယှက်သဖြင့်လည်း သေကျေပျက်စီးကြရသည်။

မဟာမြိုင်တောကြီးအတွင်းမှာ တရားအားထုတ်လိုလျှင် ဘုန်းကြီးဝတ်ဖြင့် မရပေ. . .။

ယောဂီ သို့မဟုတ် ရသေ့အသွင်ပြောင်းပြီး အားထုတ်လျှင်တော့ ခွင့်ပေးသည်။

မဟာမြိုင်တောထဲမှာ ရဟန်းဘဝဖြင့် ခုနစ်နှစ်ကြာအောင်တရားအားထုတ်နိုင်ခဲ့တဲ့ ဆရာတော်နှစ်ပါးတော့ ရှိခဲ့ဖူးသည်။

မင်းတုန်းမင်းကြီး၏မြေတော် မဟာမြိုင်ဘုန်းဘုရားကြီး အရှင်စန္ဒာသူရိယ၊ ပြည်မြို့ ဝေပုလ္လဆရာတော်ကြီး၏ ငယ်ဆရာ ရွှေဥမင်ဆရာတော်ကြီး နှစ်ပါးတို့ပင်ဖြစ်သည်။

ထိုဆရာတော်ကြီး နှစ်ပါးကတော့ ရဟန်းဘဝဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မဟာမြိုင်တောကြီးထဲမှာ (၇) နှစ်ကြာအောင် သီတင်းသုံးနေထိုင်ခဲ့ကြပြီး တရားအလုပ်လုပ်ခဲ့ကြသည်။

(ယခုနောက်ပိုင်းမှာတော့ မဟာဗောဓိမြိုင် ဆရာတော်ကြီး ကြွရောက်သီတင်းသုံးခဲ့သေးသည်။)

မဟာမြိုင်တောကြီးမှာ အထိကရ တောကြမ်းဖြစ်သည်။ ယခင်က တောထဲမှာ ဖြတ်သွားသည့်အခါ ကြောက်လန့်သဖြင့် ဘုရားစာ၊ တရားစာတွေ ရွတ်ပါက ပိုဆိုးတတ်သည်၊ ထိုတောသည် ဘုရားစာ၊ တရားစာ ရွတ်ဖတ်လျှင် မနှစ်သက်ပေ၊ ကားဖြင့် ဖြတ်သွားပါက ခေါင်းခန်းမှာ ဘုန်းကြီးတင်မသွားဝံ့ပေ။

ခရီးသွားများကို ကားပေါ်မှာ ဘုရားစာမရွတ်ကြရန် ကားသမားက သတိပေးရသောနေရာ ဖြစ်သည်။

ရဟန်းတု ရဟန်းယောင်များကြောင့် ပန်ထွာပြည်ကြီး ပျက်စီးရသော အကြောင်းရင်းကြောင့် ဘုန်းကြီးဆိုလျှင် အမုန်းကြီးမုန်းနေသော ပန်ထွာမင်းသမီးကြောင့် ရဟန်းသံဃာ အစစ်များပင် တရားအားထုတ်ရန် မလွယ်သောနေရာဆိုးတစ်ခု ဖြစ်ခဲ့ရချေသည်။

စင်စစ်တော့ လူတို့၏ကောက်ကျစ်ယုတ်မာသော အကြံအစည်များ၊ အာဃာများ၊ မစ္ဆရိယစိတ်တို့ကြောင့် ထိုကဲ့သို့သော ဆိုးကျိုးများ ဖြစ်ပေါ်ခဲ့ရသည် ဆိုပါက မှားမည်မဟုတ်ပါချေ။

မည်သို့ပင်ဆိုစေ. . ။

မဟာမြိုင်တောသည် အထိကရတောကြမ်း ဖြစ်ခဲ့ရ





သည်။ မဟာမြိုင်ကြောင့် လူအသေအပျောက်မြောက်မြားစွာ ရှိခဲ့ရသည်။

ရဟန်းစစ်၊ ရဟန်းမှန်တို့ ဝင်ရောက်တရားကျင့်ရန်ပင် မလွယ်သော နေရာတစ်ခုဖြစ်ခဲ့ရသည်။

ထိုကဲ့သို့ လူအသေအပျောက်များသောအခါ မဟာမြိုင်တောနှင့် ဆက်စပ်နေသောရွာများမှာ နာမည်ပျက်ခဲ့ကြရတော့သည်။

"သေချင်ရင် စိန်မစားနဲ့၊ မောက္ကတော်သွား" ဟူသော စကားမျိုး ပေါ်ပေါက်ခဲ့ရသည်အထိ နာမည်ဆိုးဖြင့် ကျော်ကြားခဲ့ရသည်။

တကယ်တော့ အဓိကတရားခံမှာ မဟာမြိုင်တောကြမ်းဖြစ်သည်ဆိုက မှားမည်မဟုတ်ပါချေ. . . ။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂)

# ဘုရားမျှော်ဆုံးရှုနှင့် ရတနာသိုက်

ရှေ့တွင် ရေးသားခဲ့သည့်အတိုင်း မဟာမြိုင်တောကြီးမှာ အထိကရ တောကြမ်းတစ်ခုဖြစ်ကြောင်း အနည်းငယ်ဖော်ပြပေးခဲ့ပြီးဖြစ်၏။

ပန်ထွာမင်းသမီးနှင့် ဆက်စပ်မှုရှိသော သမိုင်းကြောင်းများကရှိနေရာ ထိုအကြောင်းများကြောင့်လည်း မဟာမြိုင်တောကြီးကို စိတ်ဝင်စားမှု များခဲ့ကြခြင်းဖြစ်သည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ထိုထက်ပိုမို စိတ်ဝင်စားစရာ ကောင်းသောအကြောင်း အရာအချို့လည်း ရှိပေသေးသည်။

ရှေးအခါက အလောင်းမင်းတရားကြီး အာသံမဏိပူရသို့ စစ်ချီသွားသောအခါ မဟာမြိုင်တောကြီးအတွင်းမှ ဖြတ်သွားခဲ့စဉ်မှာ စစ်အောင်နိုင်ရန် အထိမ်းအမှတ်အဖြစ် စေတီသုံးဆူ တည်ထားခဲ့သည်။

ထိုစေတီသုံးဆူမှာ အရွယ်အစားချင်းတူညီပြီး တစ်ဆူလုံး အနီရောင်ဆေးများသုတ်ထားသည်ဟု အဆိုရှိသည်။

ခေတ်ကာလကြာတော့. . . ထိုစေတီသုံးဆူမှာ ဘုရားပျောက်များ ဖြစ်သွားကြလေသည်။

ဘုရားပျောက်ဆိုသည်မှာ တောထဲတွင် စေတီသုံးဆူ ရှိနေမှန်းသိသော်လည်း တွေ့ချင်၍ရှာဖွေသော်လည်း မတွေ့နိုင်တော့သော ဘုရားမျိုးဖြစ်သည်။

ရှေးလူကြီးများကတော့ ပြောသည်။

"မင်းတို့ဆင်းရဲတွင်းက လွတ်မြောက်ချင်ရင် မဟာမြိုင်တောထဲမှာရှိနေတဲ့ ဘုရားပျောက်သုံးဆူကို တွေ့အောင်ရှာကြ အဲဒီစေတီသုံးဆူကို ရှာတွေ့ရင် မင်းတို့ချမ်းသာပြီ"

ထိုသို့ပြောသော်လည်း ဘာကြောင့်ထိုသို့ပြောသည်ကိုတော့ နားမလည်ကြပေ. . ။

အမှန်တော့ သူပြောသောရည်ရွယ်ချက်မှာ တောထဲ၌ ပျောက်ဆုံးနေသော ဘုရားပျောက် စေတီသုံးဆူအလယ်နေရာတွင် ပန်ထွာမင်းသမီး သရေခေတ္တရာမှ ထွက်ပြေးလာခဲ့စဉ်က





ယူဆောင်လာသော ရွှေငွေရတနာများ မြှုပ်နှံထားသည်ကို ရည်ရွယ်ပြောခြင်းသာဖြစ်သည်။

အကယ်၍ "စေတီသုံးဆူရဲ့ အလယ်နေရာမှာ ပန်ထွာမင်းသမီးရဲ့ ရွှေငွေရတနာတွေ မြှုပ်ထားတာရှိတယ်" ဟုပြောလျှင် ပြောသည့်သူပါ အန္တရာယ်နှင့် တွေ့ရမည်ကို သိသဖြင့် ဥပါယ်တံမျဉ်ဖြင့် ပြောပြခြင်းဖြစ်ပေသည်။

မဟာမြိုင်တောထဲမှာ ရွာတည်နေကြသူများ ရှိသည်။ ချင်းတွင်းမြစ်ကမ်းအနီးမှာရှိသော မောက္ကတော်ရွာက တောစပ်၌ တည်ရှိသည်။

ဟိုး. . . တောနက်ကြီးထဲမှာ ကိုယ့်အစုနှင့်ကိုယ် ရွာဖွဲ့ပြီး နေကြသူများလည်း ရှိကြသည်။

ရှေးက နေထိုင်သူမများသော်လည်း နောက်ပိုင်းမှာတော့ တဖြည်းဖြည်းနှင့် ရွာငယ်ကလေးများ များလာသည်။

ဝေပုံရွာ၊ ချင်းချောင်းရွာ၊ ကျောင်းကြီးရွာ၊ သက္ကယ်ကျင်းရွာ၊ အောင်ချမ်းသာရွာ၊ ကျွန်းညီနောင်ရွာ၊ ဘုရားပျောက်ရွာ စသည်တို့မှာ ယခုနောက်ပိုင်းပေါ်ပေါက်လာသော ရွာငယ်အချို့ဖြစ်ကြသည်။

တောတွင်းမှာရှိသော ရွာများဖြစ်သောကြောင့် လယ်ယာလုပ်ကိုင်စားသောက်၍ မရပဲ သစ်တောထွက်ပစ္စည်းများကိုသာ ရှာဖွေစားသောက်ကြရသည်။

တောထဲမှာတော့ တစ်ဝမ်းတစ်ခါး စားသောက်ရန်အတွက်တော့ မခက်လှပေ. . ။



www.burmeseclassic.com

www.burmeseclassic.com



၎င်းတို့၏ အဓိကအလုပ်မှာ အမဲလိုက်ခြင်းဖြစ်ပြီး၊ အခြားအလုပ်များလည်း ရှိသေးသည်။

ပျားဖွပ်ခြင်း၊ သစ်စေးခွာခြင်း၊ မျှစ်ချိုး၊ ဝဥတူးခြင်း၊ ဆေးဖက်ဝင်အပင်များဖြစ်သော နွယ်ချို၊ ကရဝေးစသော ဆေးပင်များရှာဖွေခြင်း၊ သစ်ခွပန်းများ ရှာဖွေစုဆောင်းပြီး ရောင်းချစားသောက်ရသည်။

ရှေးကအခါကတော့ ထိုကဲ့သို့ ရှာဖွေထားသော ပစ္စည်းများကိုပင် ရောင်းချဖို့ရာ အတော်လေးခက်ခဲသည်။

နောက်ပိုင်း တောထဲသို့ ကားများသွားလာ၍ ရသောအခါ အဆင်ပြေသွားကြသည်။

၎င်းတို့ရွာများရှိရာသို့ စီးပွားရေးလာဘ်မြင်သူတို့က ဈေးကားကြီးများဖြင့် ရောက်လာကာ ရောင်းချကြသည်။ ဆန်၊ ဆီ၊ ဆား၊ ငရုတ်သီး၊ ကြက်သွန်၊ ဆေးဝါးများ၊ ဆေးရွက်၊ ဆေးလိပ်များ၊ ရေနံဆီ၊ ဓာတ်ဆီ၊ မီးခြစ်စသော အသုံးအဆောင်ပစ္စည်းများကို ဈေးကားဖြင့် တင်ဆောင်လာသည်။

တောထဲ၌ရှိသော ရွာများသို့ရောက်လာသောအခါ ၎င်းတို့မှာပါသော ကုန်ပစ္စည်းများနှင့် တောထဲမှ ရှာဖွေရထားသော ပစ္စည်းတို့ကို ဈေးချင်းသင့်ကာ အလဲအလှယ်ပြုလုပ်ကြသည်။ ငွေဖြင့်ရောင်းချခြင်း၊ ငွေဖြင့်ဝယ်ယူခြင်းမျိုး မဟုတ်ကြပေ။

ငွေကို အသုံးမပြုတော့ပဲ ရှေးကအတိုင်း ကုန်ပစ္စည်းချင်း အလဲအထပ် ပြုလုပ်ကြခြင်းဖြစ်၏။





ကုန်ပစ္စည်းများတင်ဆောင်လာသော ဈေးကားက တောထဲသို့ ဆယ်ရက်တစ်ကြိမ်၊ ရာသီဥတုကောင်းပါက တစ်လလျှင် သုံးခေါက်ခန့် ရောက်လာသည်။

မဟာမြိုင်တောထဲမှာ နေထိုင်ကြသူတို့၏ ဘဝများသည် ကြမ်းသည်။ အန္တရာယ်များကြား၌ အသက်စွန့်ပြီးနေထိုင်ကြရခြင်းဖြစ်၏။

သို့သော်လည်း သူတို့စိတ်မညစ်ကြပေ. . .။

ရောက်ရာဘဝတွင် အဆင်ပြေသလို နေထိုင်ကြခြင်းဖြစ်ပေသည်။

ထိုရွာများမှာတောတက်သော မုဆိုးများကတော့ တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်ဆိုသလို တောထဲဝင်ပြီး အမဲလိုက်ရင်းနှင့် ဘုရားနီ(ဘုရားပျောက်)သုံးဆူကိုပါ ရှာဖွေကြည့်ကြသည်။

အကြောင်းမှာ ထိုဘုရားပျောက်သုံးဆူကို ရှာဖွေတွေ့ပါက ချမ်းသာမည်ဆိုသောကြောင့်ဖြစ်သည်။

တစ်ခါမှာတော့ ရွာတစ်ရွာမှ မုဆိုးတစ်ယောက်သည် ထူးခြားမှုတစ်ခုနှင့် ကြုံတွေ့ရသည်။

သူသည် အမဲလိုက်ရင်းနှင့် အချိန်လင့်သွားသောကြောင့် တောထဲမှာအိပ်ရလေသည်။

သစ်ပင်ကြီး တစ်ပင်ပေါ်မှာ တက်အိပ်နေရင်းနှင့် ညနေအချိန်ရောက်တော့ မနီးမဝေးနေရာမှ အလင်းရောင်များကိုတွေ့ရသည်။

ပထမတော့ တောခြောက်သည်ဟု ထင်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင်များက တော်တော်နှင့် မပျောက်ဘဲ ထူးထူးခြားခြား လင်းနေသည်ကို တွေ့မြင်ရတော့မှ အံ့ဩမိလေသည်။

အချိန်အတော်ကြာတော့မှ ထိုအလင်းရောင်များပြန်ပျောက်သွားလေသည်။

ထိုမုဆိုးသည် နောက်တစ်နေ့ နံနက်လင်းသောအခါ မှသစ်ပင်ပေါ်မှ ဆင်းပြီးထိုနေရာသို့ သွားကြည့်သောအခါ ထူးခြားအံ့ဩဖွယ်ကောင်းသော မြင်ကွင်းကို တွေ့မြင်ရလေသည်။

အခြားမဟုတ်ပါချေ. . ။

သစ်ပင်ချုံနွယ်များကြားတွင် ပြိုကျနေသော အနီရောင်စေတီပျက်ကြီးတစ်ဆူကို တွေ့မြင်ရခြင်းဖြစ်သည်။

မုဆိုးအနေဖြင့် ထိုတောနက်ထဲမှာ ကျင်လည်ခဲ့သည်မှာ နှစ်ပေါင်းအတော်ကြာခဲ့ပေပြီ။

တစ်ခါမှာ ထိုဘုရားမျိုး မတွေ့ခဲ့ရဖူးသေးပေ။ ယခုမှမမျှော်လင့်ပဲ တွေ့ရသဖြင့် အံ့ဩဝမ်းသာနေခြင်းဖြစ်သည်။

"ညတုန်းက ငါမြင်လိုက်တဲ့ အလင်းရောင်တွေဟာ ဒီဘုရားပျက်ကြီးဆီကပဲ ဖြစ်ရမယ် ဒီဘုရားပျက်ကြီးက လူကြီးတွေ ပြောနေကြတဲ့ ဘုရားနီ သုံးဆူများဖြစ်လေမလား၊ ငါကိုဆင်းရဲတွင်းကလွတ်တော့မှာမို့ တောစောင့်နတ်တောင်စောင့်နတ်တွေက ခေါ်ပြတာပဲဖြစ်ရမယ်၊ ဒီနေရာကို သေသေချာချာမှတ်ထားပြီး ရွာလူကြီးတွေကို ခေါ်ပြရမယ်"

ဟု စိတ်ကူးပြီး ထိုနေရာတစ်ဝိုက်မှာ ရှိသော သစ်ပင်ကြီးများတွင် အမှတ်အသားများပြုလုပ်ထားခဲ့ပြီး ရွာသို့ပြန်သွား





လေတော့သည်။

ရွာသို့ရောက်ပြီး ထိုအကြောင်းကို ပြောပြသောအခါ အချို့ မယုံကြည်ကြပေ။

"မင်းဟာ ဟုတ်မှဟုတ်ရဲ့လားကွာ ငါတို့လည်းတောထဲမှာ သွားလာနေတာ အတော်ကြာပါပြီ၊ မင်းပြောတဲ့နေရာမှာ ဘုရားငုတ်တို ရှိတာတော့ မတွေ့မိပါဘူး"

"မဟုတ်ကာမှလွဲရော မင်းတောခြောက်ခံခဲ့ရပြီနဲ့ တူတယ်"

"ကျုပ်ပြောတာ မယုံရင် လက်တွေ့ပြပါ့မယ်. . ကျုပ်နောက်က လိုက်ခဲ့ကြပါ"

ဟုပြောဆိုပြီး ရွာမှ လူအချို့ကို တောထဲခေါ်သွားလေတော့သည်။

ရွာလူကြီးနှင့် ရွာသားအချို့လည်း စိတ်ဝင်စားကြသောကြောင့် မုဆိုးခေါ်ရာနောက်သို့ လိုက်သွားကြလေသည်။

ထိုနေရာရောက်သောအခါ စေတီပျက်မဆိုထားနှင့် တောင်ပို့ပင် မတွေ့ရတော့ပေ. . ။

မုဆိုးခမျာ မျက်လုံးပြူးသွားလေသည်။

နောက်မှ အားတက်သရောလိုက်လာ ကြသူတို့မှာလည်း ဇဝေဇဝါဖြစ်သွားကြသည်။

နေရာများ မှားနေသလား ထင်သဖြင့် ကြည့်ပြန်တော့လည်း နေရာကမမှားပေ။

သစ်ပင်များပေါ်မှာ ဓားဖြင့် မှတ်သားထားခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



အမှတ်အသား(မှန်ကွက်)များက ရှိနေသည်။ လတ်လတ်ဆတ်ဆတ် ခုတ်ချထားခဲ့သော သစ်ပင်သစ်ကိုင်းတို့လည်း နေရာမပျက်ရှိနေကြသည်။

ထိုအခြေအနေကို မြင်တော့ ရွာလူကြီးက မေးသည်။

"မင်းတွေ့ခဲ့တဲ့ ဘုရားက ဘယ်နေရာမှာလဲ"

"ကျုပ်ဒီနေရာမှာ တွေ့ခဲ့တာ"

ထိုစကားကြောင့် ရယ်သူက ရယ်ကြသည်။

"မင်းတော့ တောခြောက်ခံရတာ သေချာပြီ၊ မင်းပြတဲ့နေရာမှာ စေတီပျက် မပြောနဲ့ . . အုတ်ခဲကျိုး တစ်လုံးတောင် မတွေ့ရဘူး၊ နေရာများမှားနေရော့သလား"

"မမှားပါဘူး ဒီမှာ ကျုပ်မှတ်ထားခဲ့တဲ့ အမှတ်အသားတွေရှိနေတာပဲ"

သူပြောတဲ့အတိုင်းလည်း အမှတ်အသားများက ရှိနေကြသည်။ သို့သော်လည်း ထိုနေရာတွင် ဘာမှမတွေ့ရသဖြင့် ရွာသို့ ပြန်ခဲ့ကြလေသည်။

ထိုမှဆိုးလည်း စိတ်ထဲမှာ မတင်မကျဖြစ်နေသောကြောင့် တစ်ညလုံး အိပ်မပျော်နိုင်ပဲ ရှိနေလေသည်။

သူသည် နှစ်ပေါင်းများစွာ မဟာမြိုင်တောကြီးအတွင်းမှာ အမဲလိုက်လာခဲ့တာ ကြာခဲ့ပေပြီ။

တစ်ကြိမ်တစ်ခါမှ ဘုရားပျို ဘုရားပျက်ကို မတွေ့ခဲ့ဖူးသေး၊ ယခုတစ်ခါမှာတော့ ကံကောင်းထောက်မခဲ့သဖြင့် စေတီပျက်တစ်ဆူကို တွေ့ခဲ့ရပြီးမှ ပျောက်ချင်းမလှ ပြန်ပျောက်သွား





ခဲ့သောကြောင့် စိတ်ထဲမှာ တနုံ့နုံ့ဖြစ်နေလေသည်။

"ငါတစ်သက်လုံး တောထဲမှာ သွားလာနေတာ ဒီတစ်ခါပဲ ဘုရားတွေ့ရသေးတယ်၊ အခုတွေ့တဲ့ ဘုရားက ပြန်ပျောက်သွားတာကတော့ အတော်ထူးဆန်းတယ်"

နောက်တစ်နေ့မှာတော့ ခါတိုင်းလိုပင် အမဲလိုက်ရန်အတွက် တောထဲဝင်ပြန်လေသည်။

တောတွင်းသို့ ရောက်သောအခါ အခြားနေရာ မသွားသေးပဲ ဘုရားတွေ့သော နေရာသို့ အရင်သွားကြည့်လေသည်။ ထိုနေရာရောက်တော့ တအံ့တသြဖြစ်ကာ မျက်လုံးပြူးသွားလေသည်။

အဘယ်ကြောင့်ဆိုသော် . . .

ထိုနေရာတွင် စေတီပျက်ကြီး တစ်ဆူကို ပြန်တွေ့ရသောကြောင့်ဖြစ်လေသည်။

"ဟင် . . မနေ့က လာကြည့်တော့မရှိဘူး၊ အခုဘုရားက ဒီနေရာ ပြန်ရောက်နေပြန်ပြီ ထူးဆန်းလိုက်တာ . ."

ဟု တွေးတောရင်း စေတီပျက်ကြီးအနီးသို့ တိုးကပ်ပြီး လက်ဖြင့် ထိကိုင်ကြည့်သည်။

ရှေးခေတ်သုံး အနီရောင်အုတ်ချပ်ကြီးများကို လက်ဖြင့် ထိသောအခါမှာလည်း တောခြောက်နေတာ မဟုတ်ပဲ အမှန်တကယ်ပင်ရှိနေကြောင်း ကိုတွေ့ရပြန်သည်။

"ထူးဆန်းလိုက်တာ ဘာပဲဖြစ်ဖြစ် ဒီတစ်ခါတော့ ပြန်ပျောက်မသွားအောင် လုပ်ထားခဲ့ပြီးမှ ရွာကလူတွေကိုခေါ်ပြ



www.burmeseclassic.com

www.burmeseclassic.com



ရမယ်"

ဟု တွေးတောပြီးနောက် နွယ်ကြိုးများကို အလျင်ရှာယူလာသည်။

ထို့နောက် ကန်တော့ပြီး ဘုရားတစ်ဆူလုံးကို နွယ်ကြိုးများဖြင့် ရစ်ပတ်ကာ ကာရံထားလိုက်သည်။ ဘုရားတစ်ဆူလုံးကို ရစ်ပတ်ထားသော နွယ်ကြိုးစများကိုလည်း သစ်ပင်ကြီးတစ်ပင်မှာ ခိုင်ခံ့အောင် ချည်ထားလိုက်သည်။

သူပြုလုပ်နေပုံမှာ သတ္တဝါတစ်ကောင်ကို ထွက်မပြေးနိုင်စေရန် နွယ်ကြိုးဖြင့် တုတ်နှောင်ထားခြင်းကဲ့သို့ ဖြစ်နေလေသည်။

ထိုကဲ့သို့ပြုလုပ်ပြီးမှ ဘုရားကိုကန်တော့ပြီးနောက် ရွာသို့ပြန်သွားကာ ရွာလူကြီးကိုပြောပြန်လေသည်။

"မင်းဟာ ဟုတ်ရောဟုတ်ရဲ့လားကွာ"

"ဟုတ်ပါတယ် ဒီတစ်ခါတော့ သေချာပါပြီ၊ ဘယ်မှ ပျောက်မသွားအောင် နွယ်ကြိုးတွေနဲ့ပါ တုပ်ထားခဲ့တယ်"

ထိုစကားကြောင့် ကြားရသူများပင်မျက်လုံးပြူးသွားကြသည်။ အချို့ကလည်း သူပြောနေသော စကားကိုသိပ်မယုံကြပေ။

"ဒီတစ်ခါတော့ လိုက်ကြည့်ကြပါ တကယ်လို့မဟုတ်ရင် ကျုပ်ကို ကြိုက်သလိုသာလုပ်ကြပါ"

ဟု အာမခံကာ ခေါ်သွားပြန် လေသည်။

ရွာလူကြီးနှင့် ရွာသားအချို့လည်း လိုက်သွားကြပြန်





လေသည်။ တောထဲသို့ရောက်ပြီး သူအမှတ်အသားပြုခဲ့သည့် နေရာသို့ရောက်သောအခါ စေတီပျက်ကြီးကိုမတွေ့ရတော့ပြန်ပေ။

"ဟင်"

သို့သော်လည်း ဘုရားသာ ပျောက်သွားခဲ့သည်။ ဘုရားကိုပတ်ထားခဲ့သော နွယ်ကြိုးများကတော့ ခြေရာလက်ရာမပျက် အပုံလိုက် ကျန်နေခဲ့သည်ကို တွေ့ကြရသည်။

ထိုအခြေအနေကိုမြင်တော့ ရွာလူကြီးက သဘောပေါက်သွားလေသည်။ မုဆိုးကိုလည်း အပြစ်မတင်တော့ပေ။

"ဒီတောထဲမှာ ရှေးဟောင်းဘုရားသုံးဆူရှိတယ်ဆိုတာတော့ ငါတို့ကြားပါတယ် ဒါပေမယ့် တစ်ခါမှတော့ မြင်ဖူးတွေ့ဖူးတယ်မရှိကြသေးဘူး၊ အခုမင်းက ဘုရားကို နှစ်ခါတောင် တွေ့ရတယ်ဆိုတော့ ကံထူးတာပေါ့၊ တောစောင့်နတ်တွေက မင်းတစ်ယောက်ကိုပဲ မြင်စေချင်ပြီး အခြားသူတွေကို မမြင်စေချင်၊ မတွေ့စေချင်လို့ ကွယ်ဝှက်ထားကြတာပဲ ဖြစ်မှာပါ"

ရွာလူကြီးစကားကြားတော့ အံ့ဩသွားကြလေသည်။

"ဘာကြောင့် ဖျောက်ထားတာလည်းသူကြီး"

"ရှေးကလူတွေပြောတာကို ကြားရတာကတော့ ပန်ထွာမိဘုရားဟာ ဒွတ္တဘောင်မင်းကို ဘုန်းတန်ခိုးနိမ့်ပါးအောင် ပြုလုပ်ခဲ့ပြီးတဲ့နောက်မှာ နောက်လိုက်နောက်ပါတွေနဲ့ ဒီမဟာမြိုင်တောကြီးထဲကို တိမ်းရှောင်လာခဲ့တယ်၊ သူနဲ့အတူပါလာတဲ့ နန်းစဉ်ရတနာတွေ၊ ရွှေငွေတွေကို စေတီသုံးဆူရဲ့အလယ်မှာနေ



www.burmeseclassic.com

www.burmeseclassic.com



ရာမှာ မြှုပ်နှံထားခဲ့တယ်လို့ အဆိုရှိတယ်”

“စေတီသုံးဆူက ဘယ်သူတည်ထားခဲ့တာလဲ”

“အလောင်းမင်းတရားကြီး အာသံမဏိပူရကို စစ်ချီသွားတုန်းက တည်ထားခဲ့တဲ့ ဘုရားတွေပဲ၊ ရှေးဟောင်းဘုရားတွေဖြစ်လေတော့ မြင်သင့်သူသာ မြင်ရပြီး၊ မမြင်ရတာမျိုးပဲဖြစ်မှာပါ”

ဟု ပြောပြတော့မှ အားလုံးကျေနပ်ကာရွာသို့ ပြန်သွားကြလေတော့သည်။

မုဆိုးလည်းထိုနေရာမျာ ကျန်ခဲ့ရင်း တွေးနေမိလေသည်။

“သူကြီးပြောသွားပုံဆိုရင်၊ ငါတစ်ယောက်တည်း ဘုရားကိုဖူးတွေ့ရတာ ကုသိုလ်ထူးတာပဲ ငါ့ကိုမကောင်းတဲ့အလုပ်တွေလုပ်တာမသင့်တော့လို့ သတိပေးတာလည်းဖြစ်မယ် ဒီကနေ့ကစပြီး မကောင်းတဲ့အလုပ်တွေ မလုပ်တော့ပဲ ကောင်းတဲ့အလုပ်တွေနဲ့ပဲ အသက်မွေးတော့မယ်”

ဟု ဆုံးဖြတ်ချက်ချကာ မုဆိုး အလုပ်ကို စွန့်လွှတ်လိုက်လေတော့သည်။







# အခန်း (၃)

# ဘုရားနီရွာမှ ဘူတာဝါဟနပညာသည်

မဟာမြိုင်တောကြမ်းအကြောင်းကို သင့်သလောက်ရေးသွားပြီးသောအခါ ထိုတောနှင့် ဆက်စပ်လျက်ရှိသော. . . ‘ဘုရားနီရွာ’အကြောင်းကိုလည်း ရေးသားရပေဦးမည်။

ဘုရားနီရွာမှာ မဟာမြိုင်တောအတွင်းမှာပင်ရှိပြီး ရှေးအခါက ‘ဘုရားပျောက်ရွာ’ဟု ခေါ်ကြသည်။ ထိုကဲ့သို့ ခေါ်ရခြင်းမှားလည်း အကြောင်းရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခင်ကထိုရွာမှာ မုဆိုးအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ၊ အကုသိုလ်အလုပ်ဖြင့် အသက်မွေးကြသူများနှင့် စုန်း၊ ကဝေအတတ် တတ်သူများသာ နေထိုင်ကြလေသည်။

ရွာလူကြီးများက ထိုရွာနှင့် အနီးတစ်ဝိုက်မှာ စေတီတစ်ဆူတည်ပြီး ကိုးကွယ်ရန် တိုင်ပင်ကြသည်။

"ငါတို့ရွာက တောထဲမှာနေတာဆိုတော့ အန္တရာယ်များတယ် ဒါကြောင့်ရွာနှင့်မနီးမဝေးမှာ စေတီတစ်ဆူတည်ပြီး ကိုးကွယ်ရရင်ကောင်းမယ်"

"ဖြစ်ပါ့မလား ကျုပ်တို့တစ်ရွာလုံးက အကုသိုလ်အလုပ်နဲ့အသက်မွေးကြတာဆိုတော့ ဘုရားအလုပ်တွေလည်း ဘာမှမသိကြဘူး"

"မင်းတို့သိစရာမလိုပါဘူးကွာ ရွာနဲ့အနီးနားမှာ ဘုရားတည်ထားတော့ အန္တရာယ်ကင်းတာပေါ့"

ထိုသို့စီစဉ်ကြသည်ကို အချို့စုန်းကဝေ ပညာတတ်သူများက မနှစ်သက်ကြပေ။ သို့သော် ရွာလူကြီးက စီစဉ်ဆောင်ရွက်သော ကိစ္စဖြစ်သောကြောင့် ဝင်ရောက်ပြောဆိုခြင်းတော့ မပြုဝံ့ကြပေ။

သို့ဖြင့် ရွာလူကြီး၏ အစီအမံဖြင့် ရွာနှင့်မနီးမဝေး တောထဲမှာ စေတီတစ်ဆူတည်ကြသည်။

စေတီကိုလည်း သစ်စေးအနီရောင်များ သုတ်ထားသဖြင့် တစ်ဆူလုံး အနီရောင်ဖြစ်နေတော့သည်။

ထိုစေတီကိုအစွဲပြုပြီး ရွာကို ဘုရားနီရွာဟုခေါ်ကြ





သည်။

ထိုကဲ့သို့ စေတီတည်ထားပြီး မကြာမီအချိန်မှာပင် တောစပ်၌ တည်ထားသောဘုရားမှာ ပျောက်ချင်းမလှ ပျောက်သွားခဲ့လေသည်။

ပထမတော့ ဘုရားပျောက်သွားသည်ကို မည်သူမှသတိမထားကြပဲ အမှတ်တမဲ့သာရှိနေကြသည်။

ထိုနေရာတွင် ဘုရားတစ်ဆူလုံး ထူးထူးဆန်းဆန်း ပျောက်သွားသည်ကို ဦးစွာသိကြသူများမှာ ကလေးများဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် . . .

ကလေးများက ထိုဘုရားရှိသော နေရာတစ်ဝိုက်တွင်တော့ ကစားနေကြသောကြောင့်ဖြစ်သည်။

ကလေးများက ဘုရားမတွေ့တော့သောအခါ အိမ်မှလူကြီးများကို ပြောပြသည်။

ထိုလူများကရွာလူကြီးကို ပြောပြကြသည်။ ပထမတော့ ရွာလူကြီးက မယုံကြည်ပေ။

"ဘုရားတစ်ဆူလုံး ပျောက်သွားရအောင် ဘယ်ရောက်သွားလို့လဲ"

"ကျုပ်တို့လည်းမသိဘူး၊ အိမ်က ကလေးတွေက အဲဒီနေရာမှာ သွားပြီးဆော့ကစားနေကြတာပဲ သူတို့ပြောပြလို့ သိရတာ"

ထိုသို့ပြောကြသဖြင့် ရွာလူကြီးက ရွာသားအချို့ကိုခေါ်ကာ ဘုရားတည်ထားသည့်နေရာသို့ သွားကြည့်ကြလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထိုနေရာရောက်သောအခါ အမှန်ပင် သူတို့တည်ထားသောစေတီကို မတွေ့ရတော့ပေ။

နေရာများမှားသလားထင်ပြီး ထိုအနီးတစ်ဝိုက်သို့ လိုက်လံရှာဖွေကြည့်တော့လည်း အစအနမျှပင် မတွေ့ရပေ။ နေရာများစရာလည်းမရှိပေ။

အခြားနေရာများမှာ သစ်ပင်ချုံနွယ်များရှိနေပြီး ဘုရားတည်ထားသောနေရာမှာတော့ ကွက်လပ်ကြီးဖြစ်နေလေသည်။

ရွာသူရွာသားများမှာ ထူးထူးခြားခြား ဘုရားတစ်ဆူလုံး ပျောက်သွားသည်ကို မြင်တွေ့ရသောအခါ များစွာအံ့သြနေကြလေသည်။

"ငါတို့ဘုရားကြီး ဘယ်ပျောက်သွားပြီလဲ"

"ကျုပ်တို့လည်း မသိဘူး၊ ဘုရားကတန်ခိုးရှိတော့ တစ်နေရာကြွသွားလေသလား"

"ဒီလိုတော့ မဖြစ်နိုင်ဘူး၊ အုတ်တွေနဲ့ တည်ထားတဲ့ဘုရားကတော့ တစ်နေရာကြွသွားနိုင်တာ မဖြစ်နိုင်ဘူး၊ တစ်ခုပဲရှိတယ် ငါတို့ရွာမှာ ဘုရားတည်တာကို မကြိုက်တဲ့လူတွေရှိကြတယ်၊ သူတို့ကများ ငါတို့မသိအောင် တစ်နေရာကို ရွှေ့ထားလိုက်လေသလား"

ထိုစကားသည် ဖြစ်နိုင်စရာရှိသော်လည်း မဖြစ်နိုင်ပေ။

"မင်းပြောတာဖြစ်နိုင်ပေမယ့်. . မဟုတ်နိုင်ဘူး၊ ဘာကြောင့်လည်းဆိုတော့ ဒီဘုရားကြီး နေရာရွှေ့သွားမှတော့ ဒီနေ





ရာမှာ အစအနတွေ ကျန်ခဲ့မှာပေါ့၊ နောက်ပြီး ကျင်းကြီးဖြစ်နေမှာပေါ့"

"အင်း. . . ဒါလည်း ဖြစ်နိုင်တာပဲ၊ ဒါဖြင့် ကျုပ်တို့တည်ထားတဲ့ဘုရားက ဘယ်နေရာ ရောက်သွားပြီလဲ"

ထိုစကားကိုတော့ ဘယ်သူမှ အဖြေမပေးနိုင်တော့ပေ၊ အဘယ်ကြောင့်ဆိုသော်. . .

ဘယ်သူမှ မသိသောကြောင့်ဖြစ်သည်။

ဘုရားတစ်ဆူ လုံးကွယ်ပျောက်သွားသော သတင်းမှာ တစ်ဆင့်စကားဖြင့် အခြားရွာများကပါ ကြားသိကြရလေသည်။ အသိဉာဏ်ရှိသူ အချို့ကတော့ ဖြစ်နိုင်သော အခြေအနေကို ပြောပြကြသည်။

"ဘုရားတစ်ဆူလုံး အလိုလို ပျောက်သွားတယ်ဆိုတာ သာမန်ကိစ္စမျိုးမဟုတ်ဘူး၊ အဲဒီရွာက လူတွေအကုသိုလ်များလွန်းလို့ ဘုရားကွယ်သွားတာပဲ ဖြစ်ရမယ်"

"ဒီလိုမျိုးရော ဖြစ်နိုင်ပါ့မလား"

"ဖြစ်နိုင်တာပေါ့ တချို့တစ်သက်လုံး အကုသိုလ်အလုပ်နဲ့လုပ်လာကြတဲ့လူတွေဟာ ဘုရားဖူးဖို့သွားတာ ဘုရားကို လုံးဝမမြင်ရလို့ ပြန်လာရတာမျိုးတွေရှိကြတယ်၊ တစ်သက်လုံး ဝက်သတ်ရောင်းခဲ့တဲ့ လူတစ်ယောက်ဆိုရင် ဘုရားဖူးဖို့သွားတာဘုရားမမြင်ရပဲ သူ့မျက်စိထဲမှာ ငရဲအိုးကြီး ပွက်ပွက်ဆူနေတာကိုပဲ မြင်နေရလို့ ရွာကိုပြန်ခဲ့ရတယ်၊ သေခါနီးတော့ ဝက်အော်ပြီး ကယောင်ကတမ်းနဲ့ လျှောက်ပြေးနေရင်းနဲ့ ဝက်ကိုရေ



www.burmeseclassic.com

www.burmeseclassic.com



နွေးဖြော့ဖို့ တည်ထားတဲ့ ရေနွေးအိုးကြီးထဲ ဖောက်ထိုးကြပြီး သေသွားခဲ့ရတာတွေရှိတယ်"

"ကြားရတာနဲ့တင် ကြောက်စရာကောင်းလိုက်တာ"

"အကုသိုလ်ကြီးတဲ့သူတွေဟာ ဘုရားမမြင်ရပဲ ကွယ်တယ်ဆိုတာ မယုံမရှိကြနဲ့ အခုဟိုဘက်ရွာကလူတွေက တစ်ရွာလုံးအကုသိုလ်အလုပ်နဲ့ အသက်မွေးနေကြတာမဟုတ်လား၊ ဒါကြောင့်ဖြစ်မှာပေါ့"

"ဒါတင် မကသေးဘူး၊ သူတို့ရွာမှာ စုန်းကဝေပညာတတ်တဲ့သူတွေလည်း ရှိကြသေးတယ်"

"ဘာပဲဖြစ်ဖြစ်ပေါ့လေ ကိုယ်ပြုခဲ့တဲ့ အကုသိုလ်ကံတွေဖိစီးလာတဲ့အခါ အခုလို ကြောက်စရာကောင်းတဲ့ အတိတ်နိမိတ်မျိုးတွေ တွေ့ရကြုံရလေ့ရှိတယ်"

ဟု ပြောဆိုကြလေသည်။

ထိုရွာမှာ ယခင်ကနာမည်တစ်ခုရှိခဲ့သော်လည်း ဘုရားတစ်ဆူတည်ပြီး ဆေးအနီများသုတ်ထားသဖြင့် ဘုရားနီရွာဟု ခေါ်ကြသည်။

ထိုစေတီမှာ အလိုလို ပျောက်သွားသောအခါ "ဘုရားပျောက်ရွာ"ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ကြရာ အချိန်အတော်ကြာခဲ့သည်။

နောက်ပိုင်းတော့ ကျေးရွာကို စီမံအုပ်ချုပ်သော ရွာလူကြီးက. .

"ငါတို့ရွာကို ဘုရားပျောက်ရွာလို့ ခေါ်နေကြတာ အ





တိတ်နိမိတ် မကောင်းလှဘူး၊ လူကြားလို့လည်း မသင့်လှဘူး၊ ဒီတော့ အရင်ကလိုပဲ 'ဘုရားနီရွာ'လို့ပဲ ခေါ်ကြရန် မကောင်းပေဘူးလား"

ဟု မေးသောအခါ အားလုံးကပါ သဘောတူကြသဖြင့် နောက်ပိုင်းတွင် ဘုရားနီရွာဟု ခေါ်ဝေါ်ခဲ့ကြခြင်းဖြစ်၏။

ဘုရားနီရွာမှာ အိမ်ခြေလေးငါးဆယ်ခန့်ရှိသော ရွာကြီးတစ်ရွာ ဟုဆိုရပေမည်။

ထို့ပြင် မဟာမြိုင်တောအတွင်းမှာ နှစ်ပေါင်းများစွာကတည်းက ရှိနေခဲ့သော ရှေးဟောင်းရွာကြီး တစ်ရွာလည်း ဖြစ်သည်။

ရှေ့မှာရေးသားဖော်ပြခဲ့သည့်အတိုင်း ထိုရွာမှာနေထိုင်ကြသူတို့မှာ မုဆိုးအလုပ်၊ သားသတ်ရောင်းချခြင်းအလုပ်များကိုသာ အဓိကထားပြီး လုပ်ကိုင်ကြသည်။

အခြားရွာများကဲ့သို့ ဆေးဖက်ဝင်အပင်များ၊ ပျားရည်၊ သစ်ခွပန်းများ ရှာဖွေစားသောက်သူမရှိသလောက် နည်းပေသည်။

ထို့ပြင် ရှေးအဆက်ဆက်ကတည်းက ထိုရွာမှာ စုန်းကဝေပညာ တတ်ကျွမ်းသူတို့ ရှိခဲ့ကြသည်။

မဟာမြိုင်တောကြီးအတွင်းမှာ အလောင်းဘုရားတည်ထားခဲ့သော ဘုရားနီသုံးဆူရှိကြောင်း ရှေ့၌ ရေးသားဖော်ပြပြီးခဲ့ပြီ. . . ။

ထိုဘုရားနီသုံးဆူ အလယ်နေရာ၌ ပန်ထွာမိဖုရားမြှုပ်နှံ



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့သော ရွှေငွေရတနာသိုက်ရှိသည်။

ထိုရတနာသိုက်ကို ဥစ္စာရှာဖွေသောသိုက်ဆရာတို့ မကြာခဏရောက်လာပြီး တူးဖော်ရှာဖွေကြသည်။ သို့စေကာမူ မည်သူတစ်ဦးတစ်ယောက်မှ အောင်မြင်အောင်ဆောင်ရွက်နိုင်ခြင်းမရှိကြပဲ သေကျေပျက်စီးမှုများဖြင့်သာ ကြုံတွေ့ကြရလေသည်။

အချို့က သိုက်စောင့်များ၊ တောစိုးနတ်များ နှောင့်ယှက်ကြသဖြင့် သေကျေပျက်စီးကြရသည်။

အချို့ကတော့ဘုရားနီရွာမှ ပညာသည်များ လာရောက်နှောက်ယှက်ကြသဖြင့် သေကျေပျက်စီးကြရခြင်းဖြစ်သည်။

သို့ကြောင့်. . .၊

“သေချင်ရင် စိန်မစားနဲ့ မောက္ကတော်သွား” ဟူ၍သော်လည်းကောင်း၊

“သေချင်ရင် စိန်မစားနဲ့၊ မဟာမြိုင်ဝဥ္စာအတွင်းက ဘုရားနီသွား”

ဟူသော အမျိုးမျိုးသော စကားအချို့ ပေါ်ပေါက်ခဲ့ရသည်အထိ ဘုရားနီရွာမှာ နာမည်ကြီးခဲ့လေသည်။

ဘုရားနီရွာမှာ ရှေးဟောင်းရွာတစ်ရွာဖြစ်သလို နေထိုင်ကြသူများမှာလည်း နှစ်ပေါင်းများစွာကတည်းက အစဉ်အဆက်နေထိုင်ခဲ့ကြသူများ ဖြစ်ကြသည်။

တောတွင်းမှာဖြစ်သော်လည်း နေအိမ်များကို ရှေးလက်ရာတို့ဖြင့် တည်ဆောက်ကာ နေထိုင်ကြသည်၊





သစ်ပေါသော အရပ်ဖြစ်သောကြောင့် အိမ်အတော်များများမှာ ကျွန်းသစ်၊ ပျဉ်းကတိုးသစ်များဖြင့် ဆောက်လုပ်ကြပြီး ပုံသဏ္ဌာန်မှာ ခြေတံရှည်၊ လည်းပေါ်နှစ်ထပ်အိမ်ပုံစံများဖြစ်ကြသည်။

တာရှည်ခိုင်ခံစေရန် တစ်အိမ်လုံး ရေနံချေးများ သုတ်ထားသဖြင့် မည်းမှောင်လျက်ရှိသည်။

အပေါ်ထပ်၌ လူနေကြပြီး အောက်တွင် ဖမ်းမိထားသော၊ တိရစ္ဆာန်များနှင့် အသားစို၊ အသားခြောက်နှင့် သားရေပြားချပ်တို့ကို ချိတ်ဆွဲထားကြသည်။

ထို့ပြင် အပူငွေ့နှင့် အလင်းရောင်ရစေရန် မီးပုံများဖိုထားရာ မီးခိုးငွေ့နှင့်အတူ သွေးနံ့ အညှီနံ့များက အပေါ်သို့လိုက်တက်နေကြလေသည်။

ထိုရွာ၏ အစွန်းဘက်တစ်နေရာမှာတော့ ထူးထူးခြားခြား အိမ်ကြီးတစ်ဆောင်ရှိသည်။

နှစ်ထပ်လည်းပေါ်အပြင် နှစ်ဆောင်ပြိုင်တွဲဆောက်ထားသောကြောင့် “နှစ်ဆောင်ပြိုင်အိမ်” ဟု ခေါ်ကြသည်။ ထိုအိမ်၏ထူးခြားချက်မှာ အခြားအိမ်များကဲ့သို့ အောက်ဘက်ကိုဒီအတိုင်းမထားပဲ ပျဉ်ချပ်များဖြင့်လေးဘက်လေးတန်အလုံ ကာရံထားသည်။

ထိုနှစ်ဆောင်ပြိုင်အိမ်ကြီးပေါ်မှာတော့ လူများများမရှိလှပေ. . .၊

အိမ်ပေါ်မှာ ဒေါ်မင်းဇာ၊ သံပချိုင်နှင့် သူဇာတို့သုံး



www.burmeseclassic.com

www.burmeseclassic.com



ယောက် နေကြပြီး အောက်ဘက်မှာတော့ ဦးတာတေနှင့် ခိုင်းစေရန်ခေါ်ထားသော လူနှစ်ယောက်သာရှိသည်။ ဒေါ်မင်းဇာက အသက် (၆၀)နီးပါးရှိနေပြီဖြစ်၏။ ပိန်ပိန်ပါးပါးနှင့် ခါးကိုင်းနေသဖြင့် တောင်ဝှေးဖြင့် အားပြုသွားလာရသည်။

ဆံပင်အနည်းငယ်ကို ထိပ်ပေါ်မှာစုထုံးပြီး သွားမရှိတော့သဖြင့် ပါးရေနားရေများတွန့်ကာ နှာခေါင်းက ရှေ့သို့ ချွန်ထွက်နေသောကြောင့် ရုတ်တရက်ကြည့်လျှင် လင်းတတစ်ကောင် မျက်နှာမျိုးနှင့် တူလေသည်၊

သံပချိုင်က ဒေါ်မင်းဇာ၏ တူတော်စပ်ပြီး အသက် (၅၀)ကျော်ခန့်ရှိသည်။ အရပ်မြင့်မြင့်၊ အသားမည်းမည်းနှင့် မျက်နှာပေါက်ဆိုးသူဖြစ်သည်။

မျက်လုံးတစ်ဖက်နှင့် မျက်နှာတစ်ခြမ်းပေါ်မှာ ကန့်လန့်ဖြတ်ဒဏ်ရာတစ်ခုရှိနေသဖြင့် မျက်နှာတစ်ခြမ်းရွဲ့နေကာ ပုံပျက်နေသည်။

သူဇာက အသက်(၂၀)ကျော်ခန့်သာရှိသေးသော မိန်းမပျိုဖြစ်သည်။

သူမက သံပချိုင်၏သမီးဖြစ်သော်လည်း ရုပ်ရည်ချောမောသူဖြစ်သည်။

ဖခင်ဖြစ်သူ သံပချိုင်က ရုပ်ဆိုးသော်လည်း သေဆုံးသွားပြီဖြစ်သော မိခင်က ရုပ်ရည်သင့်တင့်သူဖြစ်သောကြောင့် မိခင်ဘက်မှ ချောမောလှပခြင်းများ အမွေရလိုက်ဟန် ရှိပေသည်။





သူဇာက ရုပ်လည်းချော၊ ကိုယ်လုံးကိုယ်ထည်လည်း လှပသော်လည်း ရွာထဲမှကာလသားများရော အခြားအနီးတစ်ဝိုက်မှ လူပျိုကာလသားများ မတို့မထိဝံ့သော အဆိပ်ပန်းတစ်ပွင့်လို ဖြစ်နေသည်။

အဘယ်ကြောင့်ဆိုသော်. . .

သူမ၏ဘွားအေဒေါ်မင်ဇာက စုန်းကဝေပညာသည်တစ်ယောက်ဖြစ်သဖြင့် ကြောက်လန့်ကြသောကြောင့် မည်သူမှ ရှေ့မတိုးဝံကြခြင်းဖြစ်၏။

ဒေါ်မင်းဇာက အများထင်ထားသကဲ့သို့ စုန်းကဝေပညာတတ်သည် မတတ်သည်တော့ သေသေချာချာမသိကြရသော်လည်း ၎င်းမှာထူးခြားသော ပညာရပ်တစ်မျိုးကတော့ ရှိပေသည်။

ဒေါ်မင်းဇာက ထိုပညာကိုတော့ ကျွမ်းကျင်စွာတတ်မြောက်လေသည်။

ထိုပညာမှာ အခြားမဟုတ်ပါချေ။

အသက်မရှိသောအရာကို အသက်ဝင်လာအောင်စီရင်တတ်သော “ဘူတာဝါဟန အတတ်ပညာ” ပင်ဖြစ်ပေတော့သည်။

ဘူတာဝါဟနပညာမှာ ရှေးနှစ်ပေါင်းများစွာကတည်းကရှိခဲ့သော အတတ်ပညာမျိုးဖြစ်သည်။

မြတ်စွာဘုရားမပွင့်မီကတည်းက ရောမတိုင်းသားတို့တတ်မြောက်သော အတတ်ပညာဖြစ်သည။



www.burmeseclassic.com

www.burmeseclassic.com



ထိုပညာရပ်အကြောင်းကို အခြားရေးသားသောစာအုပ်မှာ သင့်သလောက်ဖော်ပြပေးခဲ့ပြီးဖြစ်သော်လည်း ယခုရေးသားသောစာအုပ်မှာ ထိုပညာရပ်ကိုအဓိကထားပြီး ရေးသားခဲ့ခြင်း ဖြစ်ပါသောကြောင့် ဆက်စပ်မှုရစေရန် အနည်းငယ်ထပ်မံဖော်ပြပေးပါဦးမည်။

ဘူတာဝါဟနပညာမှာ ရောမတိုင်းသားတို့ တတ်ကျွမ်းသောပညာရပ်ဖြစ်ပြီး ထိုပညာကိုအခြားနေရာများ တိုင်းပြည်များသို့ မပြန့်နှံ့၊ မရောက်စေရန် ထိမ်းသိမ်းစောင့်ရှောက်ထားသောပညာဖြစ်သည်။

စက်ယန္တရားရုပ်များကို လူအသွင်ပြုလုပ်ပြီး အသက်သွင်းပေးကာ လိုအပ်သလို စေခိုင်းနိုင်လေသည်။

ကောင်းကင်မှ သွားလာနိုင်ခြင်း၊ မြေပြင်ပေါ်မှာ နှစ်ပေါင်းများစွာ မရပ်မနား ပြေးလွှားလှုပ်ရှားနေနိုင်ခြင်း စသောလှုပ်ရှားမှုများကို လူနှင့်မခြား လှုပ်ရှားကြလေသည်။

ထိုပညာရပ်ကို မဇ္ဈိမတိုင်းသို့ ဆောင်ယူလာသူမှာ ပါဋလိပုတ်ပြည်သားတစ်ဦးဖြစ်သည်။

ပါဋလိပုတ်သားတစ်ဦးသည် ထိုပညာကို အလိုရှိသဖြင့် ရောမတိုင်းသို့သွားလေသည်။

ရောမတိုင်းသို့ရောက်သောအခါ ထိုအတတ်ပညာကို ကောင်းစွာတတ်ကျွမ်းသော ဆရာတစ်ဦးထံမှာနေရင်း ထိုပညာကိုရရှိရန် ကြံစည်အားထုတ်လေသည်။

နှစ်ကြာသောအခါ ဆရာကြီး၏သမီးနှင့် ထိမ်းမြားပြီး





တော့မှ ထိုပညာကိုသင်ယူခွင့်ရလေသည်။

ထိုသူမှာ သားတစ်ယောက်အရွယ်ရောက်လာသည်အထိ ထိုပညာကို ကောင်းစွာသင်ယူခွင့်ရလေသည်။

သင်ယူရရှိသောပညာရပ်များကိုလည်း သူ၏ပေါင်နှစ်ဖက်တွင် ရေးထိုးမှတ်သားထားသည်။

သားဖြစ်သူအရွယ်ရောက်လာသောအခါ သားကိုခေါ်ဆောင်ကာ မဇ္ဈိမအရပ်သို့ ပြန်ပြေးလေသည်။

ထိုသတင်းကို ရောမတိုင်းသားများ ကြားသောအခါ ယန္တရားစက်ရုပ်များကို နောက်မှလိုက်လံသတ်ဖြတ်ခိုင်းသောကြောင့် လမ်းခုလတ်မှာပင် ထိုလူသေလေသည်။

ထိုအခါသားဖြစ်သူက ဖခင်မှာကြားထားခဲ့သည့်အတိုင်း ဖခင်ဖြစ်သူပေါင်နှစ်ဖက်မှာ ရေးမှတ်ထားသော မှတ်တမ်းများကို ယူဆောင်ကာ ပါဋလိပုတ်သို့ရောက်အောင် ပြန်လေသည်။

အသောကမင်းလက်ထက်တွင် အဇာတသတ်မင်းကြီးပြုလုပ်ထားခဲ့သော ဓာတ်တော်တိုက်အတွင်းမှ ယန္တရားစက်ရုပ်များကို ဘူတာဝါဟနပညာဖြင့် ရပ်တန့်ပေးခဲ့ခြင်းဖြစ်လေသည်။

ထိုသို့ရပ်တန့်ပေးခဲ့သူမှာလည်း ရောမတိုင်းမှစေလွှတ်ခဲ့သော ယန္တရားစက်ရုပ်လက်ချက်ဖြင့်ပင် သေဆုံးခဲ့ရပြန်လေသည်။

သို့သော်လည်း ၎င်းတို့အသက်စွန့်ပြီး ကြိုးစားဆောင်ရွက်ပေးခဲ့သောကြောင့် ရောမတိုင်းသားတို့၏ ဘူတာဝါဟနပညာမှာ မဇ္ဈိမအရပ်ဒေသသို့ ရောက်ရှိခဲ့ကာ ပြန့်နှံ့လာခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေသည်။

(ထိုသမိုင်းကြောင်းကို ထုတ်ဝေပြီးခဲ့သော 'စက္ကောမကေသရီ' ဝတ္ထုတွင်ပြည့်စုံစွာ ရေးသားဖော်ပြပေးခဲ့ပြီးဖြစ်ပေသည်။)

နောက်ပိုင်းမှာတော့ မဇ္ဈိမဒေသတွင် ဘူတာဝါဟနညာမှာ တဖြည်းဖြည်းပြန့်နှံ့သွားခဲ့လေသည်။

အိန္ဒိယမှာရှိသော မဟာဂန္ဓာရီတက္ကသိုလ်များတွင် အခြားပညာရပ်များနှင့် ယှဉ်တွဲပြီး ထိုပညာရပ်ကိုပါ ထည့်သွင်းသင်ကြားပေးခဲ့ကြသည်။

ထိုပညာရပ်နှင့်တွဲဖက်သင်ကြားသောပညာရပ်တို့မှာ -

(၁) ခန္ဓာဝါဟနပညာ

ခန္ဓာကိုယ်အစိတ်အပိုင်းတို့ကို မူလအခြေအနေအတိုင်းပြန်ဖြစ်အောင် တည်ဆောက်သောပညာ။

(၂) ရူပါဝါဟနပညာ

တည်ဆောက်ပြီးသောခန္ဓာအား မူလအခြေအနေအတိုင်းပြန်ဖြစ်အောင် ဆေးဖြင့်ရေးခြယ်ဖန်တီးသောပညာ။

(၃) ဘူတာဝါဟနပညာ

အသက်မရှိသော ရုပ်ခန္ဓာအား အသက်ဝင်လာအောင် အသက်သွင်းပေးသည့်ပညာ၊ ထိုပညာကို "ဖုတ်သွင်းခြင်း" အတတ်ပညာဟု ခေါ်ဆိုကြသည်။

ထိုပညာသုံးရပ်ကိုပေါင်းစပ်ပါက သေဆုံးနေသော





လူနှင့်တိရစ္ဆာန်တို့ကို မူလအတိုင်း အသက်ပြန်ရှင်လာအောင် ပြုလုပ်နိုင်စွမ်း ရှိကြလေသည်။

ထိုအကြောင်းနှင့်ပတ်သက်ပြီး သာဓကတစ်ခုရှိခဲ့သည်၊ မဟာဂန္ဓာရီတက္ကသိုလ်မှ ပညာသင်ပြီး ပြန်လာသောတက္ကသိုလ်ကျောင်းသားသုံးယောက်တို့မှာ တောတွင်းတစ်နေရာ၌ ဆုံကြလေသည်။

သူတို့သုံးယောက်မှာ ခန္ဓာဝါဟနပညာ၊ ရူပါဝါဟနပညာ၊ ဘူတာဝါဟနပညာတို့ကို အသီးသီးတတ်မြောက်ခဲ့ကြလေသည်၊

သူတို့သုံးယောက်သည် တောတွင်းတစ်နေရာ၌ အရိုးများကို တွေ့ကြလေသည်။

ထိုအခါခန္ဓာဝါဟနပညာ တတ်ကျွမ်းသောကျောင်းသားက၊ "ဒါ ကျားတစ်ကောင်ရဲ့အရိုးဖြစ်သည်" ဟု ပြောသည်။

"ဒီကျားကို မူလရုပ်အတိုင်းဖြစ်အောင်ငါလုပ်နိုင်တယ်"

ရူပါဝါဟနပညာတတ်သော ကျောင်းသားကပြောသည်။

"သင်တို့ပြုလုပ်တဲ့ ကျားရုပ်ကို အသက်ပြန်ရှင်လာအောင်ငါလုပ်ပေးနိုင်တယ် ဒီလိုလုပ်ရင် ငါတို့အတွက်ဘယ်လိုအကျိုးရစေနိုင်မလဲ"

ဘူတာဝါဟန ပညာရှင်ကမေးသည်။

"ကျားအသက်ပြန်ရှင်လာလျှင် ငါတို့သုံးယောက်အတွက်အဖော်ရနိုင်သည်၊ စားနပ်ရိက္ခာများကို ရှာဖွေပေးနိုင်ပြီမို့



www.burmeseclassic.com

www.burmeseclassic.com



မည်"

ဟု ပြောပြီး ကျားသေကို အသက်သွင်းကြရန်ပြင်ဆင်ကြသည်။ ဦးစွာ ခန္ဓာဝါဟနပညာရှင်က ကျားရိုးများကိုစုဆောင်းပြီးကျားတစ်ကောင်၏ မူလအနေအထားအတိုင်းပြန်လည် တည်ဆောက်ပေးသည်။

ပြီးသောအခါ ရူပါဝါဟနပညာရှင်က ကျားတစ်ကောင်၏ အရောင်အသွေးအတိုင်း ပြန်ဖြစ်အောင်စီမံပေးသည်။ ထို့နောက်မှာတော့ဘူတာဝါဟနပညာရှင်က ကျားရုပ်ကိုအသက်သွင်းပေးလိုက်သည်။

ကျားသည်အသက်ဝင်လာသောအခါ အစာအလို့ငှါ ထိုသုံးယောက်ကို ကိုက်သတ်ပြီးမှ တောတွင်းသို့ ဝင်သွားလေတော့သည်။ ကျားသေကို အသက်သွင်းမိသော ပညာရှင်သုံးယောက်မှာ မဆင်ခြင်မှုကြောင့် အသက်ဆုံးကြရပေသည်။

ဘုရားနီရွာမှ ဒေါ်မင်းဇာမှာ ဘူတာဝါဟနပညာကို ကောင်းစွာတတ်ကျွမ်းသူ ဖြစ်လေသည်။







# အခန်း (၄)

# ဓာတ်ရုပ်မဖျောက်နိုင်သူများ

ဒေါ်မင်းဇာ ပိုင်ဆိုင်သော နှစ်ဆောင်ပြိုင်အိမ်ကြီး၏ အတွင်းပိုင်းမှာ အတော်ပင်ကျယ်ဝန်းလေသည်။

ထိုနှစ်ဆောင်ပြိုင်အိမ်ကြီးမှာ ရွာ၏အစွန်ဘက်၌ရှိသည် ကတစ်ကြောင်း၊ သစ်လုံးများဖြင့် ခြံစည်းရိုးများ ကာရံထားသောကြောင့် အပြင်မှ လူများမဝင်ရောက်နိုင်ကြပေ။

ထို့ပြင် ရွာထဲမှ လူများက ထိုအိမ်သို့မလာဝံ့ကြသောကြောင့်အကြောင်းမရှိပါပဲနှင့် မည်သူမှ မသွားလာကြပေ။



www.burmeseclassic.com

www.burmeseclassic.com



ခြံစည်းရိုးနှင့် ခြံတံခါးကိုလည်း အစဉ်အမြဲပိတ်ထားပြီး ခြံဝန်းထဲမှာ ခွေးနက်ကြီးများ မွေးထားသေးသည်။

ထိုခွေးနက်ကြီးများမှာ လူ့ခါးစောင်းခန့်မြင့်ပြီး ဟောင်လိုက်လျှင် နားကွဲလုမတတ် ဆူညံလေသည်။

အချို့ကလည်း ထိုခွေးနက်ကြီးများကို ကြောက်ရွံ့ကြသဖြင့် ခြံအနီးသို့ မသွားဝံ့ကြခြင်းဖြစ်သည်။

နှစ်ဆောင်ပြိုင်အိမ်ကြီး၏ အပေါ်ထပ်မှာ လူနေပြီး အောက်ထပ်မှာတော့ ၎င်းတို့၏ အလုပ်ခန်းဖြစ်သည်။

၎င်းတို့၏ အလုပ်ခန်းဆိုသည်မှာ အခြားတော့မဟုတ်ပေ။ လူနှင့် ပုံသဏ္ဌာန်တူသော အရုပ်များပြုလုပ်ထားသော နေရာပင်ဖြစ်သည်။

ထိုအခန်းထဲတွင် လူအရိုး၊ တိရစ္ဆာန်အရိုးများ၊ တုတ်ချောင်း၊ ကောက်ရိုး၊ လဲမှို၊ ဆံပင်များ၊ လျှော်ပင်များ၊ သစ်စေး။ ကတ္တရာ၊ အင်တွဲ၊ ဖယောင်းခဲများမှစပြီး ဖော်စပ်ပြီး အသင့်ချထားသော ဆေးရောင်အမျိုးမျိုးတို့လည်း ရှိသည်။

ဆေးဆွဲရန်၊ ခြယ်သရန် စုတ်တံများလည်း အဆင်သင့်ရှိသည်။ လူရုပ်များလုပ်ရာမှာတော့ သံပချိုင်က ဦးဆောင်ပြီး ဦးတာတေတို့နှင့် လုပ်ကိုင်လေသည်။

ဥပမာ လူတစ်ယောက်ပြုလုပ်တော့မည်ဆိုပါက လူအရိုးများကို အရင်စုပုံထားရသည်။

ဦးခေါင်းရိုးမှစပြီး၊ ခြေထောက်ရိုးအထိ စုပုံပြီး သူ့နေရာနှင့်သူ ချထားသည်။





အကယ်၍ လူအရိုးချည်း မရပါက အခြားတိရစ္ဆာန်အရိုးများဖြင့် အစားထိုးထည့်ပြီး ပြုလုပ်သည်။

ပြီးလျှင် ထိုအရိုးများတစ်ခုနှင့်တစ်ခုတွဲနေစေရန် လျှော်ကြိုးများဖြင့် တွဲချည်ထားသည်။

အရိုးတွဲပြီးလျှင် ကောက်ရိုးများ၊ အဝတ်စုတ်များ၊ လဲမှိုများဖြင့် ပုံဖော်သည်။

အချို့နေရာများမှာ ကြိုးဖြင့်ပတ်ချည်ပြီး၊ အချို့နေရာများမှာတော့ သစ်စေး၊ ကော်၊ ကတ္တရာတို့ဖြင့် ကပ်တန်ကပ်သည်။ အင်တွဲမှုန့်ဖြင့် တွဲတန်တွဲသည်။

လူပုံသဏ္ဌာန် ပေါ်ပြီဆိုလျှင်၊ ဝမ်းတွင်းကလီစာများနှင့် ဦးနှောက်ကိုတော့ လဲမှိုများ၊ စီရင်ထားသော ဆေးတုံးများထည့်သည်။

လူပုံသဏ္ဌာန်ပေါ်လာပြီဆိုလျှင် အပေါ်မှ ပိတ်ဖြူဖြင့်ပတ်ပြီး သူ့နေရာနှင့်သူ ဆေးရောင်ခြယ်ပေးရသည်။ ဆံပင်နေရာမှာ ဆံပင်တပ်ပြီး မျက်လုံး၊ နှာခေါင်း၊ ပါးစပ်ပေါက်များကို သူ့နေရာနှင့်သူ ရေးဆွဲတပ်ဆင်ပေးရသည်။

တကယ်တော့ သံပချိုင်မှာ ခန္ဓာဝါဟနနှင့် ရူပါဝါဟန ပညာနှစ်မျိုးလုံးကို တတ်ကျွမ်းသူဟုပင် ဆိုရပေသည်။

သူ၏ ပုံသဏ္ဌာန်က ရုပ်ဆိုးသော်လည်း သူစီမံပြုလုပ်သောလူရုပ်များကတော့ ချောမောပြေပြစ်မှုရှိသည်က များလေသည်။

ထိုသို့ အရုပ်ပြုလုပ်ပြီးလျှင် ဒေါ်မင်းဇာက ဘုတ်ဝါ



www.burmeseclassic.com

www.burmeseclassic.com



ဟာန ပညာဖြင့် အသက်သွင်းပေးလေသည်။

အသက်ဝင်လာပြီး လူအသွင်ပြောင်းလဲလာသောအခါတွင် ၎င်းတို့စေခိုင်းလိုသမျှသော အလုပ်များကို ထိုအသက်သွင်းထားသည့်လူများကို စေခိုင်းလေသည်။

လူရုပ်များ ပြုလုပ်ရာမှာ လွယ်လွယ်ကူကူဖြင့် ရသည်တော့ မဟုတ်ပါချေ။

အဓိကပြဿနာမှာ လူအရိုးစုများ မရခြင်းပင်ဖြစ်သည်။ တောထဲမှာနေကြသော ၎င်းတို့ရွာများမှာ ရောဂါတစ်ခုခု အန္တရာယ်တစ်ခုခု မဝင်ခဲ့လျှင် လူအသေအပျောက်အလွန်နည်းသော နေရာများဖြစ်သည်။

တစ်ခါတစ်ရံ လေးငါးလကြာသော်မှ လူတစ်ယောက်မှ မသေသဖြင့် လူအရိုးမရသောအဖြစ်နှင့် ကြုံရတတ်သည်။ သေပြန်တော့လည်း အလောင်းကို တောထဲမှာသွားရောက် မြှုပ်နှံကြသည်။

အလောင်းကို မြေမြှုပ်၍ မကြာခင်မှာပင် တောခွေးများ၊ ခွေးအများ အုပ်စုလိုက်ရောက်လာပြီး တူးဖော်စားသောက်သွားကြသဖြင့် အရိုးပင်မရလိုက်ပဲ ရှိလေသည်။ အရိုးရသော်လည်း မပြည့်မစုံနှင့် အနည်းငယ်သာ ရသည်မျိုးရှိသည်။

သူတို့အလုပ်က လူနှင့်ပုံသဏ္ဌာန်တူအောင် ပြုလုပ်ရသည်ဖြစ်ရာ လူအရိုးလုံးဝမပါ၍တော့ မဖြစ်ပေ။ လူအရိုးချည်း မရလျှင် အခြားတိရစ္ဆာန်အရိုးများဖြင့် အစားထိုးကာ ပြုလုပ်ကြရသည်။





သို့သော် ပြဿနာတော့ရှိသည်။

တစ်ခါက လူအရိုးချည်း မပြည့်စုံသဖြင့် နွားအရိုးအချို့နှင့်အစားထိုးပြီး ပြုလုပ်လိုက်ရာ အသက်ရှင်လာပြီး လူလိုဖြစ်လာတော့မှ ပင်ကိုယ်ဗီဇစိတ်မဖျောက်နိုင်ပဲ နွားစိတ်ဝင်နေခြင်းပင်ဖြစ်သည်။

အဝတ်အစား သစ်သစ်လွင်လွင်ဝတ်ဆင်ပြီး လျှောက်သွားကြရာ လမ်းနံဘေးမှာတွေ့ရသော သစ်ရွက်နုများကို မြင်သောအခါ မနေတော့ပဲ လူများအလယ်တွင် ခူးယူစားသောက်လေတော့သည်။

ထိုသို့ ခူးယူစားသောက်ရာမှာလည်း လူတစ်ယောက်ကဲသို့လက်ဖြင့် ခူးယူစားသောက်ခြင်းမဟုတ်ပဲ ပါးစပ်ဖြင့် ကိုက်ယူစားသောက်ခြင်းဖြစ်သည်။

အဖော်များကမြင်သောအခါ. .

"မင်း ဘာဖြစ်လို့ သစ်ရွက်တွေ ခူးစားနေတာလဲ"

ဟု မေးသောအခါ ခိုးထုပ်ခိုးထည်ဖြင့် မိသူပမာ မျက်လုံးပြူးသွားသည်။

"ဒီ. . ဒီအရွက်တွေက စားလို့ရသလားလို့ ဝါးကြည့်တာပါ'

"ဝါးချင်လည်း လက်နဲ့ခူးဝါးပါလားကွာ၊ ခုတော့ နွားတွေ၊ ဆိတ်တွေလို ပါးစပ်နဲ့ ခူးစားရတယ်လို့"

"ဟီး. . ဟီး. . ဟီး"

ထိုသူမှာ သွားအဖြီးသားနှင့် အရှက်ပြေရယ်နေလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျန်သည့်အဖော်များကတော့ သူရယ်နေပုံကို ကြည့်ရသည်မှာ လူတစ်ယောက်နှင့် မတူပဲ နွားတစ်ကောင်သွားဖြဲပြနေသည်နှင့် တူသည်ဟု ထင်နေကြသည်။

ထိုကဲ့သို့ပင် ၎င်းတို့ စီမံပြုလုပ်သောလူများမှာ လူနှင့်ပုံသဏ္ဍာန်တူသော်လည်း စိတ်ကတော့ သဘာဝဗီဇစိတ် မပျောက်နိုင်ပဲ ရှိလေသည်။

လူပုံသဏ္ဍာန်ပြုလုပ်ရာတွင် နွားအရိုး၊ ဆိတ်အရိုး၊ ဝက်အရိုးအပါအဝင် အခြားတိရစ္ဆာန်တို့၏ အရိုးများကို သင့်တော်သလိုရှာဖွေရသော အရိုးအချို့တို့ကို အဆင်ပြေသလို ထည့်သွင်းပြုလုပ်ရသည်ဖြစ်ရာ မူလဇာတိပေါ်လာသောအခါ များစွာစိတ်ညစ်ရလေသည်။

တစ်ခါကတောတွင်းမှ တိရစ္ဆာန်တစ်ကောင်၏ အရိုးစုများတွေ့ရသဖြင့် ယူဆောင်လာပြီး လူရုပ်ပြုလုပ်သောအခါ ထည့်သွင်းပြုလုပ်ကြလေသည်။

ထိုအရိုးမှာ အမဲလိုက်ခွေးတစ်ကောင်၏ အရိုးစုဖြစ်နေသည်ကိုတော့ သံပချိုင်တို့ မသိကြပေ။

လူအသွင်ပြုလုပ်ပြီး အသက်သွင်းပြီးသောအခါမှ-တစ်ခါတစ်ရံ ခွေးစိတ်ပေါက်လာသဖြင့် အူသည့်အခါအူ၊ ဟောင်သည့်အခါဟောင်ပြီး စိတ်မထင်လျှင် လူများကို လိုက်လံကိုက်သောကြောင့် ပြန်သတ်လိုက်ရသည်မျိုး ရှိသည်။

ဒေါ်မင်းဇာက ရုပ်တုများကို အသက်သွင်းနိုင်သလိုသူ၏ပညာဖြင့် အသက်သွင်းထားသူများကိုလည်း ဂါထာမန္တန်





များရွတ်ဆိုပြီး အသက်ဝိညာဉ်ပြန်နုတ်လိုလျှင်လည်း နုတ်နိုင်လေသည်။

ယခုလည်း သံပချိုင်၊ ဦးတာတေနှင့် လူနှစ်ယောက်တို့သည် အိမ်ကြီးအတွင်းမှာ လူရုပ်တစ်ရုပ်ကို စီမံပြုလုပ်နေကြလေသည်။

ဦးခေါင်းရိုးအပါအဝင် အခြားအရိုးများကို သူ့နေရာနှင့်သူ နေရာချနေလေသည်။

စောစောကရေးသားခဲ့သည့်အတိုင်း လိုနေသောနေရာများမှာလည်း ရှာဖွေထားသော တိရစ္ဆာန်အရိုးတို့ဖြင့် အစားထိုးပြုလုပ်လေသည်။

"တာတေ ဟိုလက်ဖျံရိုးက ဘယ်ကရှာလာတာလဲ လူလက်ဖျံရိုး ဟုတ်ရဲ့လား"

"တလောက တောထဲသွားရင်းနဲ့ သုသာန်ကုန်းနားကတွေ့လို့ ယူလာခဲ့တာ ဘာအရိုးလည်းတော့မသိဘူး"

ဦးတာတေက အမှန်အတိုင်းပင် ပြောလိုက်သည်။

"အခုတလော အရိုးလေးက လူငါးယောက်စာလောက်ပြီးအောင်လုပ်ထားရမယ်လို့ ငါ့ကိုမှာထားတယ် ဒီလိုလုပ်ဖို့လူအရိုးတွေလည်း သိပ်မရှိသေးဘူး"

"ဘယ်ရှိတော့မှာလည်း ဒီနားတစ်ဝိုက်မှာရှိတဲ့ သုသာန်တွေ၊ သင်္ချိုင်းတွေက အရိုးတွေလည်း ငါတို့ရှာဖွေယူလို့ မရှိတော့ဘူး၊ အခုတလော လူအသေအပျောက်မရှိတော့ လူအရိုးချည်းရဖို့တော့ မလွယ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ သူလိုချင်တဲ့လူရုပ်တွေမပြီးရင်လည်း ငါတို့အပြစ်ပြောဦးမယ်၊ ဒီတော့ ဖြစ်ချင်ရာဖြစ်ပေစေတော့ ရှိတဲ့အရိုးတွေနဲ့ပဲ သူမှာထားတဲ့လူငါးယောက်ကို ပြီးအောင်လုပ်ကြရမှာပဲ"

ဟု ပြောဆိုကာ လူရုပ်များဆက်လက်ပြုလုပ်ကြသည်။

အရိုးစုများကို သူ့နေရာနဲ့သူ့နေရာချပြီး ကြိုးများဖြင့် ခိုင်အောင် တုပ်နှောင်ကြသည်။

"အရိုးတွေပြုတ်မထွက်အောင်တော့ သေသေချာချာ ချည်ကြဟေ့၊ လူအစစ်တွေမှာက အရိုးတွေပြုတ်မထွက်အောင် အသား၊ အကြော၊ အရွတ်တွေနဲ့တုပ်ထားတာ ငါတို့လုပ်တဲ့ အရုပ်က အဲဒါတွေမရှိတော့ ကြိုးနဲ့ပဲခိုင်အောင် ချည်ကြတုပ်ကြ"

ဟု ပြောသဖြင့် သေချာအောင် ချည်တုပ်ကြလေသည်။

ထိုသို့ ပြုလုပ်နေသည်ကိုလည်း ဒေါ်မင်းဇာက လာကြည့်ပြီး မှားနေတာရှိလျှင်ပြောသည်။

"ဟဲ့. . ဟိုကောင်တွေ နင်တို့လက်ဖျံရိုးနှစ်ချောင်းက ပြောင်းပြန်ဖြစ်နေတယ်လေ လက်မရှိတဲ့နေရာက အတွင်းမှာ ထားရမှာမဟုတ်လား"

ထိုအခါမှ ဘယ်နှင့်ညာနှင့် ဘက်မှားနေသော လက်ဖျံရိုးနှစ်ချောင်းကို ပြန်ဖြုတ်ပြီး လဲတပ်ကြရလေသည်။

ဒေါ်မင်းဇာက အသက်ကြီးသော်လည်း မျက်စိကကောင်းသေးသည်။

"လူမှန်ရင် ကျောရိုးတောင်မှ တန်ဖိုးရှိတယ် ကျောရိုးကို ခိုင်အောင်တပ်ကြ တကယ်လို့ အရိုးအဆစ်တွေ ပြုတ်နေရင်





တစ်ခုခုနဲ့ ပူးချည်ထားကြ"

သံပချိုင်တို့မှာ ဒေါ်မင်းဇာကို ကြောက်ရသဖြင့် တခြားထွေထွေထူးထူး ပြန်မပြောဝံ့ကြပဲ သူပြောသည့်အတိုင်းပြုလုပ်ပေးကြရသည်။

"ဟဲ့. . အတွင်းကလီစာတွေထည့်ဖို့လည်း မမေ့ကြနဲ့ဦး၊ လူကတော့ ဟန်ကျပန်ကျနဲ့၊ ဗိုက်ဟောင်းလောင်းနဲ့ ဖြစ်နေလို့လည်း မသင့်သေးဘူး၊ ကောက်ရိုးမျှင်တွေ နွယ်ကြိုးခြောက်တွေ၊ အဝတ်စုတ်တွေနဲ့ ငါစီမံပေးထားတဲ့ ဆေးတုံးတွေထည့်ဖို့လည်း မမေ့ကြနဲ့"

"စိတ်ချပါ အရှိုးလေး"

"နေဦး နင်တို့လုပ်နေတဲ့လူရုပ်က အတော်လေးတော့ ကြည့်ကောင်းနေပြီး ဒါထက် ခေါင်းထဲမှာရော ဦးနှောက်ထည့်ပြီးကြပလား"

"ထည့်ထားပါတယ် အရှိုးလေး"

"ငါကြည့်ပါရစေဦး၊ လူတစ်ကိုယ်လုံးမှာ ဦးနှောက်ကလည်းအရေးကြီးတာပဲ၊ ဦးနှောက်မကောင်းရင် ရူးကြောင်ကြောင်ဖြစ်နိုင်တယ်"

"ဒါထက် တခြားလူတွေလုပ်တုန်းက အရှိုးလေး ဒီလောက်ဂရုမစိုက်ပဲ ဒီအရုပ်တွေမှ ဘာကြောင့် ဂရုစိုက်နေရတာလဲ"

"သူတို့ကို ငါခိုင်းစေစရာတွေရှိတယ်၊ ဒါကြောင့်. . . သေသေချာချာလုပ်ကြ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီး ပြုလုပ်ထားသော အရုပ်များ၏ ဦးခေါင်းထဲသို့ လဲမှိုခြောက်နှင့် အခြားပစ္စည်းများ ထပ်ထည့်ကြရပြန်လေသည်။

အရိုးစုနှင့် ကိုယ်ခန္ဓာအစိတ်အပိုင်းများ ပြည့်စုံသောအခါ ကောက်ရိုး၊ လဲမှို၊ ရွံ့စေး၊ ကတ္တရာ၊ ဖယောင်းစသည်တို့ဖြင့် အသားအရေများကို ပြုလုပ်ပြန်လေသည်။

ထိုသို့ပြုလုပ်ပြီးတော့မှ အရေပြားနှင့်တူအောင် အပေါ်မှ အဝတ်ပါးပါးကို ကော်ဖြင့်ကပ်လေသည်။

ထိုအဝတ်များ ကော်ခြောက်သွားသောအခါမှ သံပချိုင်က ဆေးခြယ်ပေးရလေသည်။

"ဟဲ့ . . ဆေးခြယ်တဲ့နေရာမှာလည်း ဇာတ်မင်းသားတွေလို သိပ်ချောအောင်လှအောင် မခြယ်နဲ့လေ ယောကျ်ားပီသတဲ့ရုပ်မျိုး ပေါ်ရင်တော်ပြီ"

သံပချိုင်ကလည်း သူပြောတဲ့အတိုင်း ဆေးခြယ်ပေးရလေသည်။ အရိုးများ၊ ကောက်ရိုး၊ လဲမှို၊ ရွံ့စေး၊ ဖယောင်း၊ ကတ္တရာစေး၊ အင်တွဲမှုန့်များဖြင့် လူပုံသဏ္ဌာန်ပြုလုပ်ပြီး ဆေးခြယ်လိုက်သောအခါ လူတစ်ယောက်နှင့် အတော်ကလေး တူလာပြီဖြစ်သည်။

"အင်း . . . လူနဲ့တော့ အတော်တူလာပါပြီ၊ ဒါပေမယ့် ဒင်းတို့ကို အသက်မသွင်းခင် အဝတ်အစားတွေ ဝတ်ပေးရဦးမယ်၊ လူမှာအဝတ် . . တောင်းမှာအကွပ်တဲ့ . . လဲမှို၊ ကောက်ရိုးခြောက်တွေနဲ့ လုပ်ထားတယ်ဆိုပေမယ့် အပေါ်ယံက အဝတ်





အစားတွေ ဝတ်ပေးလိုက်ရင်တော့ သူ့ရဲ့မူလရုပ် ပျောက်သွားမှာပါ၊ ဟဲ့ . . . သူဇာ ကျွန်းသေတ္တာကြီးထဲမှာ ဝါစုဆောင်းထားတဲ့ အဝတ်အစားအဟောင်းတွေ ယူလာခဲ့စမ်းဟဲ့"

ဟု စေခိုင်းလေရာ မြေးဖြစ်သူ သူဇာဆိုသော မိန်းကလေးက အခန်းတစ်နေရာမှ ချထားသော ကျွန်းသေတ္တာကြီးထဲမှ အဝတ်အစားမျိုးစုံတို့ကို ထုတ်ယူလာကာ ချပေးလေသည်။

ထိုအဝတ်အစားများမှာ အကောင်းရော အစုတ်အပြဲများပါ အရောင်အသွေးစုံလင်လှသည်။

ထိုအဝတ်အစားများထဲမှာ ရှေးခေတ်အခါက ဝတ်ဆင်ခဲ့ကြသော အဝတ်အစားများမှအစ ယခုဝတ်ဆင်သော အဝတ်အစားများပါ ပါဝင်လေသည်။

ထို့ပြင် ဇာတ်ပွဲများတွင် ဝတ်ဆင်လေ့ရှိသော နန်းဝတ်နန်းစားအချို့ပင် ပါလေသည်။

"လူမှာအဝတ်၊ တောင်းမှာအကွပ်ဆိုသလို လူတစ်ယောက်ဟာ ပုံပန်းသဏ္ဌာန်ဘယ်လောက်ပဲ အကျည်းတန် အရုပ်ဆိုးနေပါစေ အပေါ်ကအဝတ်အစား တင့်တင့်တယ်တယ် ဝတ်ပေးလိုက်ရင် အကျည်းတန်အရုပ်ဆိုးနေတာတွေ အလိုလိုပျောက်သွားလေ့ရှိတယ်၊ ဒီတော့ ငါ့ကောင်တွေကို သင့်တော်တဲ့ အဝတ်အစားမျိုးတွေ ဆင်ပေးရမယ်"

ဟု ပြောဆိုပြီး ဟောင်းနွမ်းစုတ်ပြဲနေသော အဝတ်အစားသုံးစုံကို ရွေးထုတ်ပေးပြီး လူသုံးယောက်တို့ကို ဝတ်ဆင့်ပေးစေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအဝတ်အစားအစုတ်အပြဲများမှာ လူသေအလောင်းမှ ခွာယူထားခဲ့သော အဝတ်ဟောင်းများဖြစ်သောကြောင့် မတင့်တယ်လှပေ။

ထိုအခါ ဦးတာတေက ဝင်မေးသည်။

"အဘွားလေးပြောတုန်းက လူမှာအဝတ် တောင်းမှာအကွပ်ဆိုတော့ ဒီလိုအစုတ်အပြဲတွေ ဝတ်ပေးတော့ သင့်ပါ့မလား"

"နင် ဘာမှမသိပဲ ဝင်ပြီးဆရာမလုပ်စမ်းပါနဲ့ တာတေ ရယ် သူတို့သုံးယောက်ကို ငါက သူတောင်းစားလုပ်ပြီး ပိုက်ဆံရှာခိုင်းမှာပဲဆိုတော့ ဒီအဝတ်အစားတွေနဲ့ပဲ သင့်တော်မှာပေါ့၊ သူတောင်းစားပါဆိုမှ အဝတ်အစားအအသစ်တွေ ဝတ်ပြီး တောင်းရင် ဘယ်သူကထည့်ချင်မတဲ့တုန်းဟဲ့"

ထိုသို့ပြောလိုက်တော့မှ ဦးတာတေလည်း ငြိမ်ကျသွားလေတော့သည်။

"ဟိုနှစ်ယောက်ကတော့ သူဌေးသားတစ်ယောက်လို ဂုဏ်သရေရှိတဲ့ လူတစ်ယောက်လို ဝတ်ပေးရမယ်၊ နောက်တစ်ယောက်ကိုတော့ အရာရှိအရာခံတစ်ယောက်လို ဝတ်ပေးကြဟဲ့"

ဟုပြောသဖြင့် သုံးယောက်ကို အဝတ်ဟောင်းများ ဝတ်ပေးပြီး ကျန်နှစ်ယောက်ကိုတော့ သူဌေးသားလို တစ်ယောက်၊ အရာရှိအရာခံလို တစ်ယောက် ဝတ်ဆင်ပေးကြလေသည်။

ထိုကဲ့သို့ ဝတ်ဆင်ပေးရာမှာလည်း သူ့အဆင်နှင့်သူ လိုက်ဖက်အောင် ဝတ်ပေးကြရလေသည်။

အဝတ်အစားများ ဝတ်ပေးပြီးသောအခါ သူတို့ပြုလုပ်





ထားသော လူရုပ်များမှာ အသက်မရှိသေးသော်လည်း လူတစ်ယောက်နှင့် အတော်ကလေးတူနေပြီဖြစ်၏။

ဒေါ်မင်းဇာကတော့ ထိုအရုပ်များကိုကြည့်ပြီး သဘာအကျကြီး ကျနေလေတော့သည်။

သူတောင်းစားသုံးယောက်ကတော့ အဝတ်အစားစုတ်စုတ်ပြတ်ပြတ်နှင့် မထူးခြားလှသော်လည်း ကျန်နှစ်ယောက်ကတော့ထူးခြားသည်။

တစ်ယောက်က သူဌေးသားတစ်ယောက်ကဲ့သို့ ဝတ်ဆင်ထားပြီး၊ ကျန်တစ်ယောက်ကတော့ အရာရှိတစ်ယောက်ပုံသဏ္ဍာန်မျိုးဖြစ်အောင် ဝတ်ဆင်ပေးထားလေသည်။

သူဌေးသားကိုတော့ ဘန်ကောက်လုံချည် တစ်ပတ်နွမ်းတစ်ထည်နှင့် ပိုးအကျီတို့ကို ဝတ်ဆင်ပေးထားပြီး အရာရှိကိုတော့ ပိုးလုံချည်ရုပ်အကျီတို့အပြင် ဘယ်နေရာမှရှာဖွေထားမှန်းမသိသော ကုတ်အကျီဟောင်းတစ်ထည်ကို ဝတ်ဆင်ပေးထားလေသည်။

ထို့ပြင် လည်ပင်းမှာလည်း မာဖလာဟောင်းတစ်ထည်ကိုလည်း ပတ်ပေးထားသေးသည်။

ဦးခေါင်းပေါ်မှာ ကော်ဖြင့်ကပ်ထားသော ဆံပင်တို့ကိုလည်း ပြောင်လက်နေအောင် ဖြီးပေးထားရာ စောစောကနှင့်ပင်မတူတော့ပဲ တကယ့်သက်ရှိ လူတစ်ယောက်နှင့်မခြား ပုံသဏ္ဍာန်တူနေပြီဖြစ်၏။

ရုပ်ပိုင်းဆိုင်ရာများ၊ ပြုပြင်ပြီးသောအခါ နောက်တစ်



www.burmeseclassic.com

www.burmeseclassic.com



ဆင့် ပြုလုပ်ရပေဦးမည်။

ထိုအဆင့်ကတော့ အသက်မရှိသေးသော အရုပ်များကို အသက်သွင်းရန်ပင် ဖြစ်တော့သည်။







# အခန်း (၅)

# သူတောင်းစားဂိုဏ်းထောင်၍ အကြီးအကဲလုပ်လိုသူ

လူရုပ်တို့ကို အသက်သွင်းသောအလုပ်ကတော့ ဒေါ်မင်းဇာကိုယ်တိုင် ပြုလုပ်ရသောအလုပ် ဖြစ်ပေသည်။

သူသည် ထိုကဲ့သို့ အသက်သွင်းသော (ဖုတ်သွင်းသော) အလုပ်ကို လူခြေတိတ်ဆိတ်သော ညအချိန်ရောက်မှ ပြုလုပ်လေ့ရှိသည်။

အသင့်ပြင်ဆင်ပြီးသော လူရုပ်များကို တစ်နေရာမှာ



www.burmeseclassic.com

www.burmeseclassic.com



ထောင်ထားပြီး ဦးစွာ အရာရှိပုံသဏ္ဍာန် ပြင်ဆင်ထားသည့် လူရုပ်ကို အခန်းအလယ်မှာ ထောင်ထားလေသည်။

အသက်မရှိသေးသောကြောင့် မတ်မတ်ရပ်နေနိုင်စေရန် ဘေးမှကြိုးများ၊ တိုင်များဖြင့် ထိန်းပေးထားရသည် ကြိုးစများကိုတော့ သံပချိုင်တို့က ထိန်းကိုင်ပေးထားရသည်။

လွှတ်တင်တော့မည့် မီးပုံးပျံတစ်လုံးကို မှိုင်းမပြည့်သေးခင်မှာ လဲကျမသွားစေရန် ကြိုးများဖြင့် ဆိုင်းပေးထားရသကဲ့သို့ ရှိလေသည်။

အခန်းအလယ်မှာ ထောင်ထားသောတိုင်မှာ မှီထားလျက် ကြိုးများဖြင့် ဆိုင်းထားသော လူရုပ်ကတော့ ငြိမ်သက်စွာ ရှိနေလေသည်။

ဒေါ်မင်းရာဇာက ထိုနေရာနှင့် မနီးမဝေးမှာ ကန်တော့ပွဲတစ်လုံးပြင်ထားပြီး မနီးမဝေးမှာလည်း အစီအရင်ပြုလုပ်သော ပစ္စည်းများ၊ ရုပ်တုများကို အစီအရီချထားလေသည်။ ပြီးလျှင် အိမ်အနောက်ဘက်မှာရှိသော တံခါးချပ်ကို ဖွင့်ထားစေသည်။

အပြင်ဘက်မှာ မှောင်ပိန်းနေသော်လည်း အိမ်အတွင်းမှာရှိသော မီးရောင်အချို့ကြောင့် အချို့နေရာများကို ဝိုးတဝါး လှမ်းမြင်ရသည်။

တံခါးဖွင့်ပြီးသည်နှင့် အသင့်ပြင်ထားသော ခေါင်းစာထုပ်များကို အပြင်ဘက်တောစပ်သို့ သွားချခိုင်းရာ သာမြိုင်နှင့်စံပုတို့နှစ်ယောက်က ကြောက်ကြောက်ရွံ့ရွံ့ဖြင့် သွားချပေးကြရ





သည်။

တောထဲမှာရှိသော တစ္ဆေသရဲထက်၊ ဒေါ်မင်းဇာက ပိုပြီး ကြောက်စရာကောင်းသဖြင့် ကြောက်ရွံ့စွာနှင့်ပင် လုပ်ကြရခြင်းဖြစ်ပေသည်။

ကိစ္စပြီးသောအခါ ဒေါ်မင်းဇာက သနပ်ဖက်ဆေးပေါ့လိပ်တစ်လိပ်ကို မီးညှိပြီး တစ်ဖွာနှစ်ဖွာ ဖွာလိုက်ရာ မီးခိုးငွေ့များထွက်လာလေသည်။

ဆေးလိပ်မီးလည်း တရဲရဲနှင့် စွဲနေလေပြီ။ ထိုအခါမှ ဆေးလိပ်ကို လူရုပ်ပါးစပ်ပေါက်ထဲသို့ ထိုးထည့်ပေးလိုက်လေသည်။

"အခုမှ ဟန်ကျသွားတော့တယ်၊ ဆေးပေါ့လိပ်ကို ဟန်ပါပါခဲထားတော့ တကယ်အရာရှိအရာခံ ပုံစံပေါက်နေပြီ၊ ဒင်းကိုအသက်သွင်းပေးရမယ်"

ဟုပြောကာ ဂါထာမန္တန်များ စတင်ရွတ်လေသည်။

ဒေါ်မင်းဇာရွတ်ဆိုသော ဂါထာမန္တန်တို့မှာ ရှေးဆရာများအသုံးပြုခဲ့သော ဖုတ်သွင်းသော ဂါထာမန္တန်များဖြစ်သောကြောင့် မဖော်ပြတော့ပြီ။

အမှန်တော့ အသက်မရှိသော ရုပ်ခန္ဓာအား အပြင်ဘက်မှာရှိနေသော ရုပ်ခန္ဓာမဲ့နေသော ဝိညာဉ်များကို ခေါ်ယူအသက်သွင်းခြင်းပင် ဖြစ်ပေသည်။

မိမိတို့ပတ်ဝန်းကျင်တွင် သာမန်မျက်စိဖြင့် မမြင်နိုင်သော ရုပ်ခန္ဓာမဲ့နေကြသည့် ဝိညာဉ်အမြောက်အမြားရှိကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကျမ်းဂန်များတွင် ဖော်ပြထားပြီးဖြစ်ပေသည်။

"တဇ္ဇတ္ထဒီပနီကျမ်း"တွင် ထိုအကြောင်းများကို အသေး စိတ်ဖော်ပြထားပါသည်။

ဒေါ်မင်းဇာက ဖုတ်သွင်းသော ဂါထာမန္တန်တို့ကို ရွတ် ဆိုနေရာ အချိန်အတော်ကြာသွားသောအခါ ပါးစပ်မှာ တပ်ပေး ထားသော ဆေးလိပ်က မဖွာပဲထားသောကြောင့် မီးငြိမ်းလုဖြစ် နေပေပြီ။

ဒေါ်မင်းဇာက ဂါထာမန္တန်ရွတ်ပြီးသောအခါ ထိုလူရုပ် အနီးသို့ လျှောက်သွားပြီး ရှေ့တည့်တည့်မှာရပ်ကာ အမိန့်ပေး လေသည်။

"ဟဲ့ ဆေးလိပ်မီးမသေစေနဲ့၊ မငြိမ်းစေနဲ့၊ နင့်မှာ ပါးစပ် မပါဘူးလား၊ နာနာလေးဖွာပေးထားမှပေါ့"

ထိုသို့ အမိန့်ပေးလိုက်သောအခါ မီးငြိမ်းတော့မည်ဖြစ် သဖြင့် အခိုးအငွေ့သေစပြုနေသော ဆေးလိပ်မှာ ပြန်လည်လှုပ် ရှားလာလေသည်။

မီးသေလုဖြစ်နေရာမှ မီးခိုးငွေ့များပြန်ထွက်စပြုလာချေ ပြီ။

"ဟုတ်ပြီ ဟုတ်ပြီ ဆေးလိပ်မီးမသေစေနဲ့ မငြိမ်းစေနဲ့ နာနာဖွာထားကွယ့်၊ ဆေးလိပ်မီးမငြိမ်းမှ နင်လည်း အသက်ရှင် လာလိမ့်မယ်. . ဖွာထား. . ဖွာထား"

ဟု အနီးမှ အဆက်မပြတ် အမိန့်ပေးနေရာ လူရုပ် လည်း အသက်ဝင်လာလေတော့သည်။





ပထမတော့ ဆေးလိပ်မီးမှာ တရဲရဲနှင့်ဖြစ်လာပြီး မီး ခိုးငွေ့များ ထွက်လာလေသည်။

သူ့အလိုအလျောက် ဆေးပေါ့လိပ်ကို အဆက်မပြတ်ဖွာ နေပြီဖြစ်သောကြောင့် မီးခိုးငွေ့များကလည်း ထိုနေရာတစ်ဝိုက် မှာ လူးလွန့်ပျံ့ဝဲနေတော့သည်။

နံဘေးမှ ကြည့်နေသူများကတော့ လေထဲမှာ ပျံ့ဝဲနေ သော မီးခိုးငွေ့များမှာ ပုံသဏ္ဍာန်အမျိုးမျိုးဖြစ်နေသောကြောင့် မကောင်းဆိုးဝါးများနှင့် ပုံသဏ္ဍာန်တူသည်ဟု ထင်မိကြလေ သည်။

အတန်ကြာသောအခါမှာတော့ လူအရိုး၊ ကောက်ရိုး၊ လဲမှို၊ အဝတ်စုတ်၊ စသော ပစ္စည်းများဖြင့် ပြုလုပ်ထားသော လူရုပ်များမှာ အသွင်ပြောင်းလာလေတော့သည်။

မျက်လုံးနှင့်ပါးစပ်များက လှုပ်ရှားလာသည်။

အသားအရည်ကလည်း လူတစ်ယောက်လို ဖြစ်လာ လေသည်။ တစ်ကိုယ်လုံးမှာလည်း အသက်ဝင်လာပြီဖြစ်သော ကြောင့် နတ်ဝင်သကဲ့သို့ ယိမ်းထိုးလာသည်။

သို့သော်လည်း ဟန်ချက်မထိမ်းနိုင်သောကြောင့်. . ဒယိမ်းဒယိုင်ဖြစ်နေရာ ဆိုင်းထားသောကြိုးများကို ကိုင်မြဲ ကိုင် ထားကြရဆဲရှိလေသည်။

အတန်ကြာသောအခါ ဆေးလိပ်က အတော်တိုသွားပြီ ဖြစ်သွားကြောင့် ဒေါ်မင်းဇာက နောက်ထပ်ဆေးပေါ့လိပ် တစ် လိပ်ကို မီးညှိပြီး လှမ်းပေးလိုက်တော့ သူ့လက်ဖြင့် လှမ်းယူပြီး



www.burmeseclassic.com

www.burmeseclassic.com



လဲသောက်လေသည်။

"ဟုတ်ပြီ . ဟုတ်ပြီ ဒီလိုမှပေါ့၊ မင်းက စောစောကလို လူရုပ်မဟုတ်တော့ဘူး၊ ငါတို့လိုပဲ ရုပ်နဲ့နာမ်နဲ့ တွဲပြီးလှုပ်ရှားနိုင်တဲ့ လူတစ်ယောက်ဖြစ်နေပြီ၊ ကိုယ့်ခြေထောက်ပေါ် ကိုယ် ရပ်ပြီး လျှောက်ကြည့်ရမယ်"

ဟုပြောပြီး ထိုသူကိုယ်ပေါ်မှာ ဆိုင်းထားသောကြိုးများကို ဖြုတ်ပေးလိုက်သည်။

ဆိုင်းထားသောကြိုးများကို ဖြုတ်လိုက်စတွင် ဒယိမ်းဒယိုင် ဖြစ်နေသေးသည်။

"လူတစ်ယောက်ဖြစ်လာရင် ကိုယ့်ခြေထောက်ပေါ်မှာ ကိုယ်ရပ်နိုင်ရတယ်၊ သူများအကူအညီမပါပဲ ကိုယ့်ဘာသာစမ်းပြီး လျှောက်ကြည့်စမ်း"

ဟု အမိန့်ပေးလိုက်သောအခါ ထိုလူက ဒယိမ်းဒယိုင်ဖြင့် စတင်လှုပ်ရှားလေသည်။

"ဟုတ်ပြီ ခြေထောက်တစ်ဖက်ကို အရင်လှမ်းကြည့်စမ်း"

ရပ်နေရာမှ ခြေထောက်တစ်ဖက်ကို ရှေ့သို့စတင်ပြီး လှမ်းလေသည်။

ပထမတော့ လမ်းလျှောက်ခါစ ကလေးတစ်ယောက်လို မဝံ့မရဲ ဖြစ်နေလေသည်။

ဒေါ်မင်းဇာက သူ့ရှေ့တည့်တည့် မနီးမဝေးနေရာမှာ ရပ်ပြီး လက်နှစ်ဖက် ဆန့်တန်းကာခေါ်သည်။





"ကိုင်း ဘာမှကြောက်မနေနဲ့ ရှေ့ကို ရဲရဲသာ လှမ်းလာခဲ့ပေတော့"

ထိုသို့ ခေါ်သဖြင့် ခြေတစ်လှမ်း၊ နှစ်လှမ်း ရှေ့သို့တိုး လျှောက်ကြည့်သည်။

ပထမတော့ လမ်းလျှောက်ခါစ ကလေးတစ်ယောက်လို ယိမ်းယိုင်နေရာမှ နောက်တော့ အရှိန်ရလာပြီးနောက် သူ့ဘာသာ လျှောက်လေတော့သည်။

ထို့ပြင် ပါးစပ်မှ တပ်ထားသော ဆေးပေါ့လိပ်ကိုလည်း မီးတရဲရဲဖြစ်အောင် ဖွာနေပြန်သည်။

ထိုလူမှာ ဒေါ်မင်းဇာက ရှေ့မှခေါ်သည့်အတိုင်း . . နောက်မှလျှောက်ရင်း လိုက်သွားလေရာ အခန်းအလယ်မှာ ထွန်းထားသော မီးအိမ်အောက်သို့ ရောက်လာလေသည်။

မီးအိမ်မှ ထွက်နေသော မီးရောင်ဖြင့် ကြမ်းပြင်ပေါ်မှာ ပေါ်လာသော အရိပ်ကို မြင်သောအခါ လှမ်းနေသော ခြေလှမ်းမှာတုံ့ခနဲ ရပ်သွားလေသည်။

ထိုသူမှာ အဝတ်အစားများ ဝတ်ဆင်ကာ လူတစ်ယောက်ပင်ဖြစ်နေသော်လည်း သူ့မျက်စိထဲမှာ မြင်နေသော အရိပ်က မူလရုပ်သွင်ကို ပြန်လည်မြင်နေသောကြောင့် ခြေလှမ်းတန့်သွားခြင်းဖြစ်သည်။

ထိုကဲ့သို့ ရပ်တန့်သွားသည်ကို ဒေါ်မင်းဇာက ရိပ်မိလေသည်။

"ဘာကြောင့်ရပ်လိုက်တာလဲ နင့်မျက်စိထဲမှာ မူလရုပ်



www.burmeseclassic.com

www.burmeseclassic.com



ကို ပြန်မြင်နေလို့ ရယ်လိုက်တာ မဟုတ်လား၊ လူတွေလည်း ဒီလိုပဲ ဟန်ဆောင်ဖုံးကွယ်ထားကြတာပဲ၊ ဘာများ ဝမ်းနည်းအားငယ်စရာရှိလို့လဲ၊ နင်လူ့တောထဲ ရောက်သွားတဲ့အခါ အဲဒါမျိုးတွေ အများကြီး တွေ့ရဦးမယ် ကဲ ကဲ ဘာမှ စိတ်ပျက်မနေနဲ့၊ နင် ဘယ်ဘဝက လာတယ်ဆိုတာကို ပြန်တွေးမနေနဲ့၊ အခုလို အရှိန်ကလေးရနေတုန်း ဆက်လုပ်လိုက်ကြရအောင်”

ဟု ပြောပြီး ဆေးလိပ်ဖွာခိုင်းလိုက်၊ လမ်းလျှောက်ခိုင်းလိုက်နှင့် ပြုလုပ်စေရာ ထိုသူကလည်း စေခိုင်းသည့်အတိုင်း ဆက်လုပ်ပြန်သဖြင့် အတော်ပင် အရှိန်ရလာလေသည်။

စောစောက လမ်းလျှောက်ခါစ ကလေးငယ်တစ်ယောက်လို ဒယိမ်းဒယိုင်ဖြစ်နေရာမှ အရွယ်ရောက်လာသော လူကြီးတစ်ယောက်ကဲ့သို့ တည်တည်ငြိမ်ငြိမ်နှင့် လျှောက်နိုင်လာချေပြီ။

အသားအရေသာမကပဲ မျက်တောင်ခတ်ခြင်း၊ ပါးစပ်လှုပ်ရှားပုံ လက်ခြေထောက်စသည်တို့၏ လှုပ်ရှားမှုများမှာလည်း လူတစ်ယောက် လှုပ်ရှားမှုမျိုးနှင့် အတော်ပင်တူလာချေပြီ၊ ထိုသို့ လှုပ်ရှားသွားလာနေကြသည်ကို နံဘေးမှ ကြည့်နေကြသော သံပချိုင်တို့ သုံးယောက်ကလည်း သဘောအကျကြီး ကျနေကြတော့သည်။

ရင်းတို့ပြုလုပ်ပေးလိုက်သည့် လူ့ရုပ်မှာ ယခုအခါတွင် လူတစ်ယောက်နှင့်မခြား သွားလာလှုပ်ရှားနေသည်ကို တွေ့မြင်ရသောကြောင့် ဖြစ်ပေသည်။





“အင်း. . လူနဲ့တော့ အတော်တူလာပြီ၊ ဒါပေမယ့် လူတစ်ယောက်က လူ့တောထဲဝင်ဖို့ ဆိုရင်တော့ ဒီပုံအတိုင်းနဲ့တော့ မရဘူး၊ ချက်ချက်ချာချာ ပြောတတ်ဆိုတတ်ဖို့ လိုသေးတယ်၊ တော်ကြာ တကယ့်နေရာမျိုးရောက်တော့မှ မပြောတတ် မဆိုတတ်နဲ့ ခွေးအကြီး လှည်းနင်းခံရသလို ဖြစ်နေရင် သိပ်မဟန်သေးဘူး၊ ကဲ. . ကဲ. . လမ်းလျှောက်တာရပ်ပြီး စကားပြောတာ သင်ကြရအောင်”

ဟု ပြောလိုက်သောအခါ အခန်းထဲမှာ ဒယိမ်းဒယိုင်နှင့် လမ်းလျှောက်နေသူက ရပ်လိုက်လေသည်။

“ကဲ. . . ကဲ. . . အသံထွက်ကြည့်စမ်း၊ အသံထွက်တာ ပါးစပ်က ထွက်ရတယ်ဆိုတာရော သဘောပေါက်တယ် မဟုတ်လား”

ဟု ပြောလိုက်သောအခါ ပါးစပ်ပေါက်မှာ အနည်းငယ်လှုပ်လာပြီးနောက် အသံတစ်ချက်ထွက်လာသည်။

သို့သော်. . . ဆေးလိပ်ကြီးက ပါးစပ်မှာခဲထားသောကြောင့် မပီမသထွက်လာခြင်းမျိုးပင်ဖြစ်သည်။

ကြားရတာကတော့ စကားပြောနေတာနှင့်မတူပဲ တစ်စုံတစ်ခုကို အော်နေသောအသံမျိုးသာ ကြားကြရလေသည်။

“ဟဲ့. . စကားပြောပါဆိုမှ ပါးစပ်က ဘာသံတွေ ထွက်နေတာလည်း ပီပီသသပြောစမ်း. . နင့်ပါးစပ်ထဲမှာ လျှာပါရဲ့ မဟုတ်လား”

ထိုသို့မေးသောအခါ ခေါင်းညိတ်ပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"စကားလုံးတွေကို ပီပီသသဖြစ်အောင် ပြောကြည့်စမ်း" ထိုအခါမှ ပီပီသသအသံမျိုး ထွက်လာသည်။

"စကားတော့ ပြောတတ်ပါရဲ့၊ ဘယ်လိုစကားလုံးမျိုးတွေ ပြောရမှန်းမှ မသိသေးတာ ကျုပ်က အခုမှ လူပြန်ဖြစ်တာလေ"

"အေး. . ဒါလည်း ဟုတ်တာပဲ၊ နင်အခုလောက် စကားပြောတတ်တာကိုပဲ အတော်ဟုတ်လှပြီ၊ စကားပြောတယ်ဆိုတာ ဦးနှောက်နဲ့ စဉ်းစားပြီးပြောရတာမျိုး နင့်မှာ ဉာဏ်မရှိဘူးလား"

"ခေါင်းထဲမှာ ဉာဏ်တော့ မရှိသေးဘူး၊ အမေကြီးတို့ ထည့်ပေးထားတဲ့ မှိုတွေနဲ့ အဝတ်စုတ်တွေပဲ ရှိတယ်"

ထိုစကားကြားသောအခါ ဒေါ်မင်းဇာက သဘောကျစွာ ရယ်လိုက်လေသည်။

"အော်. . ကိုယ့်ဘဝမှန်တော့ သိသားပဲကိုး၊ ဒါပေမယ့် စိတ်မပူပါနဲ့ ငါသားရယ်၊ အခုလောလောဆယ် နင့်ရဲ့ခေါင်းထဲမှာ ဘာမှမရှိသေးပေမယ့် လူတွေနဲ့တွေ့တဲ့အခါမှာ အသိဉာဏ်တွေ ဝင်လာပါလိမ့်မယ်"

"အဲဒီလို အသိဉာဏ်မျိုးတွေရအောင် အမေကြီးတို့က သင်မပေးနိုင်ဘူးလား"

"အသိဉာဏ်နဲ့ အတွေ့အကြုံဆိုတာ သူများသင်ပေးလို့မရနိုင်ဘူး၊ လောကကြီးထဲ ရောက်တဲ့အခါမှာ မင်းကို ဘဝအတွေ့အကြုံတွေက သင်ပေးပါလိမ့်မယ် မင်းကနိုင်ငံရေးလောကအရာရှိအရာခံဖြစ်အောင်လုပ်ပြီး လူကုံထံလောကကို သွားရမယ့်သူဆိုတော့ ဒီလိုအတွေ့အကြုံတွေ များများရှိထားဖို့တော့ လိုမယ်"





"ကျုပ်က အရာရှိအရာခံ လုပ်ရမယ်ဟုတ်လား၊ ဘာမတတ်ညာမတတ်နဲ့ ဖြစ်ပါ့မလား အမေကြီးရယ်"

ထိုစကားကြောင့် ဒေါ်မင်းဇာက မျက်စိပေါက်များ ပိတ်သွားသည်အထိ နောက်တစ်ကြိမ်ရယ်ပြန်လေသည်။

"မင်းက ဒါတွေတွေးပူနေတာကိုး အခုငါတို့တိုင်းပြည်မှာလည်း မင်းထက်ပိုဆိုးတဲ့လူတွေချည်း များပါတယ်၊ ဘာမှအသိပညာမရှိပဲနဲ့ တိုင်းပြည်မှာ ရှင်ဘုရင်တက်လုပ်တော့ အခုငါတို့ပြည်ကို တိုင်းတစ်ပါးသားတွေက သိမ်းယူထားကြတယ်၊ မင်းက အခုမှ လူ့ဘဝပြန်ရောက်လာတာဆိုတော့ ဒါတွေကိုတော့ သိဦးမယ်မထင်ဘူး"

"ဘာမှ မသိပါဘူး"

"အခု ဘာတွေဖြစ်နေတာလဲဆိုတော့ တိုင်းပြည်နဲ့ အဝှမ်းမှာ နေရာယူထားကြတဲ့လူတွေက ဦးနှောက်မရှိကြတဲ့လူတွေများတယ်၊ လက်ညှိုးထောင်ခေါင်းညိတ်တတ်တဲ့လူတွေများတယ်၊ ဒါကြောင့် တိုင်းတစ်ပါးသားတွေ ချယ်လှယ်တာ ခံနေရတာပေ့ါ၊ မှူးမတ်၊ ဝန်ကြီးတွေ လုပ်နေကြတယ်ဆိုတာ တိုင်းပြည်ကောင်းဖို့ထက် သူတို့ကောင်းဖို့ကသာ ပိုများအောင်လုပ်တတ်ကြတယ်၊ သူတို့ဘယ်လောက်အရည်အချင်းရှိတယ် မရှိဘူးဆိုတာ သူတို့ပြောတဲ့စကားသံတွေ နားထောင်တာနဲ့ သိနိုင်ပါတယ်၊ တိုင်းပြည်မှာ ဒီလိုလူစားမျိုးတွေချည်းများနေတာဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း မကောင်းဘူး၊ နောင်လည်း ကောင်းမှာမဟုတ်ဘူး"

"ဘာကြောင့်လည်း အမေကြီး"

"အခု ငါတို့တိုင်းပြည်ကို သိမ်းပိုက်ထားတဲ့ အင်္ဂလိပ်တွေက သူတို့လိုချင်တာတွေ အားရအောင်သယ်ယူပြီးရင် ပြန်ပေးထားခဲ့မှာ အဲဒီအချိန်ကျတော့မှ ကျန်တဲ့အရိုးအရင်းလေးတွေ ကိုက်ကြဖဲ့ကြဖို့အတွက်နဲ့ အချင်းချင်းနေရာလုကြ၊ ရန်ဖြစ်ကြနဲ့ ဘယ်ကောင်းတော့မှာလဲ"

ဒေါ်မင်းဇာက လက်ထဲမှာကိုင်ထားသော ပြောင်းဖူးဖက်ဆေးပေါ့လိပ်ကို မီးညှိ၍တစ်ဖွာနှစ်ဖွာ ဖွာပြီးမှ စကားပြန်ဆက်လေသည်။

"နောက်ပိုင်းခေတ်ပျက်ကာလတွေမှာ အာဏာရတဲ့လူတွေက ကိုယ်ရဖို့ ကိုယ်လုပ်ကြရင်းနဲ့ တဖြည်းဖြည်း တိုင်းပြည်တစ်ခုလုံး ဖြူကာပြာကာကျပြီးတော့ သူများဆီမှာ လက်ဖြန့်တောင်းရတဲ့ အခြေအနေမျိုး မလွဲမသွေရောက်ရမှာ အမှန်ပဲ၊ အဲဒီလို သူတောင်းစားခေတ်ရောက်တော့မှာမို့ ငါကကြိုတင်ပြီး သူတောင်းစားတွေ ကြိုမွေးနေတာလေ"

ဒေါ်မင်းဇာက အခန်းတောင့်တွင် အသက်မသွင်းရသေးသဖြင့် ထောင်ထားသော သူတောင်းစားအဝတ်အစားမျိုး ဝတ်ဆင်ပေးထားသည့် လူသုံးယောက်ကို လက်ညှိုးထိုးပြသည်။

"သူတောင်းစားတွေကို များများမွေးထားပြီး တစ်နေ့ကျတဲ့အခါ သူတောင်းစားတွေကို အုပ်ချုပ်ရတဲ့ အကြီးအကဲလုပ်တန်လုပ်ရမှာပဲဟေ့၊ လူညီရင် (ဤ)တောင်(ကျွဲ)ဖြစ်သေးတာပဲ





မဖြစ်နိုင်ဘူးလို့ မပြောနိုင်ဘူး၊ လူများရင် ဘာမဆိုဖြစ်နိုင်တယ်"

"အမေကြီးပြောတာ မှန်ပါတယ်၊ အခု ကျုပ်ကဘယ်လိုဆက်လုပ်ရမှာလဲ"

"မင်းက အတောင်အလက်စုံပြီဆိုတော့ လူတွေရှိတဲ့နေရာကို သွားရမယ်၊ မင်းမှုထမ်းအရာရှိအရာခံဖြစ်အောင် လုပ်ရမယ်၊ လောကမှာ ငွေရှိရင်ရှိ မရှိရင် အာဏာရှိရတယ်၊ ဒါကြောင့် မင်းကို အာဏာရအောင် လုပ်ခိုင်းပြီး၊ ဟိုတစ်ယောက်ကို သူဌေးဖြစ်အောင်လုပ်ခိုင်းရမယ်"

"ဖြစ်ပါ့မလား"

"မင်းက ဒီလောက်ပြောပြနေတာတောင် သဘောမပေါက်သေးဘူးလား၊ အခုတော့ ခေါင်းထဲမှာ ဘာမှ အသိဉာဏ်လည်းမရှိ၊ အတွေးအခေါ်လည်းမရှိလို့ တွေးပြီးလန့်နေပေမယ့်၊ လူတွေထဲရောက်သွားပြီး သူတို့နဲ့ ဆက်ဆံကြည့်တဲ့အခါ မင်းထက်အခြေအနေဆိုးတဲ့လူတွေ နေရာရနေတာကို တွေ့ရပါလိမ့်မယ်"

"ကောင်းပါပြီ သွားဆိုလည်း သွားပါ့မယ်"

"အေး. . . ဒါပေမယ့် လူ့လောကထဲမသွားခင် ငါမှာလိုက်တဲ့စကားတွေကိုလည်း သေသေချာချာ မှတ်သားသွားပေတော့ အဲဒီစကားတွေက. . .

တွေ့တဲ့လူနဲ့ သင့်အောင်ပေါင်း၊
ပေါင်းတဲ့လူဆီက ရသမျှယူ
ရသမျှတစ်ဝက်ကို ပူဇော်ပသရင်



www.burmeseclassic.com

www.burmeseclassic.com



(မင်းကို) ခွေးကတောင် အဖေခေါ်ပါလိမ့်မယ်”

ထိုသို့မှာကြားပြီးနောက် ၎င်းအသက်သွင်းပေးထားသောလူကို မွမ်းမံပြင်ဆင်ပြီးနောက် အပြင်ဘက်သို့ ခေါ်သွားလေတော့သည်။

အိမ်ကြီးထဲမှာ ကျန်ခဲ့သော သံပချိုင်တို့သုံးယောက်ကတော့ နောက်ထပ်အရုပ်တစ်ရုပ်ကို အဆင်သင့်ဖြစ်စေရန် ပြင်ဆင်ပေးကြလေသည်။

ညဥ့်နက်ပိုင်း ရောက်လာပြီဖြစ်သောကြောင့် အပြင်ဘက်၌ အမှောင်ထုများ ဖုံးလွှမ်းနေလေပြီ။







# အခန်း (၆)

## ဒေါ်မင်းဇာနှင့် သူတောင်းစားမညာ

နှစ်ဆောင်ပြိုင်အိမ်ကြီး၏ အောက်ဘက်မှာရှိသော အခန်းကျယ်ကြီး၏ နံရံတစ်နေရာမှာ အဝတ်အစားများ စုတ်စုတ်ပြတ်ပြတ်ဝတ်ဆင်ပေးထားသော လူသုံးယောက် ရပ်နေကြသည်။

၎င်းတို့မှာ ဒေါ်မင်းဇာ အသက်သွင်းပေးထားသော လူရုပ်များဖြစ်ကြပြီး ဒေါ်မင်းဇာအလာကို စောင့်နေကြခြင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

အတန်ကြာသောအခါ ထိုအခန်းထဲသို့ ဒေါ်မင်းဇာနှင့် သံပချိုင်တို့နှစ်ယောက် ဝင်လာကြလေသည်။

၎င်းတို့ဝင်လာတော့မှ စောစောက စာခြောက်ရုပ်များကဲ့သို့ ငြိမ်သက်နေကြသော လူသုံးယောက်တို့မှာ လှုပ်လှုပ်ရှားရှား ဖြစ်လာကြလေသည်။

ဒေါ်မင်းဇာက နံရံနဘေးမှာ ကပ်လျက် ငြိမ်သက်စွာ ရပ်နေကြသော လူသုံးယောက်တို့ကို တစ်ယောက်ချင်းစီကို သေသေချာချာ လိုက်ကြည့်လေသည်။

လူသုံးယောက်ကလည်း အစစ်ဆေးခံနေသော တပ်သားများပမာ ငြိမ်သက်စွာ ရှိနေကြလေသည်။

"နှစ်ယောက်ကတော့ သူတောင်းစားရုပ် ပေါက်ပါတယ် တစ်ယောက်ကတော့ သိပ်မဟန်သေးဘူး၊ သိပ်ပြီးချောနေတယ် နောက်ပြီး သူ့ပုံစံက သူတောင်းစားနဲ့မတူပဲ ကိုလိုနီလူကြီးလူကောင်းရုပ် ပေါက်နေတယ်"

ထိုအခါ သံပချိုင်က ပြောသည်။

"အရီးလေးကလည်း ရုပ်က အဓိက မဟုတ်ပါဘူး၊ ဟန်အမူအရာနဲ့ အသံနေအသံထား ကောင်းဖို့ပဲ မဟုတ်လား"

"ဒါတော့ ဒါပေါ့ဟဲ့၊ ဒါပေမယ့် တောင်းစားပါတယ်ဆိုမှပဲ လူကြီးလူကောင်းရုပ် ပေါက်နေမှတော့ ဘယ်သူက ပိုက်ဆံပေးချင်မှာလဲ"

"စိတ်မပူပါနဲ့ အရီးလေးရယ် ကိုလိုနီခေတ်မှာ လူကြီး





လူကောင်းရုပ်တွေနဲ့လည်း တောင်းစားနေကြတာ အများကြီးရှိတာပါပဲ"

"နင်ပြောလိုက်ရင်တော့ ဆင်ခြေတွေချည်းပဲ၊ ထားပါတော့ အလုပ်လုပ်တဲ့နေရာရောက်တော့ သူတို့ဘယ်လိုပုံစံနဲ့ တောင်းရမယ်ဆိုတာ သိလာကြပါလိမ့်မယ်၊ ဒါထက် သူတို့ကို သူတောင်းစားသင်တန်း မပေးခင် နာမည်အရင်ပေးရဦးမယ်၊ သူတို့နဲ့ လိုက်ဖက်မယ့် နာမည်ရှိရင် ပြောပါဦး"

ဟုပြောလေရာ သံပချိုင်က မျက်မှောင်ကြုတ်ပြီး အတန်ကြာအောင် စဉ်းစားနေလေသည်။

"သူတို့နဲ့ လိုက်ဖက်တဲ့နာမည်တွေဆိုရင်တော့ ရှည်ရှည်ဝေးဝေး တွေးနေစရာမလိုပါဘူး အရီးလေးရယ်၊ တစ်ယောက်ကို မာဒင်္ဂလို့ပေးမယ်၊ နောက်နှစ်ယောက်ကိုတော့ ကုသနဲ့ မာလလို့ ပေးရင် မကောင်းဘူးလား"

"နင်ကောင်းတာသာ ရွေးပေးပါဟယ်၊ ပြီးရင် သူတို့သုံးယောက်ကို ဘယ်ပုံဘယ်နည်း တောင်းရတယ်ဆိုတာ သင်တန်းပေးရဦးမယ်၊ အဲဒါ နင်ပဲတာဝန်ယူပြီး လုပ်ပေးလိုက်တော့"

"စိတ်ချပါ အရီးလေး"

ဒေါ်မင်းဇာ ပြန်ထွက်သွားသောအခါ သံပချိုင်က ထိုသုံးယောက်ကို တစ်ယောက်ချင်းစီ နာမည်များပေးလိုက်လေသည်။

"မင်းတို့သုံးယောက်က သူတောင်းစားလုပ်စားကြမယ့်သူတွေဆိုတော့ သူတောင်းစားတွေသိထားသင့်တာတွေကို ပြော



www.burmeseclassic.com

www.burmeseclassic.com



ပြထားရမယ်၊ ကုန်အရောင်းအဝယ်လုပ်တာပဲဖြစ်ဖြစ်၊ ဓားပြတိုက်စားတာပဲဖြစ်ဖြစ်၊ တောင်းစားတာပဲဖြစ်ဖြစ် အဓိကအချက်ကတော့ ပိုက်ဆံရအောင် လုပ်ကြတာပဲ နားလည်လား"

"ဟုတ်ကဲ့"

"ဒီတော့ သူတောင်းစားအလုပ်ဆိုသော်လည်း အထင်မသေးကြနဲ့၊ သူတစ်ပါးဆီက ပိုက်ဆံကိုရဖို့ ပညာသုံးပြီး အလုပ်လုပ်ကြတာပဲ၊ ဒါကို အလုပ်တစ်ခုလိုပဲ မင်းတို့သဘောထားကြရမယ်"

"ဟုတ်ကဲ့"

"လူတွေမှာ ဒေါသရှိတယ်၊ လောဘရှိတယ်၊ မောဟရှိတယ်၊ အတ္တမာနတွေရှိတယ်၊ သနားကြင်နာမှုတွေရှိတယ်၊ ကုန်သည်တွေကတော့ လူတွေရဲ့လောဘစိတ်ကို အကြောင်းပြုပြီး အလုပ်လုပ်ကြရတယ်၊ လောဘကြီးလေ အရှုံးအမြတ်များကြလေပေါ့"

"ဟုတ်ကဲ့. . ."

သံပချိုင်က သူသိထားသော အချက်အလက်များကို ဆရာကြီးတစ်ယောက်လို ပြောပြနေသော်လည်း. . . ကျန်သုံးယောက်ကတော့ ဘာမှ နားမလည်ကြသေးသောကြောင့် ပြောသမျှခေါင်းညိတ်ပြီး 'ဟုတ်ကဲ့' တစ်လုံးသာ ပြန်ပြောကြလေသည်။

"ကိုလိုနီအရာရှိ အရာခံတွေကတော့ အတ္တမာနတွေကို အကြောင်းပြုပြီး ငွေရှာကြတယ် မင်းတို့လို သူတောင်းစားတွေက





တော့ ဒီလိုမဟုတ်တော့ဘူး၊ လူတွေမှာရှိတဲ့ သနားကြင်နာတတ်တဲ့စိတ်ကို နိုးကြွလာအောင်လုပ်နိုင်မှ ပိုက်ဆံရကြတယ်၊ ဒီတော့ ပြောတာဆိုတာ ဟန်အမူအရာတွေက အရေးကြီးတယ်"

"ဟုတ်ကဲ့"

"နောက်ပြီး လူကဲခတ်ကောင်းဖို့လည်း အရေးကြီးသေးတယ် အထူးသဖြင့် မိန်းမတွေကို တောင်းတဲ့အခါမှာပေါ့၊ မိန်းမဆိုတာ သနားကြင်နာတတ်တဲ့စိတ် အလွယ်တကူပေါ်တတ်တာဆိုတော့ တောင်းတတ်ရင် သူတို့ဆီက ပိုက်ဆံရဖို့ ပိုပြီးလွယ်တယ်၊ ကဲ. . မာလ ရှေ့ကိုထွက်ခဲ့စမ်းကွာ"

ဟု ပြောသဖြင့် မာလဟု အမည်ပေးထားသူက ရှေ့သို့ထွက်လာသည်။

"ရာထူးရှိတဲ့ လူတစ်ယောက်ရှေ့ကိုရောက်လာရင် ရာထူးတိုးတက်ခိုင်မြဲပြီး လူကြီးမင်းဘဝအထိ ရောက်ပါစေလို့ ဆုတောင်းပေးရတယ် ငါသင်ပေးတဲ့အတိုင်း လိုက်ဆိုကြည့်စမ်း"

သံပချိုင်က ရွတ်ဆိုရမည့် စာအချို့ကို ပြောပြရာ မာလက တတွတ်တွတ်ဖြင့် လိုက်လံရွတ်ဆိုကြည့်နေသည်။ သို့သော် ချက်ချင်းမရပေ။

"မင်း ခေါင်းထဲမှာ ဦးနှောက်မရှိဘူးလား၊ ဒီလောက်ကလေးတောင် အခုထိမရသေးဘူးလား"

"ဆရာပဲ ကျွန်တော့်ခေါင်းထဲကို လဲမှိုနဲ့ အဝတ်စုတ်တွေထည့်ပေးထားတာ ဘယ်မှာ ဦးနှောက်ရှိမှာလဲ ဆရာရယ်"

"ဒါတော့ ဒါပေါ့ကွာ. . လဲမှိုနဲ့ အဝတ်စုတ်ပဲ ခေါင်းထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာရှိတယ်ဆိုပေမယ့် မင်းစိတ်ထဲက သေသေချာချာမှတ်ရင် ရပါတယ်”

ဟု ပြောဆိုပြီး နှစ်ခေါက်သုံးခေါက် ချပေးသောအခါ မာလက ရွတ်ဆိုရမည့်စာများကို အလွတ်ရသွားလေတော့သည်။

“ဟုတ်ပြီး မင်းဘာသာဆိုကြည့်စမ်း”

“သာဓုပါခင်ဗျား . . သာဓုပါခင်ဗျား . . ဤကဲ့သို့ ပေးကမ်းစွန့်ကြဲရသော ကုသိုလ်ကံ စေတနာကြောင့် ရရှိထားပြီးသော ရာထူးရာခံများ တည်မြဲခိုင်ခံ့ရုံသာမက တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်လို့ အထက်လမ်းအထိ တက်လှမ်းနိုင်ပါစေခင်ဗျား . .”

“အင်း . . စာတွေကတော့ အလွတ်ရသွားပြီး ဒါပေမယ့် ဆိုပုံဆိုနည်းကတော့ ဟန်မကျသေးဘူး၊ တောင်းတဲ့လူအသံနဲ့ မတူပဲ မင်းသားနှစ်ပါးသွား မြိုင်ထဲဟဲသလိုမျိုး ဖြစ်နေတယ်”

“ဘယ်လိုအသံမျိုးနဲ့ဆိုရမလဲ ဆရာ”

“သူတောင်းစားအသံဆိုတာ နှာခေါင်းသံလေးပါမှ နေရာကျတာကွ၊ နှာသံလေးပါတော့ ကြားရတဲ့သူတွေက သနားကြတာပေါ့၊ ဒီမှာ ငါဆိုပြမယ် သေသေချာချာ နားထောင်ထား”

ဟုပြောပြီး သံပချိုင်က သံနေ့သံထားဖြင့် ဆိုပြလေရာ ကျန်သုံးယောက်က နားထောင်နေကြလေသည်။

တစ်ယောက်ပြီးသောအခါ ကုသလိုခေါ်ပြီး သင်ပြန်လေသည်။





“မင်းတောင်းနေတဲ့နေရာရှေ့ကို လက်ဝတ်လက်စားတွေသီးနေအောင် ဝတ်ဆင်ထားပြီး သူဌေးကတော်၊ အရာရှိအရာခံကတော်လို ပုံစံမျိုးနဲ့ မိန်းမကြီးတစ်ယောက် ရောက်လာရင် ဒီလိုဆုတောင်းမျိုး တောင်းပေးရတယ်ကွ သေသေချာချာ နားထောင်ကြ”

ဟု ပြောကာသံနေသံထားဖြင့် ဆိုပြပြန်လေသည်။

“သာဓုပါခင်ဗျား . . သာဓုပါ . . သာဓုပါ ယခုလို စွန့်ကြဲပေးကမ်းရသော စေတနာကြောင့် စိန်ရွှေရတနာများ ဒီ့ရေအလားသို့တိုးပွားပြီး မတောင့်မတ မကြောင့်မကျနဲ့ မိမိတို့လိုရာဆန္ဒများ တစ်လုံးတစ်ဝတည်း ပြည့်စုံနိုင်ပါစေခင်ဗျား”

ထိုသို့ သင်ပေးသည်ကို ကုသဆိုသူက တတွတ်တွတ် လိုက်လံဆိုရင်းနှင့် အတန်ကြာတော့ ရသွားလေသည်။

နောက်တော့ မာဒင်္ဂဟု အမည်ပေးထားသူကိုခေါ်ပြီး သင်ပေးပြန်လေသည်။

“မင်းကတော့ အပျိုချောချောလေးတွေ၊ ရှက်ကိုးရှက်ကန်းနဲ့ လူပျိုပေါက်ကလေးတွေ ပိုက်ဆံလာထည့်တဲ့အခါ ဘယ်ပုံဘယ်နည်း ဆုပေးရမယ်ဆိုတာ ငါသင်ပေးမယ်”

“ဟုတ်ကဲ့ ဆရာ”

“သာဓုပါခင်ဗျား . . သာဓုပါ . . သာဓုပါ ယခုလို စွန့်ကြဲပေးကမ်းရသော စေတနာကြောင့် ရည်ရွယ်ထားတဲ့သူနဲ့ ရေစက်ကြောင့် နီးစပ်ရပါစေဗျာ ကြားထဲက နှောင့်ယှက်ဖျက်ဆီးနေတဲ့သူတွေရှိရင်လည်း မြူမှုန်ကို လေပြင်းတိုက်သလို ရှင်းစင်



www.burmeseclassic.com

www.burmeseclassic.com



ပေးပြီး ချစ်သောသူနဲ့ ဆုံစည်းခွင့် လက်တွဲခွင့် ရပါစေခင်ဗျာ၊ ဒီလိုသာ ဆုတောင်းပေးရင် သဘောကျကျေနပ်ပြီးတော့ နောက်တစ်ခါပြန်လှည့်လာပြီး ပိုက်ဆံတောင် ထည့်သွားဦးမယ်”

ဟု သင်ပေးလေသည်။

“အခု ငါသင်ပေးတဲ့ ဆုတောင်းစာတွေက မင်းတို့သုံးယောက်စလုံး အလွတ်ရအောင် ကျက်ကြရမှာကွ သဘောပေါက်ကြရဲ့လား”

“သဘောပေါက်ပါတယ် ဆရာ”

“အေး. . ဒါအပြင် မင်းတို့သူတောင်းစားတွေမှာ လူတန်းစားမရွေး ကြိုက်နှစ်သက်တဲ့ ဆုတောင်းမျိုးလည်း တတ်ထားရသေးတယ်ကွ”

“ဘယ်လို ဆုတောင်းမျိုးလည်းဆရာ”

“တချို့က ငါးပြားဆယ်ပြားလောက်ထည့်ပြီး ဆုတွေကျတော့ အများကြီးလိုချင်ကြတယ် ဒီလိုလူမျိုးတွေကျတော့ သိပ်လေကုန်မခံတော့ပဲ သာမန်ဆုလောက်ပဲ ပေးရတယ်၊ တစ်မတ်၊ ငါးမူး၊ တစ်ကျပ်လောက် ထည့်သွားတဲ့လူမျိုးမှသာ သူတို့နဲ့ သင့်တော်တဲ့ ဆုတွေမျိုးကို စိတ်ရှည်လက်ရှည်ပေးရတယ်၊ လူတန်းစားမရွေး သဘောကျတဲ့ ဆုတောင်းတစ်ခုကိုလည်း မင်းတို့ကို သင်ပေးထားရမယ်”

ဟု ပြောပြီး အောက်ပါ ဆုတောင်းတစ်ခုကို ထပ်မံသင်ပေးပြန်လေသည်။

“သာဓုပါခင်ဗျား. . သာဓုပါ. . သာဓုပါ ယခုလို စွန့်ကြ





ပေးကမ်းရသော စေတနာကြောင့်. . ဇောတိက၊ စတိုလ စတဲ့ သူဌေးကြီးလေးဦးတို့လို ပေး၍မကုန်လှူ၍မခမ်းကြပဲ ရတနာစိန်ကျောက် ဖြိုးမောက်ချမ်းသာကြပါစေ၊ ကိုးဆယ့်ခြောက်ဖြာ ရောဂါဝေဒနာကင်းပြီး စိတ်ချမ်းသာကိုယ်ချမ်းသာခြင်းနဲ့ လိုရာဆန္ဒများ တစ်လုံးတစ်ဝတည်း ပြည့်ဝကြပါစေခင်ဗျား”

ဟု သံနေသံထားဖြင့် ဆိုပြလေသည်။

“ဒါကတော့ သူတောင်းစားလောကမှာ ဘယ်တော့မှ မရိုးနိုင်တဲ့ ရှေးလက်သုံးဆုတောင်းပေါ့ကွာ၊ ကဲ. . ကဲ. . မင်းတို့သုံးယောက်စလုံး အခုငါသင်ပေးတဲ့ ဆုတောင်းစာတွေကို ကျေညက်အောင်ကျက်ထားကြ. .၊ ရပြီးသား ဆုတောင်းစာတွေကိုလည်း ဌာန်ကရိုဏ်းကျကျ သံနေသံထားနဲ့ ရွတ်ဖတ်နိုင်ကြအောင် လေ့ကျင့်ထားကြဟေ့”

ဟု ပြောဆိုမှာကြားကာ သံပချိုင် အပြင်သို့ ပြန်ထွက်လေတော့သည်။

အခန်းထဲမှာ ကျန်နေခဲ့သော သုံးယောက်ကတော့ သူတို့ကို သင်ပေးထားခဲ့သော ဆုတောင်းစာများကို မေ့ပျောက်မသွားစေရန် တတွတ်တွတ်နှင့် ရွတ်ဆိုရင်း ကျန်ခဲ့ကြလေသည်။

နောက်တစ်ရက်မှာတော့ ထိုအခန်းထဲသို့ ဒေါ်မင်းဇာ ရောက်လာပြီး သူတောင်းစားအသွင်ဖြင့် အပြင်သို့ ထွက်မည့်လူသုံးယောက်တို့ကို မှာစရာရှိသည်များကို မှာကြားလေသည်။

“ဒီကနေ့ကစပြီး မင်းတို့အပြင်ထွက်ပြီး ငွေရှာကြရတော့မယ်၊ မင်းတို့ကို လူလိုဖြစ်အောင်လည်း ငါကလုပ်ပေးခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြီး၊ တောင်းရမ်းစားသောက်ဖို့ ပညာတွေကိုလည်း သင်ကြားပေးလိုက်ပြီးပြီဆိုတော့ လူလောကထဲကို သွားကြရတော့မယ်"

ထိုသို့ပြောသောအခါ သုံးယောက်သား မျက်လုံးအပြူးသားနှင့် ကြည့်နေကြသည်။

"လူ့လောကထဲကို ရောက်တဲ့အခါ ကိုယ့်ကိုယ်ကိုယ် ဘယ်ဘဝကလာတယ်ဆိုတာ မမေ့ဖို့ အရေးကြီးတယ် လူတွေနဲ့ တွေ့တဲ့အခါ ဘယ်သူ့ကိုမှ အထင်မသေးကြနဲ့၊ လူတွေ့တိုင်းအထင်မသေးရသလို အထင်လည်း သိပ်မကြီးကြနဲ့၊ ဘာကြောင့်လည်းဆိုတော့ လူအတော်များများက ဟန်ဆောင်မှုတွေနဲ့ နေကြလို့ပဲကွယ်"

"စိတ်ချပါ အမေကြီး"

"ဒီမှာ မင်းတို့အတွက် အမွေပေးရမယ့် ပစ္စည်းတွေရှိသေးတယ်"

ဟု ပြောကာ အသင့်ယူလာသော ပစ္စည်းများကို တစ်ယောက်ချင်းစီကို ပေးလေသည်။

ထိုပစ္စည်းများမှာ . .

ဝါးတောင်ဝှေး၊ ဟောင်းနွမ်းပိန် လိန်နေသော ဒန်ခွက်၊ လွယ်အိတ်ဟောင်းတစ်လုံး၊ လွယ်အိတ်ထဲမှာ ခေါင်းပေါင်းရန် တဘက်ဟောင်း၊ စည်းဝါးတစ်စုံနှင့် သူ တောင်းစားများအတွက် အသုံးပြုရန် ပစ္စည်းအချို့တို့ကိုပါ ထည့်ပေးလေသည်။

"ဒါက နင်တို့သုံးယောက်အတွက် ပစ္စည်းတွေပဲ ဒါအပြင် ဒီနေရာကထွက်တာနဲ့ ကိုယ့်ဝမ်းစာကိုယ်ရှာပြီး စားသောက်





ကြရမယ်"

"ကျွန်တော်တို့က ဘယ်နေရာကို သွားကြရမှာလည်း အမေကြီး"

"တောင်းရမ်းစားသောက်တယ်ဆိုတာ ဆင်းရဲချို့တဲ့နေတဲ့ တောရွာတွေမှာ အလုပ်မဖြစ်ဘူး၊ တောမှာနေတဲ့လူတွေက သူတို့စားဖို့တောင် အနိုင်နိုင်ရှာဖွေစားသောက် နေကြရတာဆိုတော့ နင်တို့တောင်းလည်း ပေးနိုင်မှာ မဟုတ်ဘူး၊ ဒါကြောင့် တောင်းရမ်းစားသောက်ကြမယ်ဆိုရင် လူများများရှိတဲ့၊ ပိုက်ဆံများများရှိတဲ့ မြို့တွေမှာ သွားပြီးတောင်းကြပေတော့"

"ကောင်းပါပြီ"

"နောက်ပြီး တောင်းလို့ရတဲ့ငွေကိုလည်း စုဆောင်းပြီး ငါ့ဆီကို ပြန်ပို့ပေးကြဖို့လည်း မမေ့ကြနဲ့"

"စိတ်ချပါ အမေကြီး"

ထိုသို့မှာကြားပြီးနောက်တွင် မာလ၊ ကုသနှင့် မာဒင်ဟု အမည်ပေးထားသော သုံးယောက်ကို စားမြိန်ထုပ်တစ်ထုပ်စီနှင့် ခရီးစရိတ်အတွက် ငွေတစ်ကျပ်စီပေးကာ အပြင်သို့ စေလွှတ်လိုက်လေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၇)

# တောင်လုံးကျော်ဆေးမင် ရွာမိုးတော်

ရှေ့အခန်းများမှာ ဖော်ပြခဲ့သည့်အတိုင်း မဟာမြိုင်တောကြီးအတွင်းမှာသော်လည်းကောင်း၊ ၎င်းနှင့် ဆက်စပ်လျက်ရှိနေသော နေရာများ၌သော်လည်းကောင်း ရွာငယ်ကလေးများရှိကြသည်။ ချင်းတွင်းမြစ်ကမ်းနှင့်နီးသော နေရာများတွင်ရှိသည့်ရွာအချို့မှာ ရွာကြီးများဖြစ်သည်။

ဥပမာ မောက္ကတော်ရွာကဲ့သို့ လမ်းပန်းဆက်သွယ်ရေး



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသောနေရာများ၌ရှိသော ရွာများ၌ နေထိုင်သူ များလေသည်။

လမ်းပန်းဆက်သွယ်ရေး ခက်ခဲလှသည့် တောနက်ကြီးများရှိကြသည့် ရွာများကတော့ နေထိုင်သူ နည်းလှသဖြင့် ရွာငယ်လေးများသာဖြစ်သည်။

ထိုရွာကလေးများမှာ တစ်ရွာနှင့်တစ်ရွာ မတူကြပေ၊ အချို့ရွာများက အမဲလိုက်ခြင်း စသောဒုစရိုက်အလုပ်တို့ဖြင့် အသက်မွေးကြပြီး အချို့ရွာများကတော့ သီးနှံစိုက်ပျိုးခြင်းဖြင့်သာ အသက်မွေးဝမ်းကျောင်း ပြုကြလေသည်။

သစ်တောနှင့် ထိစပ်လျက်ရှိသော နေရာများမှာ မြေဩဇာကောင်းလှသောကြောင့် အသီးအနှံများစိုက်ပျိုးလျှင် များစွာဖြစ်ထွန်းကြသည်။

ဘူး၊ ဖရုံ၊ သခွား၊ ကြက်ဟင်းခါး၊ ဒန့်ဒလွန်၊ ပဲပင်များစိုက်ပျိုးသောအခါ အလွယ်တကူ ဖြစ်ထွန်းပြီး အသီးအနှံများလည်း အောင်မြင်ဖြစ်ထွန်းလေသည်။

ဘုရားနီရွာနှင့် မိုင်အနည်းငယ်ဝေးသော နေရာမှာ အောင်ချမ်းသာရွာရှိသည်။

ထိုရွာမှာလည်း အိမ်ခြေ (၅၀)ကျော်ခန့်ရှိပြီး ရွာကြီးတစ်ရွာပင် ဖြစ်လေသည်။

သို့သော်လည်း ထိုရွာနှစ်ရွာ၌ နေထိုင်ကြသူတို့မှာ စရိုက်ချင်းတော့ မတူကြပေ။

ဘုရားနီရွာမှာ နေကြသူများက အမဲလိုက်ခြင်း၊ ဝက်၊





ကြက်၊ ဆိတ်၊ နွားစသော တိရစ္ဆာန်များ မွေးမြူပြီး သတ်ဖြတ်ရောင်းချသော အလုပ်များ လုပ်ကိုင်အသက်မွေးကြသည်။

အချို့တောထွက်ပစ္စည်းတို့ကို ရှာဖွေရောင်းချသူတို့ ရှိကြသော်လည်း မများလှပေ။

အောင်ချမ်းသာရွာမှာ နေကြသူတို့ကတော့ ဘုရားတရားသံဃာ ကြည်ညိုလေးစားသူများ၊ ဘာသာရေးကို အလေးထားကြသူတို့ များလေသည်။

အများအားဖြင့် အသက်မွေးဝမ်းကျောင်းအလုပ်ကိုလည်း အကုသိုလ်အလုပ်ဖြင့် လုပ်ကိုင်မစားကြပဲ အသီးအနှံစိုက်ပျိုးခြင်းနှင့် တောထွက်သဘာဝပစ္စည်းတို့ကို ရှာဖွေစားသောက်ခြင်းဖြင့်သာ အသက်မွေးဝမ်းကျောင်းပြုကြသည်။

ဆန်စပါး ရှားပါးသောအချိန်များတွင် တောထဲမှ ထွက်သော ဝဥ၊ ကလောပီနံဥ၊ ကန်စွန်းဥ၊ စသည်တို့မှာ သူတို့အတွက် စားနပ်ရိက္ခာများ ဖြစ်ပေတော့သည်။

အောင်ချမ်းသာရွာမှာ ဘာသာရေးကို အလေးထားသောရွာဖြစ်သည်နှင့်အညီ ရွာထိပ်တွင်ဘုန်းတော်ကြီးကျောင်းနှင့် စေတီတစ်ဆူ တည်ထားကိုးကွယ်ကြသည်။

စေတီမှာ အောင်ချမ်းသာစေတီဟုပင် ဘွဲ့အမည်ပေးထားပြီး ဘုန်းကြီးကျောင်းမှာလည်း ရှေးဟောင်းလက်ရာဖြင့် ကြီးကျယ်ခမ်းနားစွာ တည်ဆောက်ထားသော ကျောင်းကြီးတစ်ဆောင်ဖြစ်သည်။

ကျွန်း၊ ပျဉ်းကတိုးသစ်သားတို့ဖြင့် ဆောက်လုပ်ထားပြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ကျောင်းလုံး ရေနံချေးများအထပ်ထပ် သုတ်ထားသောကြောင့် မည်းမှောင်လျက်ရှိနေသည်။

နီမောင်တို့ မိသားစုက အောင်ချမ်းသာရွာမှာ နေထိုင်ကြလေသည်။

နီမောင်က အသက်(၂၅)နှစ်ခန့်ရှိနေပြီး ညီဖြစ်သူ တိုးမောင်က (၁၅)နှစ်အရွယ်ခန့်ရှိသည်။

မိဘများကတော့ ဦးဘရှိန်နှင့် ဒေါ်ကျင်မေတို့ပင် ဖြစ်၏။ ၎င်းတို့မိသားစုလေးယောက်မှာ ထိုရွာမှာအနေကြာခဲ့ကြပြီး ဇာတိချက်မြှုပ်ကဲ့သို့ ဖြစ်နေကြလေပြီ. . . ။

သူတို့ပိုင်ဆိုင်သော ခြံကျယ်အတွင်းမှာ ရာသီထွက် အသီးအနှံပင်များစွာတို့ မပြတ်ရအောင် စိုက်ထားပြီး၊ နီမောင်တို့ ညီအစ်ကိုနှစ်ယောက်က တောထဲဝင်ပြီး တောထွက်ပစ္စည်းများကို ရှာဖွေကြသည်။

BURMESE CLASSIC .com

ရလာသောပစ္စည်းများကို စုဆောင်းထားပြီး တစ်ပတ်တစ်ခါ ဈေးကားများရောက်လာပါက ရောင်းချကြလေသည်။

သူတို့မိသားစုအတွက် စားသောက်ဖို့ မပူရသည့်အပြင် ငွေပိုငွေလျှံကလေးများပင် စုဆောင်းထားနိုင်ကြလေသည်။ ဒီနှစ်တော့ နီမောင်တို့မိသားစုအတွက် ရည်ရွယ်ချက်တစ်ခုရှိသောကြောင့် ခါတိုင်းထက် အလုပ်ကို ပိုမိုကြိုးစားနေကြရပေသည်။ အခြားမဟုတ်ပေ. . . ။

တိုးမောင်က အတော်အသင့် အရွယ်ရလာပြီဖြစ်သောကြောင့် နွေကာလရောက်လျှင် ရှင်ပြုပေးရန်အတွက် ဖြစ်ပေ





သည်။ နီမောင်မှာ ခါတိုင်းထက်ပင်မတူပဲ ညီဖြစ်သူကို ရှင်ပြုပေးရတော့မည့်မို့ ဝမ်းသာနေသည်။

တက်ကြွ ရွှင်လန်းနေလေသည်။

သတ်မှတ်ထားသည့်ရက် နီးသောအခါ တိုးမောင်ကိုပင် တောထဲမခေါ်ပဲ. . စောထီး၊ ငမဲအောင်တို့ အဖွဲ့နှင့်သာ အဖော်ပြုကာ သွားလေသည်။

တိုးမောင်ကိုတော့ ကျောင်းကိုပို့ကာ သင်္ကန်းတောင်းစာများ ကျက်မှတ်ခိုင်းထားလေသည်။

တိုးမောင်ကတော့ ကျောင်းမှာနေရတာ မပျော်ပေ၊ သင်္ကန်းတောင်းစာများ ကျက်မှတ်ရသည်မှာလည်း ခက်ခဲလှသောကြောင့် မကျက်ချင်ပေ။

ယခင်ကလိုပင် နီမောင်နှင့် တောထဲသို့ လိုက်ချင်နေသည်။ ငယ်စဉ်ကတည်းက တောထဲမှာ ကြီးပြင်းလာသဖြင့် ယခုကဲ့သို့ ဘုန်းကြီးကျောင်းမှာ နေရသောအခါ မနေတတ်မထိုင်တတ် ဖြစ်နေသောကြောင့် နီမောင်နှင့် တွေ့သောအခါ ပြောသည်။

"အစ်ကို ကျွန်တော် ကျောင်းမှာမနေချင်ဘူးဗျာ၊ အစ်ကိုနဲ့ တောထဲလိုက်ချင်တယ်"

"နောက်တော့လိုက်ရမှာပေါ့ ညီလေးရဲ့ အခုတော့ မင်းတောထဲလိုက်လို့ မရသေးဘူး"

"ဘာဖြစ်လို့လဲ"

"ရှင်ပြုခါနီးရင် တောထဲမသွားရဘူး၊ တောစိုးနတ်ဖမ်း



www.burmeseclassic.com

www.burmeseclassic.com

က ဖမ်းစားတတ်တယ်"

"သူတို့က ဘာဖြစ်လို့ ဖမ်းစားမှာလဲ"

"ငါလည်းမသိဘူးကွာ၊ ဒါပေမယ့် အခုလောလောဆယ်တော မင်းကျောင်းမှာပဲနေပြီး သက်န်းတောင်းတွေ ကျက်ရမယ်"

ဟု ပြောပြီးထားခဲ့ရသည်။

နီမောင်ကတော့ စောထီး၊ ငမဲအောင်တို့နှင့် အဖော်ပြုကာ တောထဲသို့သွားလေသည်။

မဟာမြိုင်တောကြီးမှာ ကျယ်ဝန်းသလောက် ဆေးဖက်ဝင်ပစ္စည်းများ၊ သယံဇာတပစ္စည်းများ ပေါကြွယ်ဝသော နေရာလည်းဖြစ်၏။

ထို့ပြင် ဂမုန်းမျိုးစုံတို့နှင့် သိဒ္ဓိရှိသောဆေးပင်များလည်း ရှိကြလေသည်။

သူတို့ရွာသို့ ဈေးကားရောက်လာသောအခါ ထိုကားမှ လူများက ၎င်းတို့အလိုရှိသော ဆေးဖက်ဝင်ပစ္စည်းများကို မှာကြားကြလေသည်။

တောင်တက်သူများက ထိုကဲ့သို့မှာကြားသော ပစ္စည်းများကိုရှာဖွေပေးနိုင်ပါက ဈေးကောင်းရကြလေသည်။ အများအားဖြင့်တော့ ဆေးဝါးဖော်စပ်သူများ၊ အင်္ဂရတ်ထိုးသူများနှင့် အစီအရင်ပြုလုပ်လိုသူများက ၎င်းတို့ကိုယ်တိုင် တောထဲဝင်ပြီး မရှာဖွေနိုင်ကြသဖြင့် ကားသမားများနှင့် လူကြုံမှာကြခြင်းဖြစ်လေသည်။

အများအားဖြင့်တော့ ဂမုန်းပင်၊ ဆေးပင်နှင့် သံ၊





ကျောက်စသောပစ္စည်းများကို မှာကြားကြခြင်းဖြစ်သည်။

မဟာမြိုင်တောနက်ကြီးအတွင်းမှာလည်း ထူးခြားဆန်းကြယ်သော သိဒ္ဓိဝင်အပင်နှင့် ဆေးပင်မျိုးစုံတို့ ရှိကြလေသည်။

သိဒ္ဓိရှိသောဆေးပင်များမှာ . . . ။

ဗဟန်းနက်၊ တာလဗီဇ ကျောက်ချဉ်နက်၊ ကန့်ကူဆံနက်၊ ပယင်းနက်၊ စလင်းနက်၊ လကြီးနက်၊ အဖြိုက်နက်၊ မဟူရာနက်၊ သန္တာနက်၊ ကန့်ကျုတ်နက်၊ နန္ဒင်းနက်၊ ဟုန်းနက်၊ ဆတ်ချိုနက်၊ ဒေါ်ရင်းနက်၊ စပါးလင်နက်၊ သက်ရင်းနက်၊ ကျွန်းနက်၊ နေဇာနက်၊ နေကြာနက်၊ ပိန်းနက်၊ စကားနက်၊ သဘော်နက်၊ ဒန့်ဒကူးနက်၊ သဇင်နက်၊ ဂမုန်းနက်. . .

စသည်တို့ရှိကြလေသည်။

ထိုသိဒ္ဓိရှိသော ဆေးပင်နက်တို့မှာ ဝိဇ္ဇာဇော်ဂျီတို့ ဟိမဝန္တာတောင်မှ ဆောင်ယူလာပြီး စိုက်ပျိုးထားသည့် ဆေးပင်များပင်ဖြစ်ပေသည်။

(ထိုဆေးပင်တို့မှာ သိဒ္ဓိရှိသောကြောင့်ရှာဖွေသော်လည်း မတွေ့နိုင်ကြပေ. . .။

မရှာဖွေသော်လည်း ထိုသူတို့မှာ မမျှော်လင့်ပဲနှင့်လည်း တွေ့ရတတ်သည်။

ထိုသို့တွေ့သော်လည်း မသိသဖြင့် အသုံးမပြုရသည်ကများလှပေသည်။)

ထို့ပြင် သိဒ္ဓိရှိသူတို့ ဟိမဝန္တာ စသောနေရာများမှ ဆောင်ယူလာသောဆေးပင်များလည်းရှိပေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုဆေးပင်တို့မှာ. . .

နေကြပဘာယဆေးပင်၊

ကွစ္ဆာသယဘာယဆေးပင်၊

ကန့်ကျုတ်နက်ဆေးပင်၊

ဂမုန်းဖြူ ဂမုန်းနီဆေးပင်၊

တောင်လုံးကျော်ဆေးပင်၊

ဆေးကမြင်းပင်၊

ကတ္တီပါရိုးနီပင်၊

သောတပန်ဆေးပင်. . .၊

ထိုကဲ့သို့သောဆေးပင်များအပြင် အခြားဆေးဖက်ဝင် အပင် မျိုးစုံတို့လည်း ရနိုင်ပေသေးသည်၊

လသာဖြူပင်၊ ဆေးဝိဇ္ဇာပင်၊ စတုရဂ္ဂုလီဆေးပင်၊ ပုစွန်စာရိုးနီပင်၊ ဒိန္ဒဇော်ဂီပင်၊ နှမ်းရိုင်း၊ ငမွဲပင်၊ တပင်ရွှေထီးပင်၊ ဆိတ်သမီးပင်၊ ဆေးချည်ဝင်ပင်၊ နှစ်တစ်ရာဂုံညင်းပင်၊ ဝက်ခေါက်ဆီပင်၊ ဆေးမင်းကတ္တီပါပင်၊ မြက်မီးသွေးပင်၊ ကန့်ကျုတ်နက်ပင်၊ ဖားပြုပ်ဆုတ်ဆိုင်းပင်၊ သဘော်ခါးပင်၊ ဖာလာချဉ်ပင်၊ ငွေးခါးပင်၊ ပိန်းချဉ်ပင်၊ ဆီမီးတောက်ဖြူပင်၊ ပဥ္စဂုလီဆေးပင်၊ ပုစွန်ခြေကြွပင်၊ ပိုးဝင်ဖြူပင်၊ ကြာက်မောက်နီပင်၊ နှမ်းတစ်လုံးပင်. . ၊

အထက်ပါ ဆေးပင်တို့မှာ အဂ္ဂိရတ်ထိုးရာတွင် အသုံးပြုနိုင်သော ဆေး..ပ်များပင်ဖြစ်ပေသည်။

နီမောင်၊ စောထီး၊ ငမဲအောင်တို့သည် တောထဲသို့





ရောက်သောအခါ အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်၌ထိုင်ကာ ပါလာသော အစားအသောက်များကို စားသောက်ရင်းနှင့် စကားပြောနေကြသည်။

"နီမောင် မင်းဒီတစ်ပတ် ဘယ်လိုဆေးပင်တွေ ရှာမလဲ"

"တောင်လုံးကျော်ဆေးပင်"

ထိုစကားကြောင့် စောထီးနှင့်ငမဲအောင်တို့နှစ်ယောက်စလုံး မျက်လုံးပြူးသွားကြသည်။

"တောထဲမှာ ရှာဖွေရတာ အခက်ခဲဆုံးဆေးပင်ကိုမှ မင်းကို ဘယ်သူက မှာထားတာလဲ"

"အရင်တစ်ပတ် ဈေးကားလာတုန်းက ဆေးဆရာကြီးတစ်ယောက်ပါလာတယ် သူက မှာသွားတာ"

"ရှာလို့လွယ်ပါ့မလား"

"ရမရတော့ မသိသေးဘူး၊ တောင်လုံးကျော်ဆေးပင်နဲ့ဆေးမြစ်ရရင် ဈေးများများပေးမယ်လို့ မှာသွားခဲ့တယ်၊ ငါကလည်း ငါ့ညီလေး ရှင်ပြုပေးဖို့အတွက် ပိုက်ဆံလိုနေတာမို့ မရရအောင် ရှာပေးပါ့မယ်လို့ ကတိပေးလိုက်တယ်"

ကျန်နှစ်ယောက်က သက်ပြင်းချလိုက်ကြသည်။

"ငွေလိုတာလည်း လိုတာပေါ့ကွာ ဒါပေမယ့် တောင်လုံးကျော်ဆေးပင်ဆိုတာ ရှာလို့မှ မတွေ့နိုင်တာ"

"ဟုတ်တယ်နီမောင်ရ တောင်လုံးကျော်ဆေးပင်ဆိုတာနတ်ဆေးပင်ဆိုတော့ နတ်တွေက ဝှက်ထားတာကြောင့် မတွေ့နိုင်ဘူးလို့ လူကြီးတွေ ပြောသံကြားဖူးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကြီးစားကြည့်ရမှာပေါ့ကွာ၊ ဆရာကြီးကို ရှာပေးပါ့မယ်လို့ ကတိပေးထားပြီးမှတော့ ရှာကြည့်သေးတာပေါ့၊ နတ်တွေဝှက်ထားတဲ့ဆေးပင်ဆိုတော့လည်း နတ်တွေဆီက ခွင့်တောင်းပြီး ရှာတန်ရှာရမှာပေါ့ကွာ"

ဟု ပြောရာ ကျန်နှစ်ယောက်က ဘာမှ မပြောသာတော့ပေ။ အဘယ်ကြောင့်ဆိုသော်. . .

တောနက်ကြီးများမှာ တောကြီးလေ နတ်ကြီးလေ၊ မာယာများလေဖြစ်ရာ ဖြစ်နိုင်သောအရာများပင် မဖြစ်နိုင်သောအခြေအနေမျိုး ရောက်သွားတတ်သလို မဖြစ်နိုင်သောအရာများမှာလည်း မမျှော်လင့်ပဲ အံ့သြဖွယ်ကောင်းလောက်အောင် ဖြစ်ပျက်မှုများ ရှိခဲ့ဖူးသောကြောင့် ဖြစ်ပေသည်။

ထမင်းစားသောက်ပြီးသောအခါ သုံးယောက်သားလူစုခွဲပြီး အလိုရှိသောပစ္စည်းများ လိုက်လံရှာဖွေကြလေတော့သည်။ သူတို့သုံးယောက်မှာ ရှာဖွေလိုသော ပစ္စည်းမတူကြသဖြင့် နေရာချင်းလည်း မတူကြတော့ပေ။

သို့သော်. .

သိပ်ဝေးဝေးတော့ မဟုတ်ကြပေ။

အရေးအကြောင်းရှိပါက အသံကြားနိုင်လောက်သည့်နေရာများမှာသာ ရှိကြလေသည်။

စောထီးနှင့် ငမဲအောင်တို့ ထွက်သွားသောအခါ နီမောင်က ပလိုင်းထဲမှာ ထည့်ယူလာသော ပစ္စည်းအချို့ကို ထုတ်ယူလိုက်လေသည်။ အခြားမဟုတ်ပေ။





ထမင်း၊ ငှက်ပျောသီး၊ ထန်းလျက်တို့ပါသော စားမြိန်ထုပ်၊ လက်ဖက်၊ ကွမ်းယာ၊ ဆေးလိပ် စသည်တို့ပင်ဖြစ်ပေသည်။

နီမောင်က ကျောက်ပြားတစ်ချပ်ပေါ်မှာရှိသော အမှိုက်သရိုက်များကို ဖယ်ရှားပြီး အင်ဖက်ကြီးများခူးယူကာ ဖြန့်ခင်းလိုက်သည်။

ထိုအင်ဖက်ပေါ်တွင် သူယူဆောင်လာသော ပစ္စည်းများကို နေရာချသည်။

ပြီးတော့မှ ဖယောင်းတိုင်တစ်တိုင်ကို မီးထွန်း၍စိုက်ကာ ဆုတောင်းသမှု ပြုလေသည်။

"တောစောင့်နတ်၊ တောင်စောင့်နတ်များနှင့် ဤတောအတွင်းမှာရှိသော သက်ဆိုင်ရာပုဂ္ဂိုလ်အပေါင်းတို့ခင်ဗျား. . .

ကျွန်တော်ဆက်သလှူဒါန်းသော ဤစားသောက်ဖွယ်ရာတို့ကိုလည်းလက်ခံပြီး သုံးဆောင်တော်မူကြပါခင်ဗျား. .၊

ဤကဲ့သို့ ကျွေးမွေးလှူဒါန်းရသော အကျိုးကျေးဇူးကြောင့် တောတောင်ထဲမှ ဘေးဥပဒ်အန္တရာယ်များ ရှိပါကလည်း အဝေးသို့ရောက်အောင် ဖယ်ရှားပေးတော်မူပါ. . .

ကျွန်တော်အလိုရှိသော ဆေးပင်များကိုလည်း တွေ့ရလေအောင် လမ်းပြပေးတော်မူပါ၊ ကူညီစောင့်ရှောက်ပေးတော်မူကြပါခင်ဗျား"

ဟု တိုင်တည်ရွတ်ဆိုမှု ပြုလုပ်လေသည်။

ပြီးမှ မီးထွန်းထားသော ဖယောင်းတိုင်မီးကို မီးငြိမ်းထားခဲ့ပြီး ထိုနေရာမှ ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူ့အနေဖြင့် တောင်လုံးကျော်ဆေးပင် ရှိသည်ကိုသာ အသံကြားဖူးသော်လည်း တစ်ကြိမ်တစ်ခါမှတော့ မမြင်ဘူး၊ မတွေ့ဘူးသေးပေ။

ထို့ကြောင့် ဘယ်လိုရှာရမှန်း မသိပေ။

သို့သော်လည်း တောထဲမှာ ဒီအတိုင်းလျှောက်သွားနေခြင်းမဟုတ်ပဲ အခြားတွေ့သမျှသော ဆေးပင်၊ ဆေးမြစ်၊ ဆေးဥများနှင့် အသုံးဝင်သောပစ္စည်း တွေ့ပါက စုဆောင်းယူငင် ထားလေသည်။

နေ့လယ်ပိုင်းရောက်တော့ အရိပ်ကောင်းသော သစ်ပင်ကြီးအောက်မှ ခေတ္တရပ်နားမည်ဟု စိတ်ကူးပြီးဝင်သွားရာ သူ့အရင်လူတစ်ယောက်က ရောက်နှင့်နေသည်ကို တွေ့ရလေသည်။

သစ်ပင်ရိပ်မှာ နားနေသူမှာ အသက်အရွယ်ကြီးနေပြီးဖြစ်သော အဘိုးအိုတစ်ဦးဖြစ်ပြီး ခရီးသွားတစ်ဦး ဖြစ်ဟန်တူလေသည်။

နီမောင်ကို မြင်သောအခါ. . .

"ရေပါရင် သောက်ပါရစေကွယ်"

ဟု တောင်းသဖြင့် နီမောင်က ခါးမှာချိတ်ထားသော ရေဘူးကို ဖြုတ်ပေးလိုက်လေသည်။

အဘိုးကြီးက ရေအတော်များများ သောက်ပြီးတော့မှ ရေဘူးကို ပြန်ပေးလေသည်။

"ကျေးဇူးတင်ပါတယ်ကွယ်၊ အခုမှပဲ ရင်အေးသွားတော့





တယ်၊ ဒါထက် တောထဲလာတာ ဘာအတွက်လဲ"

ဟု မေးသည်။

"ဆေးပင်၊ ဆေးမြစ်ရှာဖွေဖို့ လာတာပါအဘ အဓိက လိုချင်တာကတော့ တောင်လုံးကျော်ဆေးပင်ပါပဲ၊ ဒါပေမယ့် တစ်ခါမှ မမြင်ဘူးတော့ ဘယ်လိုရှာရမှန်းတောင် မသိပါဘူး"

"တောင်လုံးကျော်ဆေးပင်က နတ်ဆေးပင်ပဲ၊ ဒါထက် ရရင်ဘယ်လိုသုံးမှာလဲ"

"ကျွန်တော်ကတော့ ဘယ်လိုမှ မသုံးတတ်ပါဘူး အဘရယ်၊ မှာတဲ့သူရှိလို့ လာရှာပေးတာပါ။ ဆေးပင်ရောင်းလို့ရတဲ့ ပိုက်ဆံကို ညီလေးရှင်ပြုတဲ့အထဲမှာ သုံးဖို့ပါ"

ဟု ပြောသောအခါ အဘိုးကြီးက ခေါင်းညိတ်ပြသည်။

"ဒီလိုဆိုရင်တော့အတော်ပဲ၊ ငါလည်းကုသိုလ်ယူတဲ့အနေနဲ့ မင်းကိုဆေးပင်တွေ့အောင် ဝိုင်းကူရှာပေးရင် ပိုကောင်းမယ်"

"ဒီလိုရှာပေးရင်တော့ အဘကို ကျေးဇူးတင်ရမှာပဲ၊ ဒါထက်အဘက တောင်လုံးကျော်ဆေးပင်ကို မြင်ဘူးသလားဟင်"

"တစ်ခါနှစ်ခါတော့ တွေ့ဖူးပါတယ် ဒါပေမယ့် ဒီဆေးပင်က နတ်တွေဝှက်ထားတာဆိုတော့ ဒီအတိုင်း လိုက်ရှာနေလို့ကတော့ တွေ့မှာမဟုတ်ဘူး"

"ဘယ်လိုရှာရမလဲ အဘ"

"သူဘယ်နေရာမှာ ရှိတယ်ဆိုတာ နာမည်ခေါ်ကြည့်ရတယ် အဲဒီလိုခေါ်ရင် သူရှိနေရင် ပြန်ထူးလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် နီမောင်မှာ များစွာအံ့ဩသွားလေသည်။

"မင်းက ငါပြောတာကို သိပ်မယုံဘူးနဲ့တူတယ် မကြာခင်မှာတော့ မင်းလက်တွေ့မြင်ရကြားရမှာပါ၊ ကိုင်းသွားကြရအောင်"

ဟုပြောပြီး နေရာမှထလေရာ နီမောင်လည်း သူခေါ်ရာနောက်သို့ လိုက်သွားလေတော့သည်။

"တောင်လုံးကျော်ဆေးပင်က တောင်ကုန်းရှိတဲ့နေရာတွေမှာ ပေါက်လေ့ရှိတာဆိုတော့ အဲဒီဘက်သွားကြရအောင်"

"ဟုတ်ကဲ့ ဒါထက် အဘက ကျွန်တော့်လိုပဲ ဆေးပင်ရှာဖို့ ဒီတောထဲရောက်နေတာလား"

"ဟုတ်တယ် ငါလည်းဆေးပင်ရှာဖို့ ရောက်နေတာပါပဲ၊ ဒါပေမယ့် ငါ့အတွက်တော့ မဟုတ်ပါဘူး"

နီမောင်လည်း ဆက်မမေးတော့ပေ. . .

စကားတပြောပြောနှင့် လျှောက်လာရာ တောင်ကုန်းတစ်ကုန်းရှိသောနေရာသို့ ရောက်လာလေသည်။

"ဆေးပင်ရှာတဲ့အချိန်မှာတော့ အသံမထွက်စေနဲ့ ကြားလား"

"ဟုတ်ကဲ့"

ထိုသို့ပြောပြီးနောက် အဘိုးကြီးက ခေါ်သံပေးလိုက်လေသည်။

"တောင်လုံးကျော်ရေ တောင်လုံးကျော်"





အဘိုးကြီးခေါ်သံက အတော်ပင်ကျယ်လောင်လှပေရာ တောထဲမှာ ပဲ့တင်ထပ်သွားလေသည်။

နေရာအနှံ့မှ၊ တောင်လုံးကျော်ရေ တောင်လုံးကျော် ဆိုသောအသံများ အဆက်မပြတ် ပေါ်ထွက်လာလေတော့သည်။

ပထမတော့ နီမောင့်စိတ်ထဲမှာ အခြားနေရာမှ ပြန်ထူးသောအသံများ ဖြစ်မည်ဟု ထင်လိုက်မိသေးသည်။

သေသေချာချာ နားထောင်ကြည့်တော့မှ တော၏ပဲ့တင်ထပ်သံများဖြစ်ကြောင်း သိရတော့သည်။

ပဲ့တင်ထပ်သံများ ရပ်တန့်သွားသောအခါမှ အဘိုးကြီးက နောက်တစ်ကြိမ်ခေါ်လိုက်ပြန်သည်။

"တောင်လုံးကျော်ရေ. . ဟေး တောင်လုံးကျော်"

ထိုအခါမှာလည်း ပဲ့တင်ပြန်လာသော အသံများကိုသာ ကြားရပြီး အခြားအသံတော့ မကြားရပေ။

နောက်တစ်ကြိမ် ခေါ်လိုက်သောအခါမှာတော့ သူတို့ရှိနေသောနေရာနှင့် မနီးမဝေးမှာရှိသော တောင်ကုန်းတစ်ကုန်းပေါ်မှ ထူးခြားသောအသံကို ပြန်ကြားရလေသည်။

"တောင်လုံးကျော်ရေ. . တောင်လုံးကျော်"

ထိုအသံမှာ တော၏ပဲ့တင်သံမဟုတ်ပဲ တစ်နေရာမှ ပေါ်ထွက်လာသော အသံဖြစ်မှန်း သတိပြုမိလေသည်။

"မင်းလိုချင်တဲ့ဆေးပင် ဟိုတောင်ကုန်းပေါ်မှာရှိတယ် သွားကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီး တောင်ကုန်းပေါ်သို့ တက်ခဲ့ကြသည်။

တောင်ကုန်းမှာ သိပ်မမြင့်လှပေ။

သူတို့တက်သွားသောအချိန်ထိ 'တောင်လုံးကျော်ရေ' ဟူသော ခေါ်သံများကို ကြားနေရသေးသည်။

သို့သော် တောင်ကုန်းထိပ်ပေါ် ရောက်သွားသောအခါ အသံပျောက်သွားလေသည်။

ဘာသံမှ မကြားရတော့ဘဲ တိတ်ဆိတ်ငြိမ်သက်နေသည်။ ထိုအခါ အဘိုးကြီးက ပြန်ခေါ်လေသည်။

"တောင်လုံးကျော်ရေ. . . တောင်လုံးကျော်"

ထိုသို့ ခေါ်လိုက်ပြန်တော့ အခြားတစ်နေရာမှ အသံပြန်ကြားရလေသည်။

ဒီတစ်ခါမှာတော့ ကြားရသောအသံက တောင်ကုန်းထိပ်ပေါ်မှ မဟုတ်တော့ပေ။

တောင်ခြေဘက်မှ ပေါ်ထွက်လာခြင်းဖြစ်သည်။

ထိုအသံကြားရတော့ အဘိုးကြီးကပြောသည်။

"ငါတို့ တောင်ကုန်းပေါ်ရောက်လာတော့ သူကတောင်အောက်ရောက်သွားပြီ၊ ဒီတော့ ဒီလိုလုပ်ကြမယ် ငါကတောင်ခြေကိုဆင်းပြီး ခေါ်ကြည့်မယ် သူအပေါ်ရောက်လာတဲ့အခါမှ မင်းက နှုတ်ယူထားလိုက်ပါ"

"တောင်လုံးကျော်ဆေးပင်မှန်း ဘယ်လိုခွဲခြားရမလဲ"

"စိတ်မပူနဲ့ အသံကြားတဲ့နေရာကို လှမ်းကြည့်လိုက်၊ အဲဒီဆေးပင်က အသက်ဝင်ပြီး လှုပ်နေလိမ့်မယ်၊





မင်းက ဟိုသစ်ပင်နောက်မှာကွယ်ပြီး အခြေအနေကို ကြည့်နေပါ"

ဟုမှာကြားပြီး အဘိုးကြီးက တောင်ခြေဘက်သို့ ပြန်ဆင်းသွားလေသည်။

နီမောင်လည်း မနီးမဝေးမှာရှိသော သစ်ပင်တစ်ပင်နောက်သို့ ဝင်ကပ်ကာ အခြေအနေကို စောင့်ကြည့်နေလေသည်။

ခဏကြာတော့ တောင်ခြေဘက်မှာ အဘိုးကြီးအသံကို အရင်ကြားရသည်။

သူခေါ်သံပျောက်သွားသည်နှင့် မရှေးမနှောင်းမှာပင် တောင်ကုန်းထိပ်ဖေါ်မှ အသံထွက်လာသည်။

"တောင်လုံးကျော်ရေ. . . တောင်လုံးကျော်"

အသံထွက်လာသောနေရာမှာ သူရှိနေသော နေရာနှင့်မဝေးလှသဖြင့် ခေါင်းပြူပြီးကြည့်လိုက်သောအခါ မြေပေါ်သို့ နှစ်တောင်ခန့်ထွက်နေသည့် သစ်ပင်ငယ်တစ်ပင်မှာ အသက်ဝင်နေသကဲ့သို့ လှုပ်ယမ်းနေသည်ကို တွေ့မြင်ရလေသည်။

"ဒီသစ်ပင်ဆီက အသံထွက်နေတာပါလား၊ ဒါ အဘပြောသွားတဲ့ တောင်လုံးကျော်ဆေးပဲ ဖြစ်ရမယ်"

ဟု တွေးတောပြီး နေရာမှထွက်သွားသည်။

သူထွက်သွားတော့ စောစောက ကြားနေရသော အသံမှာ တိတ်သွားသည်။

လှုပ်ယမ်းနေသော သစ်ပင်မှာလည်း ငြိမ်ကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် နီမောင်က မျက်ခြည်မပြတ်ကြည့်နေသဖြင့် မှတ်မိနေသောကြောင့် အနီးသို့သွားကာ ထိုအပင်ကို အမြစ်ပါ မကျန် နှုတ်ယူလိုက်သည်။

မမျှော်လင့်ပဲ တောင်လုံးကျော်ဆေးပင်ကို ရခဲ့သဖြင့် ဝမ်းမြောက်ဝမ်းသာစွာဖြင့် တောင်ခြေသို့ ပြန်ဆင်းလာခဲ့လေသည်။

တောင်ခြေရောက်တော့ စောစောက အကူအညီပေးသွားသော အဘိုးကြီးကို မတွေ့ရတော့ပေ။

အသံပြုပြီး အနီးတစ်ဝိုက်သို့ လိုက်ရှာကြည့်တော့လည်း အရိပ်အယောင်မျှပင် မတွေ့ရတော့ပေ။

ထိုအခါမှ စောစောက အဘိုးကြီးပြောသွားသော စကားအဓိပ္ပာယ်ကို သဘောပေါက်သလို ရှိလာလေတော့သည်။

"ငါက ဆေးပင်ရှာဖို့ ရောက်နေပေမယ့် . ငါ့အတွက်တော့ မဟုတ်ပါဘူး"

မဟာမြိုင်တောသည် တောကြီးသလောက် ထူးဆန်းအံ့သြဖွယ်ရာများစွာတို့ဖြင့် ပြည့်နှက်နေသော နေရာတစ်ခုပင် ဖြစ်ပေတော့သည်။







# အခန်း (၈)

# အလျှုအတွက် အကူအညီလာပေးသူ

နောက်တစ်ပတ်ဈေးကား ရောက်လာသောအခါ ထိုကားပေါ်မှ နီမောင်ကို ဆေးပင်မှာထားသောဆရာကြီး ပါလာလေသည်။

နီမောင်က ဆရာကြီးကိုတွေ့လိုက်ရသဖြင့် များစွာဝမ်းသာသွားလေသည်။

ဆရာကြီးကလည်း သူကိုမြင်သောအခါ မှတ်မိဟန်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်မှ ဆင်းလာလေသည်။

"မင်းက ဟိုတစ်ပတ်လာတုန်းက ငါဆေးပင်မှာထားခဲ့တဲ့သူငယ်မဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး"

"ငါမှာထားခဲ့တဲ့ တောင်လုံးကျော်ဆေးပင်ရော ရှာလို့တွေ့ရဲ့လား"

"တွေ့ပါတယ် ဆရာကြီး"

"ဟင်. . . ပြစမ်းပါဦးကွယ့်"

နီမောင်က အင်ဖက်များနှင့် သေသေချာချာထုပ်ထားသောဆေးပင်ကို ဆရာကြီးလက်သို့ လှမ်းပေးလိုက်သည်။

ဆရာကြီးက လွန်စွာဝမ်းသာနေသော အမူအရာဖြင့် အထုပ်ကို ဖြေကြည့်လေသည်။

"ဟာ. . အမှန်ပါပဲလား အံ့ဩစရာပဲဟေ့"

ဟု ပြောကာ နီမောင်ကို မနီးမဝေးမှာရှိသော သစ်ပင်ကြီးတစ်ပင်အောက်သို့ ခေါ်သွားလေသည်။ ထိုနေရာရောက်တော့မှ မေးသည်။

"ဒီဆေးပင်ကို မင်းဘယ်လိုရခဲ့သလဲဆိုတာ ပြောပြပါဦး"

ထိုသို့မေးသဖြင့် နီမောင်ကတောထဲမှာ ကြုံတွေ့ခဲ့ရသောအကြောင်းများကို ပြောပြလိုက်လေသည်။

ထိုသို့ပြောပြလိုက်တော့မှ ဆရာကြီးက သဘောပေါက်သွားကာ ဦးခေါင်းတညိတ်ညိတ်ဖြင့် လုပ်နေလေသည်။





ပြီးမှ သူ၏ထင်မြင်ချက်ကို ပြောလေသည်။

"ထင်တော့ထင်သားပဲ၊ ဒီဆေးပင်မျိုးက အကူအညီပေးတဲ့သူ မရှိရင် မရနိုင်တဲ့ဆေးပင်မျိုးပဲ၊ မင်းကို တောစောင့်နတ်၊ တောင်စောင့်နတ်တွေက အကူအညီပေးလို့သာ ရခဲ့တာပဲ"

ဟု ပြောသဖြင့် နီမောင်လည်း စိတ်ထဲမှ ဝမ်းသာသွားလေသည်။

"ဒါထက် ကျွန်တော်ယူလာတဲ့ ဆေးပင်ကရော ဆရာကြီးလိုချင်တဲ့ တောင်လုံးကျော်ဆေးပင် ဟုတ်ရဲ့လား"

"ဟုတ်တာပေါ့ကွ မင်းကို တောစောင့်နတ်တွေက တောင် ကူညီပြီး ရှာပေးလိုက်မှတော့ မဟုတ်ပဲရှိပါ့မလား၊ မင်းလည်း ဗဟုသုတရအောင် ဒီမှာကြည့်ထား"

ဟု ပြောပြီးဆေးပင်ကို ပြသည်။

ဆေးပင်မှာ အပင်ထက် အမြစ်ဥက ပိုရှည်သကဲ့သို့ ပင်မအမြစ်ဥတစ်ခုနှင့် နံဘေးသို့ဖွာထွက်နေသော အမြစ်ဖွားများရှိသည်။

ဆရာကြီးပြသဖြင့် သေသေချာချာ ကြည့်သောအခါ အမြစ်ဥပေါ်တွင် ဇော်ဂျီဆေးတောင်ဝှေးထမ်းပြီး မိုးပျံနေသည့် အရုပ်မျိုး ပါလေသည်။

ဆေးမြစ်ဥပေါ်မှာ ထင်နေသည့် အရုပ်မှာ ထင်ရှားလှသဖြင့် လူတို့ရေးခြယ်ထားသကဲ့သို့ ရှိလေသည်။

"အရင် ရွာထဲမှာတွေ့ဖူးတဲ့ တောင်လုံးကျော်ဆေးပင်မှာတော့ ဒီလိုအရုပ်မျိုး မတွေ့မိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တွေ့မှာလည်းကွ တောင်လုံးကျော်ဆေးပင် အစစ်မှာသာ ဇော်ဂျီရုပ်ပါပေမယ့် ဆေးပင်အတုတွေမှာတော့ ဒါမျိုးမပါဘူး"

"ဆေးပင်မှာတောင် အတုရှိသေးသလားဆရာကြီး"

"ရှိတာပေါ့ကွာ နေရာတကာမှာ အတုတွေအများကြီးရှိတာပေါ့ မင်းတို့မသိလို့သာ လူတွေမှာတောင် အတုတွေရှိတယ်ကွ"

ထိုစကားကြောင့် အံ့ဩသွားလေသည်။

"ဗျာ. . လူတောင် အတုရှိတယ်ဟုတ်လား၊ ဘယ်လိုလူမျိုးလဲဆရာကြီး"

"ပြောပြလည်း မင်းနားလည်မှာ မဟုတ်ပါဘူး၊ လက်တွေ့မြင်တော့မှ ငါပြောပြပါ့မယ်၊ သိဒ္ဓိရှိတဲ့ ဆေးပင်တွေမှာ အတုတွေရှိတယ် ဂမုန်းဖြူ ဂမုန်းနက်၊ ဂမုန်းနီဆိုတဲ့ ဆေးပင်ပေါက်ရင် အဲဒီအနီးတစ်ဝိုက်မှာ အရွယ်တူ၊ အရောင်တူ၊ ပုံသဏ္ဍာန်တူတဲ့ တခြားဂမုန်းပင်ပေါင်းများစွာက နံဘေးမှာ ဝန်းရံနေတတ်တယ်"

"ဟုတ်ကဲ့"

"အဲဒါကြောင့် ဂမုန်းနက်အစစ်ကို လိုချင်ရင်တောင် အယောင်ဆောင်ထားတဲ့ အခြားအပင်တွေကြားထဲမှာ ရှာဖွေလို့မရနိုင်ကြဘူး၊ တခြားသိဒ္ဓိရှိတဲ့ ဂမုန်းဖြူ ဂမုန်းနီတွေမှာလည်း ဒီအတိုင်းပဲ၊ သိဒ္ဓိရှိတဲ့ ဂမုန်းပင်တွေက တစ်နေရာတည်းမှာ အကြာကြီးမနေကြဘူး"





"ဟုတ်ကဲ့"

"တစ်နေရာမှာ သုံးနှစ်ပြည့်ရင် ဟိမဝန္တာတောင်ကို ပြန်သွားကြတယ်၊ သိဒ္ဓိရှိတဲ့ဂမုန်းပင်က ပြန်သွားပေမယ့် မူလသူရှိနေခဲ့တဲ့ နေရာမှာတော့ အယောင်ဆောင်ထားတဲ့ ဆေးပင်တွေက အများကြီးကျန်ခဲ့ကြတယ်၊ လူတွေက အဲဒီပုံသဏ္ဍာန်တူတဲ့ ဆေးပင်တွေကိုတွေ့တဲ့အခါ ဂမုန်းဖြူ ဂမုန်းနက် အစစ်ထင်ပြီး ယူခဲ့ကြတယ်"

"ဟုတ်ကဲ့"

"တောင်လုံးကျော်ဆေးပင်ဆိုတာလည်း အဲဒီလို သိဒ္ဓိရှိတဲ့ဆေးပင်မျိုးဆိုတော့ နေရာရွှေ့နိုင်တယ်၊ အခုလို ဆေးပင်အစစ်ရဖို့ မလွယ်လှဘူး"

"ဒါဖြင့် အယောင်ဆောင်ထားတဲ့ ဆေးပင်တွေက အစွမ်းသိဒ္ဓိမရှိဘူးပေါ့နော်"

"ဒီလိုတော့လည်း မဟုတ်ပါဘူး၊ သူတို့လည်း ဆေးပင်အစစ်နဲ့ အမြစ်ချင်းယှက်ပြီး နေခဲ့ရတာဆိုတော့ သိဒ္ဓိမရှိကြပေမယ့် ဆေးပင်တစ်ပင်ရဲ့ အစွမ်းသတ္တိမျိုးတော့ ရှိကြပါတယ်"

ဟု ပြောပြလေသည်။

"ဒါထက် မင်းနာမည်က ဘယ်သူလည်းကွယ့်"

"နီမောင်လို့ ခေါ်ပါတယ် ဆရာကြီး"

"ငါ့နာမည်က ဦးဇန်ကောင်းလို့ခေါ်တယ်၊ ငါက ဆေးဆရာတစ်ယောက်ပဲ အခုဒီကိုလာတာ အကြောင်းကိစ္စတစ်ခုရှိလို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုကိစ္စမျိုးလည်း ဆရာကြီး၊ ကျွန်တော်အနေနဲ့ အကူအညီပေးနိုင်မယ်ဆိုရင် ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်ကွယ်၊ လောလောဆယ်တော့ မလိုသေးပါဘူး၊ ဒါထက် မင်းကိုဆေးပင်ဖိုးပေးရဦးမယ်"

ဟု ပြောပြီး ရင်းလွယ်ထားသော လွယ်အိတ်ထဲမှ အထုပ်တစ်ထုပ် ကိုထုတ်ပေးသဖြင့် လှမ်းယူကာ ဖြေကြည့်လိုက်လေသည်။

"ဟင်"

အထုပ်ထဲမှာ ရွှေဒင်္ဂါးအချို့ကို တွေ့ရလေသဖြင့် များစွာအံ့သြပြီး မျက်လုံးပြူးသွားလေသည်။

"ဒါ . . ဒါ . . ရွှေ . . ရွှေဒင်္ဂါးတွေလား ဆရာကြီး"

"ဟုတ်ပါတယ် ဘာဖြစ်လို့လည်းကွယ့်"

"တစ်ခါမှ မမြင်ဘူးလို့မေးတာပါ၊ ဒါ . . ဒါတွေက ကျွန်တော်ကိုပေးတာလားဟင်"

"ဟုတ်တယ်လေ ငါ့ကတိအတိုင်း မင်းကို ဆေးပင်ဖိုး ပေးတာပါ ဘာဖြစ်လို့လဲ"

"ကျွန်တော်ရှာပေးတဲ့ဆေးပင်က ဒီလောက်မတန်ပါဘူး ဆရာကြီးရယ် နည်းနည်းပေးရင်လည်း ရပါတယ်"

"မင်းက တယ်လည်းရိုးတာပဲကိုး၊ မင်းရှာပေးတဲ့ဆေးပင်ကို ဘယ်လောက်တန်ဖိုးရှိတယ်လို့ မင်းကထင်နေလို့လဲ"

"ကျွန်မ‌ဟော်ကတော့ ဘာမှနားမလည်ပါဘူး ဆရာကြီးရယ်"





ဟု အမှန်အတိုင်းပင် ပြန်ပြောလိုက်သည်။

"ဒီဆေးပင်ကို အသုံးပြုပြီး လုပ်တတ်ရင် အခုမင်းကိုပေးတဲ့ ရွှေဒင်္ဂါးမျိုးတွေ လိုသလောက်ရနိုင်တယ်၊ ဒါအပြင် ဇော်ဂျီတွေလို ကောင်းကင်ကို ပျံချင်လည်းရတယ်၊ မြေလျှိုးချင်ရင်လည်း ရနိုင်တယ်၊ ဒီတော့ ငါပေးတာက နည်းတောင်နည်းသေးတယ်ကွယ့် ယူသာယူပါ"

ဦးဗန်ကောင်းက ထိုသို့ပြောတော့မှ နီမောင်လည်း အခြားသူများမမြင်စေရန် ရွှေဒင်္ဂါးများကို ပြန်ထုပ်နေသည်။ ဦးဗန်ကောင်းက လွတ်အိတ်ကြီးထဲမှာ အသင့်ပါလာသော ကွမ်းယာကို ပါးစပ်ထဲထည့်ကာ ဝါးနေလေသည်။

စျေးကားရပ်ထားသော နေရာတစ်ဝိုက်မှာတော့ စျေးရောင်း စျေးဝယ်သူတို့ဖြင့် စည်ကားနေသည်။

ထိုနေရာမှ ပြန့်လွင့်လာသော အသံများကလည်း ဆူညံနေလေသည်။

အတန်ကြာတော့မှ ဦးဗန်ကောင်းက မေးသည်။

"အခုလို ရွှေဒင်္ဂါးတွေရတော့ မင်းဘာသုံးမှာလဲ"

"ကျွန်တော်မသုံးပါဘူး ဆရာကြီးရယ်၊ ကျွန်တော့ညီလေး ရှင်ပြုတဲ့အထဲမှာ သုံးမှာပါ"

"သာဓုကွယ် သာဓု၊ သာဓု၊ ဒီလိုဆိုတော့လည်း ငါလည်း ကုသိုလ်ပါတာပေါ့"

"မှန်ပါတယ်ဆရာကြီး၊ ကျွန်တော်တို့က ဆင်းရဲပါတယ် လက်လုပ်လက်စား ဘဝတွေဆိုတော့ ရှင်ပြုကိုလည်း ဖြစ်တယ်



www.burmeseclassic.com

www.burmeseclassic.com

ဆိုရှံကလေးလုပ်ကြဖို့ စီစဉ်ထားတာပါ၊

အခုလိုဆရာကြီးတွေ့ပြီး အဆင်ပြေသွားတော့ ကျွန်တော်ညီလေးရှင်ပြုပွဲကို ကြီးကြီးကျယ်ကျယ် လုပ်ရတော့မှာမို့ အတော့်ကို ဝမ်းသာနေမိပါတယ်”

“မင်းအမူအရာကြည့်ပြီး ဘယ်လောက်ဝမ်းသာနေတယ်ဆိုတာ သိလောက်ပါတယ်၊ မင်းကိုမြင်ရတာနဲ့တင် အကူအညီပေးရတဲ့ငါတောင် စိတ်ထဲမှာ ပျော်လာသလို ခံစားရတယ်”

“ဒီလိုလုပ်ပါလား ဆရာကြီး၊ ဒီအလှူပွဲက ဆရာကြီးရဲ့ ကုသိုလ်တွေလည်း ပါတာဆိုတော့ အလှူရေစက်ချပြီးမှပဲ ခရီးဆက်လိုရာ ဆက်ပါလား”

“အင်း. . ဒီလိုဆိုတော့လည်း ကောင်းတာပေါ့ကွာ၊ ငါဒီမှာရှိနေတုန်း မင်းနဲ့တောထဲလိုက်ပြီး ဆေးပင်လေးဘာလေး ရှာဖွေရတာပေါ့”

“အလှူကိစ္စပြီးရင် ကျွန်တော်ပါလိုက်ပြီး အကူအညီပေးပါ့မယ်”

ဟုပြောပြီး ဦးဇန်ကောင်းအား ၎င်းနေအိမ်သို့ ခေါ်သွားလေသည်။ အိမ်သို့ရောက်သောအခါ မိဘများကို အကျိုးအကြောင်းပြောပြပြီး ရွှေဒင်္ဂါးအိတ်ကို အပ်လိုက်လေသည်။

ဦးဘရှိန်နှင့် ဒေါ်ကျင်မေတို့ကလည်း မမျှော်လင့်ဘဲ ရွှေဒင်္ဂါးအိတ်ကို မြင်သောအခါ များစွာဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြလေသည်။

ဦးဘရှိန်က ပြောသည်။





“ငါတို့မိသားစုကို နတ်ကောင်းနတ်မြတ်တွေက အကူအညီပေးတယ်လို့ပဲ မှတ်ယူရမှာပဲ၊ ပထမတော့ တိုးမောင်ရဲ့ ရှင်ပြုပွဲကို အကျဉ်းချုပ်ပြီးလုပ်ဖို့ စိတ်ကူးထားတာပဲ၊ အခုလိုရလာတော့လည်း တစ်နယ်လုံးဖိတ်ပြီး ကျွေးမွေးဧည့်ခံနိုင်တဲ့ အလှူကြီးမျိုး လုပ်ရတော့မှာပေါ့ကွာ”

ထိုစကားကြားသောအခါ ဒေါ်ကျင်မေကလည်း ဝမ်းသာစွာဖြင့် ဝင်ပြောလေသည်။

“ဒီလိုဆိုမှတော့ မနက်ဖြန်ကျရင် လှည်းတစ်စီးတိုက်စာလောက် အလှူပစ္စည်းတွေ ကြိုတင်ဝယ်ထားမှ နေရာကျမယ် မောက္ကတော်ရွာဘက်ဆင်းပြီးတော့ သက်နှီးပရိက္ခရာတွေနဲ့ ကျွေးမွေးဖို့ပစ္စည်းတွေ သွားဝယ်ကြရမယ်၊ နေပူမမိအောင် စောစောလေးသွားကြရင် မကောင်းဘူးလား”

ဒေါ်ကျင်မေက အားတက်သရော ပြောသော်လည်း ဦးဘရှိန်ကတော့ တစ်စုံတစ်ခုကို စဉ်းစားနေသည်။

သူတို့နေသော အောင်ချမ်းသာရွာမှ မောက္ကတော်ရွာ ရောက်သည်အထိ တောထဲမှာ ဖောက်ထားသောလမ်းတစ်လမ်း ရှိသည်။

မိုးရာသီရောက်ပါက သွားလာရန် ခက်ခဲသော်လည်း ခြောက်သွေ့ခင်းသာသော နွေရာသီရောက်ပါက ထိုလမ်းမှ လှည်းများသွားလာနိုင်သည်။

ဈေးကားများလည်း ထိုလမ်းမှပင် သွားလာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တောနက်ထဲမှ သွားလာကြရသဖြင့် အချို့သော နေရာများမှာ နယ်မြေကြမ်းသည်။

ဘီလူး၊ နာနာဘဝ၊ ကျတ်၊ တစ္ဆေသရဲတို့ ခြောက်လှန့်သောနေရာများရှိသလို တောစိုးနတ်တို့ ကြမ်းသောနေရာများလည်း ရှိကြသည်။

ထိုနေရာများထဲတွင်. . .

"ဗိသနိုးတောင်ကုန်း" နှင့် "မိစ္ဆာတောင်ကြား"ဟူသော နေရာ နှစ်နေရာကတော့ နာမည်အကြီးဆုံး ဖြစ်လေသည်။

ကောင်းသော နာမည်ကြီးခြင်းမျိုးတော့ မဟုတ်ပေ။

အနှောင့်အယှက်နှင့် အခြောက်အလှန့်များလှပြီး အများအယွင်းမခံသော နေရာမျိုးဖြစ်သည်။

ထိုနေရာများမှာ ဗိသနိုးမယ်တော်၏ ပိုင်နက်များပင် ဖြစ်ကြလေသည်။

ရှေ့၌ ရေးသားဖော်ပြပေးခဲ့သည့်အတိုင်း မဟာမြိုင်တောကြီးအတွင်း၌ ဘုန်းကြီးရဟန်းများ သီတင်းသုံးနေထိုင်ပါက (၇)ရက်ထက်ပိုပြီး နေခွင့်မရသော နေရာများထဲမှာ ပါဝင်သောနေရာများ ဖြစ်ကြလေသည်။

ထို့ပြင် လူစိမ်းများလာလျှင်လည်း မနှစ်သက်သဖြင့် ခြောက်လှန့်လွှတ်လေ့ရှိသည်။

"တော်က ဘာတွေများ ဒီလောက် စဉ်းစားနေရတာလဲ"

"သိပ်အစောကြီးသွားလို့တော့ သင့်မယ်မထင်ဘူး၊ မိစ္ဆာတောင်ကြားကို ဖြတ်သွားရမှာဆိုတော့. . ."





"ဒါများရှင် စိုးရိမ်နေစရာ မလိုပါဘူး၊ ကျုပ်တို့က လူများများနဲ့ လှည်းနဲ့သွားကြမှာပဲ၊ နောက်ပြီးအလှူအတန်းလုပ်ဖို့အတွက် သွားဝယ်ကြမှာဆိုတော့ အနှောင့်အယှက်ပေးမယ် မထင်ပါဘူး"

"ငါစိုးရိမ်နေတာကတခြား မဟုတ်ဘူးမကျင်မေရဲ့ ငါတို့ပြန်လာရင် သက်န်းပရိက္ခရာတွေ ပါလာမှာဆိုတော့ အဲဒီနေရာတွေကဖြတ်ပြီး ပြန်လာလို့မှရပ့ါမလားလို့ တွေးပူနေတာ. . ."

ဒေါ်ကျင်မေက သဘောမပေါက်သလို မျက်လုံးအပြူးသားနှင့် ပြန်ကြည့်နေလေသည်။

"နင်က ငါပြောတာကို သဘောမပေါက်သေးဘူးနဲ့တူတယ်၊ ဒီမဟာမြိုင်တောက ဘုန်းကြီးရဟန်းတွေလာပြီး သီတင်းသုံးလို့မရဘူးလေ၊ လာနေရင်လည်း ခုနစ်ရက်ထက်ပိုပြီး နေလို့မရဘူး၊ ဆက်နေချင်ရင် ဘုန်းကြီးဘဝကနေ ရသေ့၊ ယောဂီအသွင်ပြောင်းမှ နေခွင့်ရတယ်ဆိုတာ မင်းလည်း အသိသားနဲ့"

"အဲဒါဘာဖြစ်သလဲ"

"ဘာဖြစ်ရမလဲ မောင်္ဂတော်ကပြန်လာရင် ငါတို့လှည်းပေါ်မှာ သက်န်းပရိက္ခရာတွေပါလာမှာဆိုတော့ အဲဒီလမ်းကပြန်လို့မှ ဖြစ်ပါမလားလို့ တွေးပူနေတာ"

"တော်ဟာလေ တွေးပူစရာမရှိ ကျောက်ခဲမီးဖုတ်ပြီး ဖင်ခုထိုင်နေတဲ့လူမျိုးပဲ၊ သာသနာရေးအတွက် လုပ်တာကိုမှ မကြိုက်လို့ နှောင့်ယှက်မယ်ဆို နှောင့်ယှက်စမ်းပါစေ ကျုပ် ရှေ့ကနေပြီး အသေခံပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကျင်မေကတော့ သားဖြစ်သူကို ရှင်ပြုပေးနိုင်တော့မည်မို့ အကျေနပ်ကြီးကျေနပ်၊ အပျော်ကြီးပျော်နေရာ ကျန်တာတွေကို ဘာမှဂရုမစိုက်နိုင်ပဲ ရှိနေလေသည်။

"စကားပြောတာ ဆင်ဆင်ချင်ချင် ပြောစမ်းပါကွာ၊ သွားမယ်ဆိုလည်း သွားဖို့ စီစဉ်ကြတာပေါ့"

ဟုပြောဆိုပြီး ဦးဘရှိန်က နီမောင်ကိုပါခေါ်ပြီး ခရီးသွားရန်အတွက် လှည်းစသည်တို့ကို ပြင်ဆင်လေတော့သည်။







# အခန်း (၉)

# မိစ္ဆာတောင်ကြားမှ ဈေးကြုံမှာသောသူ

နောက်တစ်နေ့နံနက်စောစော အရုဏ်တက်အချိန်မှာပင် လှည်းပြင်ကာ ခရီးထွက်ကြလေသည်။

လှည်းပေါ်မှာတော့ ဦးဗန်ကောင်း၊ ဦးဘရှိန်၊ နီမောင်၊ စောထီး၊ ငမဲအောင်တို့(၅)ယောက် ပါလာကြသည်။

ဆေးဆရာကြီး ဦးဗန်ကောင်းက မောက္ကတော်ရွာတွင် လိုအပ်သော ပစ္စည်းများဝယ်ယူရန် လိုက်လာခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်ကတော့ ဆရာကြီးပါလာသောကြောင့် များစွာ အားရှိနေလေသည်။

အောင်ချမ်းသာရွာနှင့် မောက္ကတော်ရွာမှာ ခရီးမိုင် မဝေးလှသော်လည်း တောလမ်းခရီးမှ လှည်းဖြင့်သွားကြရသောကြောင့် နေ့ဝက်ခရီးသွားမှ ရောက်နိုင်လေသည်။

ရွာမှထွက်သည်နှင့် တောလမ်းခရီးများသာရှိသည်။ ညို့မှိုင်းနေသော သစ်တောကြီးများအတွင်းမှ ဖြတ်သွားကြရလေသည်။

လမ်းတစ်လျှောက်လုံးမှာတော့ မည်သည့်အနှောင့်အယှက်မှ မတွေ့ရတော့ပဲ သွားကြလေရာ မိစ္ဆာတောင်ကြားလမ်း တစ်နေရာသို့ ရောက်လာလေတော့သည်။

အမှန်တော့ တောင်ကြားလမ်းဟုသာ ခေါ်ကြသော်လည်း တောင်မြင့်ကြီး နှစ်လုံးကြားမှ ဖြတ်သွားရသော လမ်းမျိုး မဟုတ်ပဲ တောင်ကုန်းနှစ်ခုကြားမှ ဖြတ်ဖောက်ထားသောလမ်း စ်ခုသာ ဖြစ်ပေသည်။

တောင်ကုန်းနှစ်ခုမှာ သိပ်မမြင့်လှသော်လည်း အပေါ်ပိုင်းမှာ သစ်ပင်မြင့်များရှိနေသောကြောင့် နေပျောက်မထိုးအောင် ရှိနေကြသဖြင့် တောင်ကြားလမ်းထဲမှာ အနည်းငယ်ပို မှောင်နေသည်။

ထိုလမ်းမှာ သစ်ခွဲသမားများ ဖောက်ထားသော လမ်းဖြစ်ပြီး နောက်ပိုင်းမှာတော့ ဈေးကားနှင့်လှည်းများ အသွားအလာပြုကြလေသည်။





တောင်ကြားလမ်းနားရောက်တော့ နံနက်ပိုင်းအချိန်သာရှိနေသေးသည်။ အလင်းရောင်ကောင်းစွာ မရသေးသောကြောင့် တောင်ကြားလမ်းတစ်ဝိုက်မှာ မှောင်နေလေသည်။

"အဲဒါ မိစ္ဆာတောင်ကြားလို့ခေါ်တယ် ဆရာကြီး"

ဦးဘရှိန်က ထိုအကြောင်းကိုပင် တွေးနေဟန်ရှိသည်။

ထိုနေရာနှင့် မနီးမဝေးရောက်လာသောအခါ သတိပေးသည့်အနေဖြင့် ပြောလိုက်လေသည်။

"ဘာကြောင့် မိစ္ဆာတောင်ကြားလို့ ခေါ်ကြတာပဲဗျ"

"နည်းနည်းပါးပါး အခြောက်အလှန့်လေးတွေ ရှိတတ်လို့ပါ"

"ခင်ဗျားပြောသလို နည်းနည်းပါးပါး ခြောက်လှန့်တတ်ရုံနဲ့တော့ ဒီလိုကြောက်စရာကောင်းတဲ့ နာမည်မျိုး ပေးကြမယ် မထင်ဘူးဗျ၊ အတော်လေးကြမ်းမှသာ ဒီနာမည်မျိုး ပေးတတ်တာဗျ"

ဦးဗန်ကောင်းက ပါးစပ်ထဲမှ ကွမ်းတမြုံ့မြုံ့ဝါးရင်းနှင့် ပြောလိုက်ရာ အမှန်ဖြစ်နေသောကြောင့် ဦးဘရှိန်လည်း ဘာမှ ပြန်မပြောသာတော့ပေ။

"ဒါပေမယ့် ဘာမှတော့ စိုးရိမ်စရာမရှိပါဘူးဗျာ ပရလောကသားတွေဆိုတာ တကယ်သိရင် သနားစရာကောင်းကြပါတယ်၊ ကုသိုလ်ကံမကောင်းကြလို့ ပုံပန်းသဏ္ဌာန်တွေက ရွံစရာကြောက်စရာ ကောင်းနေကြပေမယ့် နေစရာမရှိ၊ စားစရာ မရှိတဲ့ ဘဝမျိုးတွေနဲ့ နေကြရတာတွေပါ"



www.burmeseclassic.com

www.burmeseclassic.com



ဦးဗန်ကောင်းစကားကို လှည်းပေါ်မှာပါလာသူများက စိတ်ဝင်စားကြလေသည်။

"ဒီတော့ သူတို့နဲ့တွေ့ရင် မေတ္တာများများသာ ပို့ပေးပါဗျာ အန္တရာယ်မရှိပါဘူး"

စကားတပြောပြောနှင့် လာခဲ့ကြရာ လှည်းက တောင်ကြားလမ်း အဝနေရာသို့ ရောက်လာသည်။

ထိုနေရာရောက်တော့ ဦးဗန်ကောင်းက လှည်းကို ခဏရပ်ခိုင်းသဖြင့် လှည်းမောင်းနေသော စောထီးက ရပ်ပေးလိုက်သည်။

ဦးဗန်ကောင်းက သစ်ပင်များ အုပ်စိုးနေသော တောင်ကုန်းရှိရာသို့ မော့ကြည့်ပြီးအော်ပြောလိုက်သည်။

"ဒီတောင်ကြားမှာရှိကြသော သက်ဆိုင်ရာပုဂ္ဂိုလ်များခင်ဗျား၊ ကျွန်တော်တို့သည် အလှူအတွက် ပစ္စည်းများဝယ်ရန်အတွက် ဈေးသို့သွားကြပါမည်. . မိတ်ဆွေကြီးတို့ အလိုရှိသော ပစ္စည်းရှိပါက လှူကြုံမှာကြားနိုင်ရန် အသံပြုပါသည်ခင်ဗျား"

ဟု အသံကျယ်ကျယ်ဖြင့် အော်ပြောလိုက်သည်။

ကျန်လူများကတော့ ဦးဗန်ကောင်းကိုကြည့်ပြီး အံ့သြနေကြလေသည်။

"ကဲ. . ကဲ. . ကိုယ့်ဝတ္တရားတော့ ပြီးပါပြီ၊ လှည်းကိုဆက်မောင်းပါတော့"

ဟု ပြောသဖြင့် စောထီးက လှည်းကိုဆက်မောင်းလေသည်။





တောင်ကြားအလယ်နေရာသို့ ရောက်သောအခါ လှည်းဆွဲနေသော နွားနှစ်ကောင်က တရှူးရှူးတရှဲရှဲနှင့် ဂနာမငြိမ် ဖြစ်နေကြသဖြင့် မနည်းထိမ်းမောင်းနေကြသည်။

လှည်းပေါ်မှာ ပါလာသူများကတော့ တောင်ကြည့်မြောက်ကြည့်နှင့် ဖြစ်နေလေသည်။

တောင်ကြားလမ်းအလွတ် နေရာရောက်တော့ လှည်းလမ်းနံဘေးမှာ ရပ်နေသည့်အဘိုးကြီး တစ်ယောက်ကို တွေ့ရသဖြင့် ထိုနေရာရောက်တော့ စောထီးက လှည်းကို ရပ်ပေးလိုက်သည်။

"လှူကြုံလိုက်ချင်လို့လား အဘ"

နီမောင်က မေးလိုက်သည်။

"မဟုတ်ပါဘူးကွယ့် ဈေးမှာလိုက်ချင်လို့ပါ"

"မှာပါ. . မှာပါ. . ပြန်ရင်လည်း ဒီလမ်းကပဲ ပြန်လာမှာမို့ လိုချင်တဲ့ပစ္စည်းတွေမှာ လိုက်ပါ"

အဘိုးကြီးက စာရွက်ဟောင်းတစ်ရွက်ပေါ်မှာ ခဲတံဖြင့် မညီမညာရေးထားသော ဈေးမှာစာရင်းများနှင့် ငွေအချို့ကိုပေးလေသည်။ ၎င်းပေးသောငွေမှာ ငွေဒင်္ဂါးအချို့ဖြစ်သည်။

၎င်းမှာသော ပစ္စည်းများကို မမေ့မလျော့ ဝယ်ခဲ့ပါမည်ဟုပြောပြီး လှည်းကို ဆက်မောင်းလာကြရာ ဆွမ်းခံပြန်ချိန်လောက်တွင် မောက္ကတော်ရွာသို့ ရောက်ကြလေသည်။

မောက္ကတော်ရွာမှာ ချင်းတွင်းမြစ်ကမ်းနံဘေးမှာရှိပြီး လှေ၊ သမ္ပန်နှင့် သင်္ဘောအချို့အဝင်အထွက်ရှိပေရာ များစွာသည်



www.burmeseclassic.com

www.burmeseclassic.com



ကားသော ရွာကြီးတစ်ရွာဖြစ်သည်။

မဟာမြိုင်တောကြီး အတွင်းမှာ စခန်းချနေသော သစ်တောအလုပ်သမားများ၊ အနီးတစ်ဝိုက်မှာရှိသောရွာများ၊ မဟာမြိုင်တောထဲမှာရှိသော ရွာများမှာ နေကြသူများ၊ အခြားအရပ်တစ်ပါးမှ သစ်တောထွက်ပစ္စည်းများ ဝယ်ယူရန်လာကြသူများ၊ ပစ္စည်းရောင်းချရန် လာကြသူများဖြင့် စည်ကားသောရွာကြီးတစ်ရွာ ဖြစ်လေသည်။

တောထဲသို့ ဈေးအရောင်းအဝယ်သွားသော ဈေးကားအချို့မှာလည်း ထိုရွာမှ ထွက်ကြလေသည်။

ထို့ကြောင့် သင်္ဘောဆိပ်နှင့်နီးသော နေရာများတွင် လက်ဖက်ရည်ဆိုင်၊ ခေါက်ဆွဲဆိုင်၊ အရက်ဆိုင်၊ အထည်အလိပ်ရောင်းသောဆိုင်၊ စားသောက်ကုန်များရောင်းသော ဆိုင်များနှင့် ကုန်စုံဆိုင်ကြီးများ ရှိကြလေသည်။

ကုန်စုံဆိုင်ကြီးများတွင် ဆေးဝါး၊ အလှကုန်၊ လူအသုံးအဆောင်ပစ္စည်းများမှအစ သက်န်းပရိက္ခရာများအထိ ဝယ်ယူရနိုင်ကြလေသည်။

နီမောင်တို့လည်း ထိုရွာရောက်တော့မှ နံနက်စာထမင်းစားကြပြီးမှ ကုန်စုံဆိုင်ကြီးတစ်ဆိုင်သို့ ဝင်ထိုင်ကာ လိုအပ်သောပစ္စည်းများ ဝယ်ယူကြလေသည်။

ဆိုင်ရှင်များက သဘောမနောကောင်းကြသဖြင့် လိုအပ်သောပစ္စည်းများကို စာရင်းပေးရုံနှင့် လိုလေသေးမရှိအောင် စီမံဆောင်ရွက်ပေးကြသည်။





"ရွှေတစ်ကျပ်သားဘယ် ဈေးလောက်ရှိပါသလဲ ခင်ဗျာ"

နီမောင်က မေးလိုက်သည်။

"အဘတို့ဆိုင်မှာ ရွှေတော့မရောင်းပါဘူး၊ ကျန်တာတွေတော့ လိုတာရနိုင်ပါတယ်"

"ရွှေဝယ်မလို့ မေးတာမဟုတ်ပါဘူး၊ ဈေးသိချင်လို့ မေးတာပါအဘ. . ."

"မုံရွာမြို့က ရွှေဆိုင်တွေမှာတော့ ဝယ်ရင်ရွှေတစ်ကျပ်သားကို (၁၅)ကျပ်ပေးဝယ်ပြီး၊ ပြန်ရောင်းတဲ့အခါမှာတော့ (၁၅)ကျပ်ခွဲ၊ (၁၆)ကျပ်ဈေးလောက်တော့ ရှိကြပါတယ်"

"တခြားတော့ မဟုတ်ပါဘူး၊ အခုဝယ်တဲ့ ကုန်ဖိုးတွေကို ရွှေနဲ့တန်ဖိုးသင့်ပြီး ပေးချင်လို့မေးတာပါ လက်ခံပါသလားခင်ဗျာ"

"လက်ခံပါတယ်ကွယ် ဘာကြောင့်လက်မခံရမှာလဲ ရွှေနဲ့ဈေးဝယ်တယ်ဆိုတာ နည်းတာမှ မဟုတ်တာ"

ဟုပြောသဖြင့် နီမောင်က ဈေးဖိုးကျသင့်ငွေကို ရွှေဒင်္ဂါးများဖြင့် ပေးလိုက်လေသည်။

ဆိုင်ရှင်အဘိုးကြီးက သူတို့ရှေ့မှာပင်ပေးသော ရွှေဒင်္ဂါးများကို မှတ်ကျောက်ဖြင့် အထပ်ထပ်အခါခါ တိုက်ကြည့်ပြီး ကျေနပ်တော့မှ လက်ခံယူလေသည်။

ပြန်ခါနီးတော့ စောထီးက သတိပေးသည်။

"နီမောင် လမ်းကဟိုအဘိုးကြီး လူကြုံမှာလိုက်တာတွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း ဝယ်ဖို့မမေ့နဲ့ဦး”

“အေးပါ. . .”

ထို့နောက်မှာတော့ လိုအပ်သောပစ္စည်းများကို လှည်းတစ်စီးတိုက်စာ အပြည့်အမောက် ဝယ်ယူကြပြီးနောက် ညနေပိုင်းအချိန်လောက်မှ မောက္ကတော်မှ ပြန်ခဲ့ကြလေသည်။

တကယ်တော့ သူတို့သည် လှည်းပေါ်မှာ လူများသဖြင့် ထိုအချိန်မျိုးမှာ ပြန်လာကြခြင်းဖြစ်သော်လည်း တကယ်တော့ ထိုလမ်းမှာ အချိန်မရှိတော့ပါက သွားလာ၍ မကောင်းသော နေရာမျိုး ဖြစ်လေသည်။

နေဝင်ချိန်ရောက်သောအခါ ဗိသနိုးကုန်းအနီးသို့ ရောက်လာကြသည်။

သွားစဉ်က နံနက်ပိုင်းအချိန်ဖြစ်သဖြင့် မည်သို့မှ မထူးခြားသော်လည်း အပြန်မှာတော့ ထိုကုန်းနားရောက်တော့ ထူးခြားမှု တွေ့ရသည်။

နေဝင်ခါနီး အချိန်ရောက်နေပြီ ဖြစ်သောကြောင့် ဗိသနိုးကုန်း နေရာတစ်ဝိုက်မှာ မှောင်နေလေပြီ။

ထိုနေရာမှာသစ်ပင် ချုံနွယ်များ ထူထပ်လှသောကြောင့် ပိုမှောင်နေလေသည်။

ဗိသနိုးကုန်းဟု ခေါ်ရခြင်းမှာ ရှေးအခါက ထိုနေရာ တစ်ဝိုက် ပန်ထွာမိဖုရား နေထိုင်ခဲ့သော နေရာများတွင် တစ်နေရာ အပါအဝင်ဖြစ်ပြီး၊ လွန်ခဲ့သော အချိန်က ထိုနေရာတစ်ဝိုက်မှာ နတ်ကွန်းတစ်ခု ရှိသည်ဟု ရှေးမီနောက်မီလူများက အမှတ်





အသား ရှိကြသည်။

ယခုနောက်ပိုင်းတော့ မတွေ့ကြရတော့ပေ။

အချို့တောတက်သူများကတော့ ချုံများအောက်တွင် အုတ်ပုံများ တွေ့ရသည်ဟု ပြောကြသည်။

နတ်ကွန်းအပျက်အစီးပေလား၊ အခြားအဆောက်အအုံ ပျက်စီးနေသလားတော့ မည်သူမှ မသိကြပေ။

ထိုနေရာ တစ်ဝိုက်မှာ တောကြမ်းလှသဖြင့် တော်ရုံနှင့် မသွားမလာဝံ့သော နေရာလည်း ဖြစ်ပေသည်။

ထိုနေရာတစ်ဝိုက်ရောက်တော့ ဦးဗန်ကောင်းက သတိပေးသည်။

“ဒီတောထဲမှာ သွားလာကြတဲ့အခါ ကြောက်ရင်တောင် ဘုရားစာ တရားစာတွေ မရွတ်ကြနဲ့”

“ဘာကြောင့်လည်း ဆရာကြီး”

“တောစိုးနတ်တွေက မကြိုက်ကြဘူး၊ ဒီတောထဲမှာ ကြောက်လို့ ဘုရားစာတရားစာတွေရွတ်လေ အနှောင့်အယှက် အန္တရာယ်တွေနဲ့ ပိုပြီးတွေ့ရလေပဲ”

“ဒီတော့ ဘယ်လိုလုပ်ရမလဲ ဆရာကြီး”

“ဘယ်နေရာသွားသွား၊ မေတ္တာပို့ပြီးသွားရင် မမှားဘူး”

စကားတပြောပြောဖြင့် လာခဲ့ကြရာ ဗိသနိုးကုန်းနှင့် နီးသောနေရာသို့ ရောက်သောအခါ စောစောက ဖြောင့်ဖြောင့် သွားနေကြသော နွားနှစ်ကောင်က တရှူးရှူးတရှားရှားနှင့် ဂနာမငြိမ် ဖြစ်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အပြန်မှာ လှည်းမောင်းသူက ငမဲအောင်ဖြစ်ပြီး လှည်းကို သတိဖြင့် မောင်းနေလေသည်။

ကွေ့တစ်ခုကို လွန်သောအခါ လမ်းမပေါ်မှာ ရပ်နေသည့် အမျိုးသမီးတစ်ယောက်ကို လှမ်းမြင်ရသည်။

မနီးမဝေးရောက်တော့ ငမဲအောင်က လှည်းကို ရပ်ပေးလိုက်လေသည်။

နီမောင်က လှည်းပေါ်ကဆင်းသွားပြီး မနီးမဝေးနေရာအထိ လျှောက်သွားကာ မေးလိုက်သည်။

"ဘာများအလိုရှိပါလဲ အစ်မကြီး"

အမျိုးသမီးက အသက်(၃၀)ကျော်ခန့် အရွယ်ရှိပြီး အနက်ရောင် အဝတ်အစားများကို ဝတ်ထားသည်။

ဆံပင်ကို တစ်ပတ်လျှိုထုံးပြီး ချထားသည်။

"ဘယ်ကလာကြတာလဲ"

"ကျွန်တော်တို့က အောင်ချမ်းသာရွာကပါ အလုပ်လုပ်ဖို့အတွက် ပစ္စည်းလေးတွေ ဝယ်ပြီးပြန်လာတာပါ"

"ဒီတောထဲမှာ အလုပ်အတန်းတွေလုပ်တာ ဘုန်းကြီးတွေသွားလာတာလည်း ငါသဘောမကျဘူး"

ထိုစကားကြားသောအခါ နီမောင်က သဘောပေါက်သွားလေသည်။

သူလည်းမဟာမြိုင်တောထဲမှာ ကြီးပြင်းလာခဲ့သူမို့ ထိုတောအကြောင်းကိုလည်း သိတန်သလောက်သိသည်။

လူကြီးများထံမှ ကြားဖူးတန်သလောက် ကြားဖူးသော





အကြောင်းအရာများ ရှိလေသည်။

သို့ကြောင့် ထိုလေသံနှင့် ထိုအသံကို ကြားသောအခါ သဘောပေါက်သွားလေသည်။

"ကျွန်တော်တို့သိပါတယ်၊ တောထဲမှာ ဘာမှမလုပ်ပါဘူး ရွာထဲမှာပဲ လုပ်ကြမှာပါ၊ ကျွန်တော်တို့အလှူကို ကြွပြီး အမျှအတမ်း ယူချင်တယ်ဆိုရင်လည်း ကျွန်တော်တို့က တစ်လက်စတည်း ဖိတ်ပါတယ်"

ထိုသို့ပြောသောအခါ လေသံက အနည်းငယ်ပြောင်းသွားလေသည်။

"ကောင်းပြီလေ တောထဲမှာသာ ဘုန်းကြီးတွေနဲ့ ပတ်သတ်တာတွေ ဘာမှမလုပ်ကြရင် ပြီးတာပါပဲ၊ ရွာထဲမှာတော့ ကိုယ့်သဘောနဲ့ကိုယ် လုပ်နိုင်ကြပါတယ်"

"ကျေးဇူးတင်ပါတယ် အစ်မကြီး ကျွန်တော်တို့ကို အကူအညီပေးတဲ့အတွက် နောက်များ ကျွန်တော်တို့နဲ့ ပတ်သတ်ပြီး အကူအညီလိုတာရှိရင် ဘာမဆို အကူအညီပေးပါ့မယ်၊ အလှူရေစက်ချရင်လည်း အမျှအတန်းယူဖို့ ကြွခဲ့ဖို့ ဖိတ်ခဲ့ပါရစေ. ."

ခေါင်းညိတ်ပြပြီး. . . ။

"မင်းကတိသာ တည်ပါစေကွယ်. ."

ဟုပြောကာ တောထဲသို့ ပြန်ဝင်သွားလေသည်။

ထိုအခါမှ နီမောင်က လှည်းပေါ်ပြန်တက်ပြီး လှည်းကို ဆက်မောင်းစေသည်။

ထိုအခါမှ နွားများက ဖြောင့်ဖြောင့်သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပိသနိုးကုန်းနှင့် အတော်ကလေး ဝေးလာတော့မှ ဦးဘရှိန်က ပြောလေသည်။

"တော်ပါသေးရဲ့ကွာ ဝယ်လာတဲ့ သက်န်းတွေကို ဟိုအောက်မှာ ဝှက်ထားလို့သာပေါ့၊ သက်န်းတွေကိုသာ သူမြင်သွားရင် ဒီလိုရှောရှောရှူရှူ ဖြစ်ချင်မှဖြစ်မယ်"

"ဒီလောက်လည်း မစိုးရိမ်ပါနဲ့ဗျာ စောစောက တွေ့လိုက်ရတဲ့ အမျိုးသမီးက ပိသနိုးမယ်တော်ကြီးဆိုရင် သူက ဒီလောက်သဘောထား မဆိုးပါဘူး၊ ရဟန်းတု ရဟန်းယောင်တွေကြောင့် ပိသနိုးမြို့ ပျက်စီးခဲ့ရတာကြောင့်သာ ရဟန်းအတု အယောင်တွေကိုသာ နာကြည်းခဲ့တာပါ။ ဘာသာတရားကို လေးစားမှုတော့ ရှိပါတယ်"

ဦးဖန်ကောင်းက ဝင်ပြောတော့မှ ဦးဘရှိန်လည်း ဘာမှ ထပ်မပြောတော့ပေ. .။

နောက်တစ်နေ့ရာရောက်တော့ မှောင်စပျိုးနေချေပြီ၊ မိတ္ထီလာတောင်ကြားပင် ဖြစ်သည်။

ထိုနေရာရောက်တော့ လှည်းကို ခေတ္တရပ်ပြီး ဦးဖန်ကောင်းက အသံပြုလိုက်လေသည်။

"ဗျို့. . . ဒီနေရာက ဈေးမှာလိုက်တဲ့ ပုဂ္ဂိုလ်ကြီး ကျုပ်တို့ ပြန်လာပါပြီ မှာလိုက်တဲ့ ပစ္စည်းလေးတွေ လာယူပါဗျို့. . ."

ဟု နှစ်ခါသုံးခါ အော်လိုက်သောအခါ တောထဲမှ အဘိုးကြီးတစ်ယောက် ထွက်လာလေသည်။

ဈေးလူကြုံမှာလိုက်သည့် အဘိုးကြီးပင် ဖြစ်သည်။





"ဒီမှာ အဘလူကြုံမှာလိုက်တဲ့ပစ္စည်းတွေ အစုံအလင် ပါလာပါတယ်ခင်ဗျာ. ."

ဟုပြောပြီး ဈေးထုပ်နှင့် သူပေးလိုက်သော ငွေဒင်္ဂါးကိုပါ ပြန်ပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ်ကွယ်၊ ဒါထက် ဒီငွေဒင်္ဂါးက ဘာကြောင့်ပြန်ပေးတာတုန်း. . ."

"အဘမှာလိုက်တဲ့ ပစ္စည်းကသိပ်မများတော့ ကျွန်တော်တို့ဝယ်တဲ့ ပစ္စည်းတွေထဲမှာ ထည့်ဝယ်ပြီး လှူပေးတာပါ"

"မင်းတို့က အလှူအတွက် ပစ္စည်းတွေသွားဝယ်ကြတာ မဟုတ်လားကွယ့်"

"ဟုတ်ပါတယ် အဘ. . ."

"ဒီလိုဖြင့် ငါ့ကုသိုလ်လည်းပါအောင် ဒီငွေကို အလှူအတွက် ထည့်သုံးပေးပါကွယ်"

"ကောင်းပါပြီ အလှူမှာ အဘငွေလည်းပါပြီဆိုတော့ ရေစက်ချတဲ့အခါ အတူတကွချရအောင် အလှူကို ကြွလာခဲ့ဖို့ ဖိတ်ခဲ့ပါရစေ. ."

နီမောင်က အလှူလုပ်မည့် နေ့ရက်ကို ပြောပြလိုက်သည်။

"အခုလို ဖိတ်ကြားတာ ကျေးဇူးတင်ပါတယ်၊ လာနိုင်အောင်တော့ ကြိုးစားပါ့မယ်"

ဟုပြောပြီး နီမောင်ပေးလိုက်သော ပစ္စည်းအထုပ်အလေးများကိုယူပြီး တောထဲသို့ ပြန်ဝင်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ လှည်းကို ဆက်မောင်းလာကြလေသည်။

"သိပ်ပြီး အံ့သြဖို့ ကောင်းတာပဲနော်"

နီမောင်က လက်ထဲမှာ ကိုင်ထားသော ငွေဒင်္ဂါးပြားလေးကိုကြည့်ရင်း ရေရွတ်ပြောဆိုလိုက်သည်။

"ဘာများအံ့သြစရာရှိသလဲကွယ် လူ့ဘဝအပါအဝင် သုံးဆယ့်တစ်ဘုံမှာ ဘဝတွေ မရေမတွက်နိုင်အောင် ရှိနေတာပဲ၊ မျက်စိနဲ့ မြင်ရတာတွေရှိသလို မမြင်ရတာတွေလည်း အများကြီး ရှိကြတာပဲ၊ အခုလိုမြင်ရ ကြုံရတာ အကြောင်းမဲ့တော့ မဟုတ်ကြဘူး၊ ရှေးအတိတ်ဘဝက ပဋိသန္ဓေဆက်၊ ရေစက်တွေရှိလို့ တွေ့ကြုံဆုံကြရတယ်လို့ပဲ သဘောထားပြီး သူတို့ကို မေတ္တာများများသာ ပို့ပေးပေါ့ကွယ်"

ဟုပြောလေသည်။

သူတို့လှည်းသည် ညဉ့်ဦးပိုင်းအချိန် ရောက်တော့မှ အောင်ချမ်းသာရွာသို့ ပြန်ရောက်လာကြသည်။







# အခန်း (၁၀)

# ထူးခြားစွာရောက်လာသည့် ဧည့်သည်များ

အောင်ချမ်းသာရွာကြီးမှာ မြို့ကြီးများနှင့် အလှမ်းဝေးလှပြီး မဟာမြိုင်တောကြီးအတွင်းမှာ ရှိသော်လည်း စီးပွားရေး ချောင်လည်ကြသူ များလေသည်။

အချို့ဆိုလျှင် ရွှေငွေများပင် စုဆောင်းသိမ်းဆည်းထားနိုင်ကြသည့် အခြေအနေမျိုး ရှိကြပေသည်။

ထိုအထဲတွင် ရွာလူကြီးဦးစံဖေတို့ မိသားစုလည်း အပါ



www.burmeseclassic.com

www.burmeseclassic.com



အဝင် ဖြစ်လေသည်။

သူတို့မိသားစုကတော့ ရွာထဲမှာ စီးပွားရေးချောင်လည် ဆုံးနှင့် အတွင်းပစ္စည်း အတော်များများ ရှိပေသည်။

၎င်းတို့ နေအိမ်မှာ ရွာအစွန်ဘက်၌ရှိပြီး နှစ်ထပ်လည် ပေါ် အိမ်အမျိုးအစား ဖြစ်လေသည်။

ထိုအိမ်ကြီးတွင် သူကြီးဦးစံဖေဇနီးဖြစ်သူ ဒေါ်သန်းမေ တို့အပြင် သမီးနှစ်ယောက်လည်း ရှိလေသည်။ အကြီးဖြစ်သူ မြနှင်းဖြူက အသက်(၂၅)နှစ်အရွယ်ခန့်ရှိပြီး ရုပ်ရည်ချောမော သူဖြစ်သော်လည်း အနေအထိုင်ပိရိကာ ရိုးရိုးအေးအေးနေ တတ်သူ ဖြစ်လေသည်။

ညီမဖြစ်သူ ခင်အေးမူက အသက်(၂၃)နှစ်အရွယ်ဖြစ်ပြီး သူမလည်း အစ်မဖြစ်သူ မြနှင်းဖြူကဲ့သို့ ရုပ်ရည်ချောမောလှပ သူ ဖြစ်လေသည်။

သို့သော် စရိုက်ကတော့ အစ်မဖြစ်သူနှင့်မတူပေ သူမ ၁ ပွင့်ပွင့်လင်းလင်း၊ သွက်သွက်လက်လက် ဖြစ်နေတတ်ပြီး ဂုဏ်အဆင့်အတန်းကို မက်မောသူဖြစ်သည်။

မြနှင်းဖြူနှင့် ခင်အေးမူတို့ ညီအစ်မနှစ်ယောက်တို့မှာ ရုပ်ရည်ချောမောသည်ကတစ်ကြောင်း၊ မိဘကလည်းငွေကြေး ချောင်လည်သောကြောင့် လိုချင်သူတို့ ဝိုင်းဝိုင်းလည်နေကြသော် လည်း ယခုအထိတော့ ၎င်းတို့မေတ္တာကို ရနိုင်သူမရှိသေးပေ၊ မြနှင်းဖြူက ရိုးရိုးအေးအေးနေတတ်သူဖြစ်သဖြင့် ထိုအကြောင်း များကို စိတ်မဝင်စားသဖြင့် ကင်းကင်းနေသည်။ ခင်အေးမူက





တော့ ထိုသို့မဟုတ်ပေ။

သူနှင့် အဆင့်အတန်းမတူသူများ စိတ်မဝင်စားပဲ အ ဆင့်အတန်းမြင့်သော မြို့သား၊ သူဌေးသား၊ အရာရှိအရာခံ များလောက်ကိုသာ စိတ်ဝင်စားသူဖြစ်သောကြောင့် အနီးပတ် ဝန်းကျင်မှ လာရောက်ကမ်းလှမ်းကြသော ဘဝတူကာလသား များကို လက်မခံခြင်းဖြစ်ပေသည်။

ထိုကဲ့သို့ စရိုက်မတူသော်လည်း ကြိုက်ရမည့်သူ မတွေ့ ကြသေးသောကြောင့် နှစ်ယောက်စလုံး အပျိုကြီးဘဝနှင့် ရှိနေ ကြခြင်းဖြစ်သည်။

ယခုလည်း နီမောင်တို့မိသားစုက ကြီးကျယ်လှသော အလှူပွဲတစ်ခု ကျင်းပတော့မည်ဖြစ်သောကြောင့် ရွာထိပ်က ဘုန်းကြီးကျောင်းသို့ ရောက်နေကြသည်။

ကျောင်းရှေ့တွင် သံယာစင်ပါသော မဏ္ဍပ်အကျယ် ကြီးထိုးထားပြီး မဏ္ဍပ်ထဲမှာ တစ်ရွာလုံးမှာရှိသော အပျို လူပျိုတို့ သာမက အနီးတစ်ဝိုက်မှာရှိသော ကျေးရွာများမှ မိန်းမပျို ယောကျ်ားလေးများပင် ရောက်နေကြပြီး ဝိုင်းကူလုပ်ပေးနေကြ လေသည်။ မြို့နှင့် ဝေးလံသီခေါင်လှသော နေရာများ၊ ရွာများမှာ အလှူပွဲ၊ ရှင်ပြုပွဲနှင့် ပျော်ပွဲရွှင်ပွဲများက တစ်နှစ်တစ်ခါပင် မရှိ သေးကြပေ။

ကျေးရွာများမှာနေကြသော မိန်းမပျို ယောကျ်ားပျို လေးများမှာ တစ်နှစ်လုံး အလုပ်နှင့် လက်နှင့်မပြတ် လုပ်ကြရပြီး ယခုကဲ့သို့ ပွဲလမ်းသဘင်ရှိသောအခါမှသာ လွှတ်လပ်ခွင့်ရကြ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ထိုအချိန်မျိုးမှာတော့ မိဘ၊ အုပ်ထိန်းသူတို့ကလည်း ကြည်ကြည်သာသာဖြင့် ခွင့်ပေးကြရလေသည်။

တစ်နှစ်လုံး သေတ္တာထဲ ဖာထဲမှာ ထည့်ထားသော အဝတ်အစား၊ အသုံးအဆောင်ပစ္စည်းတို့မှာလည်း ထိုကဲ့သို့ အခွင့်အရေးပေါ်မှာ ထုပ်ပြီး ဝတ်ဆင်ကြရသည်။

တစ်နှစ်လုံး အဝတ်အစားဟောင်းများဖြင့် ဖြစ်သလို နေခဲ့ကြရာ ခေါက်ရိုးမကျိုးသေးသော၊ ချည်နံ့၊ ကော်နံ့ မပျောက်သေးသော အဝတ်အစားအသစ်များကို ထုတ်ဝတ်သောအခါ အထာမကျပဲ ရှိလေသည်။

ဝတ်ထားသော ပုဆိုး၊ လုံချည်က အဆင်မပြေသောကြောင့် မကြာခဏဖြေဝတ်ကြရသည်။

မိန်းကလေးများဆိုလျှင်လည်း သိမ်းထားသော ပေါင်ဒါ မျက်နှာချေ၊ နှုတ်ခမ်းနီ စသည်တို့ဖြင့် ခြယ်သထားကြရာ အသားရောင်ကတခြား၊ ခြယ်သထားသည်ကတခြား ဖြစ်နေတတ်သည်။

မည်သို့ပင်ဖြစ်စေ. . .။

တောရွာများမှာ နေကြသူများမှာ တစ်နှစ်လုံး အလုပ်နှင့် လက်နှင့်မပြတ်ကြရပဲ ရှိနေကြရာမှ ယခုကဲ့သို့ အလှူအတန်းပွဲများရှိလျှင်တော့ ပျော်ကြရလေသည်။

ယခုလည်း နီမောင်တို့မိသားစု လှူသောအလှူပွဲအတွက်အကူအညီပေးရန် ရပ်ဝေးရပ်နီးမှ ရောက်နေကြသော အပျိုလူပျိုတို့မှာ မနည်းတော့ပေ. .။

ယောကျ်ားလေးများက ရေခပ်၊ ထင်းခွဲ၊ ရေနွေးအိုးကျို





ထမင်းဟင်းချက်တတ်သူများက ချက်သည်။ အချို့က ရေတ်သီး ထောင်း၊ ငါးခြောက်ထောင်းခြင်းများ ပါဝိုင်းကူနေကြသည်။

မနီးမဝေးမှာ ကြက်သွန်ခွာ၊ ကြက်သွန်လှီး၊ အာလူးနှင့် အခြားသီးနှံများတွင် သင်လှီးနေကြသော မိန်းမပျိုလေးများက ရှိနေကြရာ လက်ဆုံထောင်းသံတို့မှာ အားပါလှသောကြောင့် ကျယ်လောင်စွာ ပေါ်ထွက်နေတော့သည်။

ထိုသို့အလုပ်လုပ်နေရင်းမှ တစ်ဦးနှင့် တစ်ဦးကျီစယ် နောက်ပြောင်ခြင်းများ ပြုနေကြရာ ပျော်ရွှင်စရာ ဖြစ်လေသည်။ အခြားအချိန်များတွင် ထိုကဲ့သို့ လွတ်လွတ်လပ်လပ် မတွေ့ကြရပဲ ယခုကဲ့သို့ အလှူအတန်းများရှိမှ တွေ့ခွင့်ကြရာ မိမိတို့ ပြောလိုသော စကားတို့ကို သွယ်ကာဝိုက်ကာဖြင့် ပြောခွင့်ရသော အချိန်လည်းဖြစ်သည်။

နောက်တစ်ရက်တွင် ရှင်ပြုပွဲကျင်းပတော့မည်ဖြစ်ရာ လိုအပ်သောအလုပ်များ ဝိုင်းကူရန်အတွက် မြနှင်းဖြူနှင့် ခင်အေးမူတို့ ညီမနှစ်ယောက်လည်း မကြာပ်ထဲ ရောက်နေကြလေသည်။

သူတို့ ညီအစ်မနှစ်ယောက်ကို ပိုးပန်းနေကြသော လူပျိုကာလသား အတော်များများရှိကြလေရာ ယခုလို အခွင့်အရေးရသောအခါမျိုးတွင် မနီးမဝေးမှာ မယောင်မလည်နှင့် လူလုံးပြနေကြသူအချို့လည်း ရှိကြလေသည်။

ခဏကြာတော့ ထိုနေရာသို့ နီမောင်ရောက်လာပြီး မြနှင်းဖြူကို မြင်တော့ အနားလာရပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မြနှင်းဖြူတို့ ရောက်နေကြပါလား၊ အခုလိုလာပြီး ကူညီပေးတာ ကျေးဇူးတင်ပါတယ်"

"နင်ကလည်း အပိုတွေလာပြောနေပြန်ပြီ ကိုယ့်ရွာမှာ အလှူရှိမှတော့ ဒီလိုပဲ အကူအညီ ပေးကြရမှာပေါ့၊ နင်သာ အလုပ်တွေများပြီး အခုမှမြင်တာ မဟုတ်လား"

မြနှင်းဖြူက ဘာမှပြန်မပြောရသေးခင်မှာ ခင်အေးမူ ပြောလိုက်သဖြင့် နီမောင်က ရယ်နေလေသည်။

"ဟုတ်ပါတယ် ငါကျောင်းပေါ်မှာ အလုပ်တွေရှုပ်နေလို့ပါ ခင်အေးမူရယ်"

"မသိပါဘူး အလှူရှင်ဘဝ ရောက်သွားလို့ ငါတို့ကို မမြင်တော့ဘူးထင်နေတာ"

"ဟဲ့ . . . ခင်အေးမူ ဘာတွေပြောနေတာလဲ"

မြနှင်းဖြူက ဝင်ပြီးဟန့်တားလိုက်သည်။

နီမောင်ကတော့ ခင်အေးမူသဘောကို သိတန်သလောက် သိပြီးသားဖြစ်သောကြောင့် မည်သို့မှ မထူးခြားပေ။

"မဟုတ်ပါဘူးဟာ အထင်မလွဲပါနဲ့ ကူညီလက်စနဲ့ပဲ မနက်ဖြန် မောင်ရင်လောင်းလှည့်တဲ့အခါမှာလည်း နင်တို့ညီအစ်မနှစ်ယောက် ကွမ်းတောင်ပန်းတောင်ကိုင်ပေးဖို့ လိုက်ခဲ့ကြပါဦးနော်"

"ကွမ်းတောင်ပန်းတောင်ကိုင်ဆိုတာ ရွာရဲ့အချောဆုံး အလှဆုံးတွေမှ လုပ်ကြတာ မဟုတ်လား၊ ငါတို့ထက်ပိုချောတဲ့ သူတွေ မရှိတော့ဘူးလား"





"ဟုတ်ပါတယ် နင်တို့ ချောတာလှတာ တစ်ရွာလုံးက သိကြပါတယ်၊ မနက်ဖြန်တော့ လိုက်ဖြစ်အောင် လိုက်ခဲ့ပေးကြပါဟာ"

ထိုသို့ပြောပြီး နီမောင်က ထိုနေရာမှ ထွက်သွားလေသည်။ ထိုအခါမှ မြနှင်းဖြူက ညီမဖြစ်သူကို အပြစ်တင်သောလေသံဖြင့် တိုးတိုးပြောသည်။

"သူ့ခမျာ အလှူကိစ္စနဲ့ အလုပ်တွေရှုပ်နေတဲ့ အထဲမှာ နင်က ဘာတွေသွားပြောနေမှန်း မသိဘူး"

"နီမောင်က သဘောကောင်းမှန်းသိလို့ တမင်စတာပါ မမရယ်"

ဟုသာပြန်ပြောလေသည်။

နီမောင်နှင့် မြနှင်းဖြူတို့ ညီအစ်မနှစ်ယောက်မှာ တစ်ရွာတည်းနေကြသူများဖြစ်ကြသဖြင့် တစ်ယောက်အကြောင်းတစ်ယောက် သိနေကြလေသည်။ သို့သော်လည်း အကြောင်းကိစ္စရှိမှသာ တွေ့ကြရခြင်း ဖြစ်ပေသည်။

အာလူးသင်နေရင်းမှ ခင်အေးမူက မေးလေသည်။

"မမ နီမောင်တို့ မိသားစုက ဒီလောက်ပိုက်ဆံရှိကြတာ မဟုတ်ဘဲနဲ့ ဒီလောက် အလှူကြီးမျိုးလှူနိုင်တာတော့ အံ့သြစရာပဲနော်"

"အရင်ကတည်း လှူဖို့အတွက် ကြိုတင်ပြီး စုဆောင်းထားတာဖြစ်မှာပေါ့"

"နီမောင်က ဆင်းရဲပေမယ့် ရိုးသားတယ်၊ အေးအေး



www.burmeseclassic.com

www.burmeseclassic.com



နေတာချင်းကလည်း မမနဲ့ အတော်တူတယ်၊ မမတို့နှစ်ယောက် ဆိုရင်တော့လိုက်တယ်”

“ဟဲ့. . ဘာတွေလျှောက်ပြောနေတာလဲ နားရှက်စရာတွေ လျှောက်ပြောမနေစမ်းနဲ့ တော်ကြာ သူများတွေကြားသွားလို့ တစ်မျိုးထင်နေဦးမယ်”

ဟုပြောလိုက်တော့မှ ခင်အေးမူက စကားရပ်သွားလေသည်။ ညအချိန်ရောက်တော့လည်း ရေနံဆီထည့်ပြီး ထွန်းရသော အောက်လင်းဓာတ်မီးကြီးများကို ကျောင်းပေါ်မှာရော ကျောင်းအောက် မဏ္ဍပ်ထဲမှာပါ ထွန်းထားသောကြောင့် လင်းထိန်နေလေသည်။

ထို့အပြင် ရွာလူကြီး ဦးစံဖေက ၎င်းအိမ်မှာရှိသော ဓါတ်စက်ကိုယူလာပြီး ဓာတ်ထုပ်များဖွင့်ပေးသဖြင့် အလုပ်လုပ်သူတို့မှာ မပျင်းရအောင် ရှိကြလေသည်။

ညဉ့်နက်ပိုင်းရောက်တော့မှ မိန်းကလေးများက အုပ်စုလိုက်ပြန်သွားကြပြီး အလုပ်လုပ်သောအဖွဲ့၊ ထမင်းဟင်းချက်သောအဖွဲ့များသာ ကျန်ခဲ့ကြလေသည်။

အလှူပွဲတွင် ထမင်း၊ ပဲနှင့်သီးစုံဟင်း၊ ငရုတ်သီးကြော်၊ သရက်ချဉ်သုပ်စသော ဟင်းများအပြင် ငါးခြောက်ထောင်းကြော်ပါပါသဖြင့် တကယ်အလှူကြီးများမှာကျွေးသော ထမင်းဟင်းမျိုး ချက်ကြရသည်။

ညနေပိုင်း အချိန်လောက်တွင် ရှင်လောင်းလှည့်ရတော့မည်ဖြစ်ရာ ထိုအချိန်တွင် မဏ္ဍပ်ထဲမှာရော ကျောင်းပေါ်မှာပါ





လူအတော်များများ ရောက်နေကြသည်။

ရွာလူကြီးဦးစံဖေနှင့် အခြားရွာထဲမှ လူကြီးအချို့ကတော့ မဏ္ဍပ်ထဲမှာ ရှိနေကြလေသည်။ ထိုအခိုက်မှာပင် မဏ္ဍပ်ရှေ့သို့ လူသုံးယောက် ရောက် လာလေသည်။

ရှေ့မှ လာသူက အသက်(၃၀)ဝန်းကျင်အရွယ်ခန့် ရှိပြီးကိုလိုနီခေတ် သစ်တောဌာနမှ အရာရှိများဝတ်ဆင်သော အဝတ်အစားများဝတ်ဆင်ကာ ဦးထုပ်ဖိနပ်တို့ကို ဝတ်ဆင်ထားသည်။ ရုပ်ရည်ကလည်း ခန့်ငြားထည်ဝါကာ ဝတ်ဗိုစားပုံကလည်း မြို့ကြီးသားဆန်ဆန် အရာရှိအရာခံတစ်ယောက်ဟန်ပန်မျိုး ပေါက်နေသဖြင့် မဏ္ဍပ်ထဲမှာ ရှိနေကြသောအပျိုများအပါအဝင် လူအတော်များများက ဝိုင်းကြည့်ကြလေသည်။ သူကြီးဦးစံဖေကတော့ ထိုသုံးယောက်ကို မြင်သည်နှင့် နေရာမှ ကပျာကယာထသွားကာ ဆီးကြိုနှုတ်ဆက်လေသည်။

“ဧည့်သည်တွေထင်ပါရဲ့၊ မဏ္ဍပ်ထဲဝင်ပြီး ကွမ်းဆေးလက်ဖက် သုံးဆောင်ကြပါအုံး”

“ဒီမှာ ရွာလူကြီးနဲ့များ တွေ့နိုင်မလားခင်ဗျာ”

“ကျုပ်က ရွာလူကြီးပါပဲ၊ ဒါထက် မောင်တို့က ဘယ်သူတွေပါလဲ”

“ကျွန်တော်က စစ်ကိုင်းသစ်တောဝန်ထောက်ရုံးကသစ်တောအရာရှိပါခင်ဗျား၊ နာမည်က မောင်အုပ်စိုးလို့ ခေါ်ပါတယ်”

“အခုလို တွေ့တာအများကြီး ဝမ်းသာပါတယ် အရာရှိ



www.burmeseclassic.com

www.burmeseclassic.com



မင်း၊ မဏ္ဍပ်ထဲကြွကြပါ"

ဟု ဖိတ်ခေါ်သဖြင့် သစ်တောအရာရှိ မောင်အုပ်စိုးဆိုသောသူက သူ့နောက်လိုက်နောက်ပါ နှစ်ယောက်နှင့်အတူ မဏ္ဍပ်တွင်းသို့ဝင်ကာ ခေါင်းရင်းဘက် သံဃာစင်အနီးမှာ ထိုင်ကြလေသည်။

ဦးစံဖေက ရှားရှားပါးပါး ဆိုသလို သူတို့နေသောအရပ်သို့ အရာရှိလူရွယ်တစ်ယောက်ရောက်လာသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ သမီးနှစ်ယောက်ကို အနီးသို့ခေါ်ယူကာ ဧည့်သည်သုံးယောက်တို့အား ကွမ်းဆေးလက်ဖက်ဖြင့် ဧည့်ခံခိုင်းလေသည်။

မြနှင်းဖြူကတော့ သူစိမ်းယောက်ျားများရှေ့မှာ ဝေယျာဝစ္စ ပြုလုပ်မပေးလိုသော်လည်း ခင်အေးမူကတော့ ထိုသို့ပြုလုပ်ပေးခွင့်ရသဖြင့် ဝမ်းသာကျေနပ်နေလေသည်။

မောင်အုပ်စိုးဆိုသော လူရွယ်ကလည်း ရုပ်ရည်ချောမောကြသော မြနှင်းဖြူနှင့် ခင်အေးမူတို့ ညီအစ်မနှစ်ယောက်ကိုမြင်သောအခါ သဘောကျနေဟန်ဖြင့် ဦးစံဖေကို မေးသည်။

"သူတို့နှစ်ယောက်က ဘယ်ရွာကလဲ"

"ဒီရွာကပါပဲ အရာရှိမင်း၊ ကျုပ်က ဒီရွာရဲ့ ရွာလူကြီးတစ်ယောက်ပါ နာမည်က ဦးစံဖေလို့ ခေါ်ပါတယ်၊ သူတို့နှစ်ယောက်က ကျုပ်ရဲ့သမီးတွေပါပဲ၊ အကြီးမက မြနှင်းဖြူလို့ခေါ်ပါတယ်၊ အငယ်မကတော့ ခင်အေးမူပါ"

သစ်တောအရာရှိ မောင်အုပ်စိုးကလည်း ပြုံးရွှင်စေ





သောမျက်နှာဖြင့် ခေါင်းညိတ်ပြလေသည်။

ထို့နောက် ခင်အေးမူတို့ ညီအစ်မ ဧည့်ခံကျွေးမွေးသော ကွမ်းဆေးလက်ဖက်တို့ကို ဣန္ဒြေရရ စားသောက်လေသည်။

ခင်အေးမူ စိတ်ထဲမှာတော့ . .

"မြို့ကြီးသားလည်းဖြစ်၊ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ အရာရှိအရာခံဖြစ်နေတော့ ပြောတာဆိုတာ စားတာသောက်တာကအစ ဣန္ဒြေရလိုက်တာ၊ ငါတို့ရွာမှာရှိကြတဲ့ တောသားတွေနဲ့တော့ တခြားစီပါပဲ၊ ငါတို့ဆီရောက်လာအောင် နတ်ကောင်းနတ်မြတ်တွေကများ လွှတ်လိုက်သလား မသိဘူး"

ဟုတွေးနေမိသည်။

မြနှင်းဖြူကတော့ သူစိမ်းတစ်ရံဆံ ယောက်ျားများရှေ့မှာ လာထိုင်နေရသည်ကို စိတ်ကျဉ်းကျပ်လျက် ရှိနေလေသည်။ အတန်ကြာတော့ ဦးစံဖေက မေးသည်။

"ဒါထက် အရာရှိမင်း၊ ဒီဘက်ကို ဘယ်လိုအကြောင်းကိစ္စနဲ့ ရောက်လာတာပါလဲ၊ ကျုပ်တို့ ဘာများအကူအညီပေးရမလဲ ပြောပါ . ."

"ကျွန်တော်က ဒီတောထဲမှာရှိတဲ့ သစ်တောစခန်းတွေကို စစ်မေးဖို့ အထက်က လွှတ်လိုက်တာပါ၊ ကျန်တဲ့အဖွဲ့တွေက ကိစ္စရှိတာနဲ့ ပြန်သွားကြတယ်၊ ကျွန်တော်က စစ်ဆေးစရာကိစ္စလေးတွေ မပြီးသေးလို့ နေခဲ့တာပါ၊ နှစ်ရက်သုံးရက်လောက်ကြာမှ ကားနဲ့ပြန်လာခေါ်ကြလိမ့်မယ်"

"ဟုတ်ကဲ့ . ဒီတော့ ကျုပ်တို့က ဘာများလုပ်ပေးရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စရှိရင်တော့ အားမနာပါနဲ့ ပြောသာပြောပါ"

"ဒီလိုအကူအညီပေးတာ ကျေးဇူးတင်ပါတယ်ဗျာ၊ အကူအညီပေးမယ်ဆိုရင်တော့ ကျွန်တော်တို့ကား မရောက်လာခင်မှာ ဒီရွာမှာပဲနေချင်ပါတယ် သူကြီးကပဲ စီစဉ်ပေးပါ"

"ဒါများ အရာရှိမင်းရယ် ဘာမှ အပန်းကြီးတဲ့ကိစ္စမှ မဟုတ်တာ အရာရှိမင်းတို့ ကိစ္စမပြီးမချင်း ဒီမှာနေမယ်ဆိုရင် နေဖို့ရောစားသောက်ဖို့ပါ လိုလေသေးမရှိအောင် စီစဉ်ပေးပါ့မယ်. . ."

"ကျေးဇူးတင်ပါတယ်ဗျာ. ."

"နောက်ပြီး တခြားအိမ်တွေမှာတည်းရင် ဧည့်ဝတ်မကျေကြမှာစိုးလို့ ကျုပ်အိမ်မှာပဲ လိုက်နေကြပါ၊ ဘာမှ အားနာစရာ မရှိပါဘူး"

"အားနာစရာတော့ ဖြစ်နေပြီဗျာ၊ ကျွန်တော်တို့အတွက်နဲ့ သူကြီးမင်းတို့ မိသားစုတွေမှာ ဝန်ထုပ်ဝန်ပိုးဖြစ်နေမှာ စိုးမိပါတယ်"

ထိုစကားကြားသောအခါ ဦးစံဖေကပင် ဘာမှ ပြန်မပြောရသေးခင်မှာ ခင်အေးမူက သွက်လက်စွာ ဝင်ပြောလိုက်လေသည်။

"ကျွန်မတို့ အိမ်မှာတော့ နေထိုင်တာ စားသောက်တာ ဘာမှအားနာစရာ မရှိပါဘူးရှင်၊ အရာရှိမင်းတို့က တကူးတက ကျွန်မတို့အိမ်မှာလိုက်ပြီး တည်းခိုတာကိုတောင် ဝမ်းသာနေကြတာပါ"





ထိုစကားကြောင့် မြနှင်းဖြူက မျက်စိဖြင့်တစ်ချက်လှမ်းကြည့်လိုက်သော်လည်း ဦးစံဖေကတော့ သွက်လက်ချက်ချာသော သမီးအငယ်အတွက် အကျေနပ်ကြီး ကျေနပ်နေလေတော့သည်။

"ဟုတ်ပါတယ် ဟုတ်ပါတယ်"

"ဒီလိုဆိုမှတော့ ကျွန်တော်တို့ သူကြီးအိမ်မှာပဲ နေပါ့မယ်၊ အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ်"

ထို့နောက်မှာတော့ သူကြီးဦးစံဖေက ဧည့်သည်သုံးယောက်တို့ကို သူ၏အိမ်သို့ ခေါ်သွားရန်အတွက် မဏ္ဍပ်အပြင်သို့ ထွက်လာကြလေသည်။

ထိုအခါ မဏ္ဍပ်အပြင်ဘက်နားမှာ ရပ်နေကြသော ဦးဇန်ကောင်းနှင့် နီမောင်တို့က ဧည့်သည်သုံးယောက်ကို တွေ့မြင်သွားကြလေသည်။

ထိုသို့မြင်သောအခါ ဦးဇန်ကောင်းက အကဲခတ်သော အမူအရာဖြင့် စူးစူးစိုက်စိုက်နှင့် ကြည့်နေလေသည်။

ထိုသို့ကြည့်နေမှန်းသိသောအခါ မောင်အုပ်စိုးဆိုသူမှာ သူ့လူနှစ်ယောက်ကိုခေါ်ကာ ထိုနေရာမှ ခပ်သုတ်သုတ်ထွက်သွားသဖြင့် ဦးစံဖေလည်း နောက်မှ ကပျာကယာ လိုက်သွားရလေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၁)

# မဟာမြိုင်သခင်မကို တွေ့ရခြင်း

နီမောင်တို့၏ အလှူပွဲကြီးက ထိုဒေသတစ်ဝိုက်မှာ ပြောစမှတ် ကျန်ခဲ့လောက်သည်အထိ ကြီးကျယ်သော အလှူပွဲကြီးတစ်ခု ဖြစ်ပေသည်။

ရှင်လောင်းလှည့်သည့်နေ့မှာပင် လာသမျှ ဧည့်သည်အပေါင်းတို့အား အယုတ်အလတ် အမြတ်မရွေး ဧည့်ခံကျွေးမွေးလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ထိုသတင်းကိုကြားသဖြင့် တောထဲမှာရှိသော ရွာများ၊ ထိုဒေသတစ်ဝိုက်မှာရှိသော ရွာများကပင် တကူးတကလာရောက်ကြသည်။

အောင်ချမ်းသာရွာမှ အလှူကြီးရှိသည်ဟု သတင်းကြားသဖြင့် မောက္ကတော်ရွာမှ ဈေးကားများရောက်လာပြီး အသုံးအဆောင်ပစ္စည်းများ လာရောက်ရောင်းချကြလေသည်။

ညနေပိုင်း တစ်ချိန်လုံး ထမင်းကျွေးရသည်မှာ ညဥ့်ဦးပိုင်း အချိန်ရောက်သည်အထိ မစဲသေးပေ။

ထမင်းကျွေး တာဝန်ယူထားသော လူငယ်လူရွယ်များနှင့်အလှူ့ရှင်များမှာ မနားရအောင် ရှိနေကြသည်။

ညဥ့်ဦးပိုင်းအချိန်ရောက်တော အောက်လင်းဓာတ်မီးရောင်များ တထိန်ထိန်နှင့် ပွဲဈေးတန်းသဖွယ် ဖြစ်နေလေသည်။

ဈေးရောင်းလာသော ဈေးကားများလည်း နောက်တစ်နေ့တွင် အလှူပွဲကြီးရှိသောကြောင့် မပြန်ကြတော့ပဲ ညအချိန်မှာပင် မီးထွန်းပြီး ရောင်းကြလေသည်။

နီမောင်မှာလည်း ထိုကဲ့သို့အလှူကြီးမျိုး လှူရသဖြင့် ဝမ်းသာပျော်ရွှင်နေလေသည်။

အမှန်တော့ သူတို့မှာရှိသော ငွေဖြင့်လှူပါက ထိုမျှလောက် လှူနိုင်ကြမည် မဟုတ်ပေ။

ဘုန်းကြီးကျောင်းမှာပင် အကျဉ်းချုပ်ပြီး ပြုလုပ်မည်ဟု စိတ်ကူးထားရာမှ မမျှော်လင့်ပဲ ဦးဇန်ကောင်းနှင့်တွေ့ပြီး ရွှေဒင်္ဂါးအချို့ရခဲ့သဖြင့် ထိုကဲ့သို့ကြီးကျယ်သော အလှူကြီးမျိုး လှူ





ဒါန်းနိုင်ခဲ့ခြင်းဖြစ်သည်။

ညဥ့်ဦးပိုင်းရောက်လာတော့ ဦးဇန်ကောင်းက နီမောင်အနားလာပြီး သတိပေးသည်။

"နီမောင်ရေ မကြာခင်မှာတော့ ငါတို့ ထူးထူးဆန်းဆန်းတွေတွေ့ကြရဦးမယ် ထင်တယ်ကွ"

"ဘယ်လိုထူးဆန်းမှုတွေလည်း ဆရာကြီး"

"အခုတော့ ပြောလို့မဖြစ်သေးဘူး၊ နောက်တော့သိရမှာပါ၊ ဒါထက် မင်းအလှူ့ဒါယကာတွေကို စာရေးနာဖို့ ဖိတ်ပြီးပြီလား"

ဟု မေးသဖြင့် အံ့ဩသွားလေသည်။

"ဘယ်အလှူ့ ဒါယကာတွေလည်း ဆရာကြီး"

"မင်းကို တောထဲမှာ ဘယ်သူမှ ရှာမတွေ့နိုင်တဲ့ တောင်လုံးကျော်ဆေးပင်ကို ရအောင်အကူအညီပေးခဲ့တဲ့ အဘိုးကြီးလေကွာ၊ သူအကူအညီပေးလို့ တောင်လုံးကျော်ဆေးမြစ် ရလာလို့ ငါ့ဆီကရွှေဒင်္ဂါးတွေ ရတာမဟုတ်လား ဒီအလှူက သူနဲ့လည်း သက်ဆိုင်တာပေါ့၊ သူ့ကိုမေ့ထားလို့ ဘယ်ဖြစ်ပါ့မလဲ"

ထိုစကားကြားတော့မှ သဘောပေါက်သွားလေသည်။

"ဟုတ်သားပဲ၊ ဒါပေမယ့် ဒီအချိန်ကျမှ တောထဲကို ဘယ်လိုသွားရမလဲ"

"တောထဲသွားစရာမလိုပါဘူးကွာ မဏ္ဍပ်အပြင်ကနေထွက်ပြီး အသံပြုရင်လည်း ဘယ်နေရာကမဆို သူကြားနိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောသဖြင့် မဏ္ဍပ်အပြင်ထွက်ပြီး တောစပ်၌ရပ်ကာ တရားနာဖိတ်ကြားလေသည်။

"တောထဲ၌ ကျွန်တော်အား တောင်လုံးကျော်ဆေးပင်ရရှိအောင် အကူအညီပေးခဲ့သော အဘခင်ဗျား၊ အဘအကူအညီပေးခဲ့သဖြင့် အလှူအတန်းကြီး ပေးနိုင်ခဲ့ပါပြီ၊ မနက်ဖြန် အလှူပွဲအတွက် ရေစက်ချအမျှအတန်းဝေတော့မှာ ဖြစ်ပါသဖြင့် ကြွရောက်ခဲ့ဖို့ ဖိတ်ကြားအပ်ပါတယ်ခင်ဗျား. . . ဤတောဤတောင်အတွင်းနှင့် မြင်အပ်သော ပုဂ္ဂိုလ်မမြင်အပ်သော ပုဂ္ဂိုလ်အပေါင်းတို့လည်း တရားတော်နာ သာဓုခေါ်နိုင်ရန်အတွက် ဤနေရာသို့ ကြွရောက်ခဲ့ကြပါရန် ကျွန်တော်က ဖိတ်ကြားအပ်ပါတယ်"

ဟု သုံးကြိမ်သုံးခါပြည့်အောင်ပြောပြီး မဏ္ဍပ်ဘက်သို့ပြန်လာလေသည်။

ထိုအချိန်မှာပင် မဏ္ဍပ်အပြင်ဘက်မှ အသံကျယ်ကျယ်ဖြင့် တောင်းလိုက်သည့် အသံတစ်သံ ထွက်လာလေသည်။

"သနားကြပါခင်ဗျာ. . သနားကြပါ. . ကျွန်တော်တို့ဘဝက အလှူရှင်များ ပေးမှကမ်းမှ စားရသောက်ရမယ့်ဘဝမျိုးပါ၊ ထမင်းကျန်ဟင်းကျန်လေးများရှိရင် စွန့်ကြဲတော်မူကြပါခင်ဗျား"

ထိုအသံကြားတော့ နီမောင်က တအံ့တသြဖြစ်သွားကာ ဦးဗန်ကောင်းရပ်နေသောနေရာသို့ လျှောက်သွားလေသည်။





ဦးဗန်ကောင်းကလည်း ထိုအသံကို နားစွင့်နေဟန်ရှိလေသည်။

"ဆရာကြီး ဘာတွေနားစွင့်နေတာလဲ"

"စောစောက တောင်းနေတဲ့အသံကို နားထောင်နေတာပါ ဒီအသံက ပုံမှန်တော့မဟုတ်ဘူးကွ"

"ဘယ်လို ထူးခြားနေလို့လည်း ဆရာကြီး"

"လူတစ်ယောက်ရဲ့ အသံမျိုးမဟုတ်ပဲ ပယောဂကပ်နေတဲ့ အသံမျိုးဖြစ်နေတယ်၊ အရင်က ဒီရွာကို သူတောင်းစားတွေဘာတွေ လာဖူးသလား"

"တစ်ခါမှ မလာဖူးဘူးဆရာကြီး"

"ထူးတော့ ထူးခြားနေပြီဟေ့၊ ဟုတ်မဟုတ်သိရအောင်သွားပြီး အကဲခတ် ကြည့်ကြရအောင်"

ဟုပြောပြီး နှစ်ယောက်သား အသံကြားရာဘက်သို့ လျှောက်လာကြလေသည်။

မနီးမဝေးနေရာရောက်တော့ မဏ္ဍပ်အပြင်ဘက် အမှောင်ရိပ်ထဲမှာရပ်နေသော သူတောင်းစားနှစ်ယောက်ကို လှမ်းမြင်ရသည်။ အမှောင်ထဲမှာ ရပ်နေသောကြောင့် မျက်နှာကိုတော့ မမြင်ရပေ။

သူတောင်းစားနှစ်ယောက်ကို ဦးဘရှိန်ကိုယ်တိုင် ထမင်းနှင့် ဟင်းများကို ဖက်ဖြင့်ထုပ်ကာ ပေးနေလေသည်။

ထမင်းဟင်းများရသောအခါ သူတောင်းစားနှစ်ယောက်က တောထဲသို့ ပြန်ဝင်သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထူးတော့ အတော်ထူးတာပဲ၊ ဘာပဲဖြစ်ဖြစ် နောက်တော့ သိအောင်စုံစမ်းကြည့်ရမှာပဲ၊ ဒါထက် မနေ့ညနေပိုင်းက ရောက်လာတဲ့ ဧည့်သည်သုံးယောက်ကရော ဘယ်သူတွေတဲ့လဲ"

"သစ်တောဌာနက အရာရှိလို့တော့ ပြောသံကြားလိုက်မိတယ်ဆရာကြီး"

"သူတို့ကို သူကြီးက ဘယ်နေရာကို ခေါ်သွားတာတဲ့လဲ"

"ဒီရွာမှာ ရက်ကြာကြာနေမှာမို့ သူ့အိမ်မှာ ခေါ်ထားဖို့ ခေါ်သွားတာလို့တော့ ပြောနေသံကြားတယ်"

"အင်း. . ဘုမသိ၊ ဘမသိပဲနဲ့ အိမ်မှာလက်ခံထားရင်တော့ ခက်ကုန်တော့မှာပဲ"

ဟု တစ်ယောက်တည်း ရေရွတ်ပြောဆိုနေလေသည်။

"ဘာကြောင့်လည်း အဘ၊ ဘာဖြစ်လို့လဲ"

"အခုနေ ရှင်းပြဖို့တော့ မလွယ်လှသေးဘူး၊ ငါပြောသည်း ဘယ်သူမှ ယုံကြည်ကြမှာ မဟုတ်ဘူး၊ ဒါပေမယ့် တစ်ခုခုတော့ လုပ်ကြရမှာပဲ"

ဟု ဦးဇန်ကောင်းက ပြုလုပ်ရမည့် အစီအစဉ်အချို့အား နီမောင်အား ပြောပြလေသည်။

နောက်တစ်နေ့ နံနက်ပိုင်းအချိန်မှာ အလှူ၏ပွဲကြီးနေ့ ရောက်လာပေသည်။

ရပ်ဝေးရပ်နီးမှ ဖိတ်ကြားထားသော ဧည့်သည်များရော သတင်းကြားသဖြင့် ရောက်လာကြသော ဧည့်သည်များပါ





ရောက်လာကြလေသည်။

နီမောင်တို့ မိသားစုမှာ အလှူ့ရှင်များဖြစ်ကြသောကြောင့် လာသမျှဧည့်သည်တို့ကို ဒိုင်ခံကြိုဆို ဧည့်ခံနေကြရသည်။ ရပ်ရွာမှ လူပျိုအပျိုတို့မှာလည်း ရှိသမျှထဲမှ အကောင်းဆုံးအဝတ်အစားများ၊ လက်ဝတ်ရတနာတို့ကို ဂုတ်ဆင်လျက် အစွမ်းကုန် ခြယ်သပြုပြင်ကာ ဧည့်သည်တို့ကို ဧည့်ခံပေးကြရသည်။

အချို့က ကျောင်းအောက်မှာပင် ပြုလုပ်ထားသော ထမင်းကျွေးသည့်နေရာမှာ တာဝန်ယူဆောင်ရွက်နေကြသည်။

ကျေးလက်တောရွာများမှာ သာရေးနာရေး၊ အလှူအတန်းကိစ္စများ ဆောင်ရွက်ကြသောအခါ မြို့နှင့်မတူပေ။

မည်သည့်ကိစ္စပင် ဆောင်ရွက်ကြသည်ဖြစ်စေ ပြုလုပ်ကြသည်ဖြစ်စေ ရပ်ဝေးမှလာသော ဧည့်သည်တို့ကို အခြားစားသောက်ဖွယ်ရာများထက်၊ ထမင်းကျွေးခြင်းကိုသာ ဦးစားပေးဆောင်ရွက်ကြရပေသည်။

သို့ကြောင့် ထမင်းကျွေးသောနေရာမှာ ကြိတ်ကြိတ်တိုးနေတော့သည်။

မြနှင်းဖြူက ကွမ်း၊ ဆေး၊ လက်ဖက်နှင့် ဧည့်ခံသောနေရာတွင် ရွာခံမိန်းကလေးအချို့နှင့် လုပ်ကိုင်နေရာ နီမောင်နှင့် မကြာခဏ ဆုံတွေ့နေကြသည်။

တစ်ကြိမ်မှာတော့ နှစ်ယောက်ချင်းတွေ့ကြသောအခါ နီမောင်က တိုးတိုးပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မြနှင်းဖြူ နင့်ကို ငါပြောစရာရှိတယ်"

ထိုစကားကြောင့် မြနှင်းဖြူမျက်နှာပေါ်မှာ ရှက်သွေးဖြာသွားလေသည်။

နီမောင်က ထိုသို့ပြောလာသောကြောင့် အံ့ဩသွားဟန်ရှိလေသည်။

"နင်ကလည်း ပြောစရာရှိရင်လည်း နောက်မှပြောဟာ လူကြားထဲမှာ"

"ငါ့ကို အထင်မလွဲပါနဲ့ ငါပြောမယ့်စကားက"

"တော်ပါတော့ဟာ ပြောစရာရှိတာ နောက်မှပြော"

ပြောပြောဆိုဆိုနှင့် ထွက်သွားလေရာ နီမောင်ခမျာ စကားဆုံးအောင် ပြောခွင့်မရလိုက်တော့ပေ။

ထိုအခိုက်မှာ ဦးဗန်ကောင်းက အနားရောက်လာပြီး တိုးတိုးလာပြောလေသည်။

"နီမောင် မင်းဖိတ်ထားတဲ့ ဧည့်သည်တွေရောက်လာကြပြီး နေရာထိုင်ခင်းချပေးလိုက်ဦး"

ဟုပြောသဖြင့် မဏ္ဍပ်အပြင်သို့ ထွက်ကြည့်လေသည်။

အပြင်ဘက် တစ်နေရာရောက်တော့ မမျှော်လင့်သော ဧည့်သည်သုံးယောက်တို့ကို တွေ့မြင်ရလေသည်။

တစ်ယောက်က သူ့ကိုတောင်လုံးကျော် ဆေးမြစ်ဝိုင်းကူရှာပေးသော အဘိုးကြီးဖြစ်ပြီး၊ ကျန်တစ်ယောက်က မိစ္ဆာတောင်ကြားမှ ဈေးကြုံထွက်မှာသော အဘိုးကြီးဖြစ်လေသည်။

နောက်တစ်ယောက်ကတော့ ဗိဿနိုး ကုန်းနေရာတွင်





တွေ့ခဲ့ရသော အမျိုးသမီးဖြစ်လေသည်။

သုံးယောက်စလုံး ရှေးအခါက ဝတ်ဆင်သောအဝတ်အစားများကို ဝတ်ဆင်ထားကြလေသည်။

အဘိုးကြီးနှစ်ယောက် ပိုးရင်ဖုံး အင်္ကျီ၊ တောင်ရှည်ပုဆိုး၊ ပိုးပဝါခေါင်းပေါင်းတို့ကို ဝတ်ဆင်ထားပြီး အမျိုးသမီးက နန်းတွင်းသူများဝတ်ဆင်သော အဝတ်အစားများ ဝတ်ဆင်ထားသည်။

ထို့ပြင် လက်ဝတ်ရတနာများကိုပါ ဝတ်ဆင်ထားလေရာ မင်းသမီးတစ်ယောက်နှင့်တူနေသောကြောင့် အလှူပွဲလာသူများက ငေးမောကြည့်နေကြသည်။

"အခုလို အလှူပွဲလာကြတာ ဝမ်းသာပါတယ်ခင်ဗျာ"

"တကူးတကဖိတ်ထားမှတော့ လာခဲ့ရတာပေါ့မောင်ရာ"

"ထမင်းစားဖို့ တစ်ခါတည်းသာကြွကြပါ"

"ကျုပ်တို့စားပြီးခဲ့ကြပါပြီ"

"ဒါဖြင့်လည်း ကွမ်းဆေးလက်ဖက်သုံးဆောင်ဖို့ မဏ္ဍပ်ထဲကိုကြွကြပါ"

"ရပါတယ်ကွယ် ပြည့်စုံနေလို့ပါ"

"ဒီလိုဖြင့် ရေစက်ချတရားနာချိန်လည်း နီးနေပြီမို့ တစ်ခါတည်းသာ ကျောင်းပေါ်ကိုကြွကြပါ"

ထိုအခါအမျိုးသမီးက ဝင်ပြောလေသည်။

"ငါ့မောင်ဖိတ်လို့သာ ရောက်ဖြစ်အောင်လာခဲ့ကြတာ



www.burmeseclassic.com

www.burmeseclassic.com



ပါ ကျောင်းပေါ်တော့မတက်တော့ပါဘူး၊ တခြားကိစ္စလေးတွေ ရှိနေသေးလို့ တရားနာဖို့လည်း အချိန်မရတော့ပါဘူး"

"စိတ်မကောင်းစရာဗျာ"

"ဒီလိုတော့လည်း မဟုတ်ပါဘူး၊ အခုလာတဲ့သုံးယောက်ထဲက တစ်ယောက်တော့ဖြင့် တရားနာဖို့ကျန်နေခဲ့မှာပါ ငါ့မောင်သာ အားတဲ့တစ်နေ့ ပိဿနိုးကုန်းကိုလာခဲ့ပါ။ အစ်မစောင့်နေပါ့မယ်"

နီမောင်က သဘောပေါက်စွာဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"အလှူပြီးရင် ကျွန်တော်လာခဲ့ပါ့မယ်"

"စိတ်ချပါအစ်မ"

"ကျေးဇူးတင်ပါတယ်ကွယ်၊ မင်းအလှူကိုလည်း အစ်မတို့လာတယ်လို့ပဲ သဘောထားပါ၊ ကိုယ့်အကြောင်းနဲ့ကိုယ်မို့ တရားမနာနိုင်တော့တာကိုတော့ ခွင့်လွှတ်ပေးပါကွယ်"

ဟု တောင်းပန်လေရာ နီမောင်က ခေါင်းညိတ်ပြလိုက်လေသည်။

"ရပါတယ် အစ်မရယ်"

ထို့နောက် နီမောင်ကို နှုတ်ဆက်ပြီး ပြန်သွားလေသည်။

ဈေးကြိုမှာသော အဘိုးကြီးနှင့် ဆေးပင်ရှာပေးသော အဘိုးကြီး နှစ်ယောက်သာ ကျန်ခဲ့လေသည်။

ထို့ကြောင့် တရားနာရန် ကျောင်းပေါ်သို့ ပို့ပေးလိုက်သည်။





ပြန်ဆင်းလာသောအခါ ဦးဇန်ကောင်းက ပြောသည်။

"ပိဿနိုး မင်းသမီးကဘုန်းကြီးတွေကို နာကြည်းနေပါတယ်ဆိုမှ မင်းကကျောင်းပေါ်တက်ပြီး ဘုန်းကြီးရှေ့မှာ တရားနာခိုင်းလို့တော့ ဘယ်ရပ့ါမလဲ"

"ဒါဖြင့် စောစောက ရောက်လာတာ ပိဿနိုးမယ်တော်လား ဆရာကြီး"

"ပိဿနိုးကုန်းက လာပါတယ်ဆိုမှ ဒါအပြင်ဘာရှိဦးမှာလဲ"

"ဒါဖြင့်ဘာကြောင့်လာတာလဲ"

"မင်းကို အကူအညီတောင်းစရာရှိလို့ဖြစ်မယ် အလှူကိစ္စတွေပြီးတော့ သူမှာတဲ့အတိုင်း လိုက်သွားပေါ့"

ဟု ပြောလေသည်။

"အတော်လေးတော့ အံ့သြစရာကောင်းတယ်"

"ဘာများ အံ့သြစရာရှိလို့လည်းကွာ မင်းအခုလို ဖြစ်ပျက်ကြုံတွေ့နေတာတွေကို သာမန်လို့များ မင်းကထင်နေလို့လား၊ ပရလောကသားတွေက သူတို့နဲ့ ပဋ္ဌာန်းဆက်မရှိရင် အခုလိုတွေ့ဖို့တော့ မပြောနဲ့၊ ဝေးဝေးက ရှောင်နေတတ်ကြတယ်၊ ကိုယ့်ဘက်က စေတနာကောင်းကောင်းနဲ့ လုပ်ပေးရင်သူတို့ဘက်ကလည်း အကူအညီပေးတတ်ကြပါတယ်"

ဟု ပြောပြလေသည်။

နေ့လယ်ဘက်အလှူရေစက်ချ တရားနာသောအခါ ထူးထူးခြားခြားရောက်လာသော အဘိုးကြီးတို့ကို လှမ်းမြင်နေရ



www.burmeseclassic.com

www.burmeseclassic.com



သေးသည်။ ရေစက်ချပြီးမှသာ မတွေ့ရတော့ခြင်းဖြစ်သည်။ လူအုပ်ထဲများ ရောက်နေသလားဟု လိုက်ရှာကြည့်တော့လည်း ဘယ်နေရာမှာမှ မတွေ့ရတော့ပေ။

ထူးထူးခြားခြား ရောက်လာပြီး ထူးထူးဆန်းဆန်းပင် ပြန်ပျောက်သွားခဲ့ချေသည်။







# အခန်း (၁၂)

# ရုပ်ပြောင်းနာမ်ခွာ ဘူတာဝါဟာနပညာ

အလှူကိစ္စများပြီးသောအခါ နီမောင်က ဦးဗန်ကောင်းအား ၎င်းသိချင်သော အကြောင်းအရာများကို မေးလေသည်။

"ဆရာကြီး အလှူရက်မှာ ဘယ်လိုထူးခြားမှုတွေ တွေ့ခဲ့ရတယ်ဆိုတာ ကျွန်တော်ကို ပြောပြပေးပါ"

ထိုအခါ ဦးဗန်ကောင်းက ပါးစပ်ထဲမှာ ဝါးနေသော ကွမ်းဖတ်များကို ရေနွေးဖြင့် အာလုတ်ကျင်းလိုက်ပြီးမှ စကားစ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"မင်းကို တောထဲမှာ အကူအညီပေးခဲ့တဲ့ အဘိုးကြီး၊ ဈေးကြိုမှာတဲ့အဘိုးကြီးနဲ့ ဗိဿနိုးကုန်းက အမျိုးသမီးအကြောင်းတွေကိုတော့ မင်းလည်း သိတန်သလောက် သိပြီးရောပေါ့"

"ဆရာကြီး ပြောပြလို့ သိတန်သလောက်တော့ သိရပြီးပါပြီ၊ ဟိုအမျိုးသမီး ဗိဿနိုးမယ်တော်ဖြစ်မယ်ဆိုရင် ကျန်နှစ်ယောက်က ဘယ်သူတွေလည်း ဆရာကြီး"

"မင်းကို ဆေးပင်ရှာပေးတဲ့သူက မဟာမြိုင်တောကြီးနဲ့ ပတ်သက်ပြီး စောင့်ရှောက်ပေးနေတဲ့ ပုဂ္ဂိုလ်တစ်ဦးဦး ဖြစ်မှာပါ၊ ငါ့အထင်ပြောရရင်တော့ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ဖြစ်မယ်ထင်တယ်"

"ဈေးကြိုမှာတဲ့ အဘိုးကြီးကရောဟင်"

"မင်းတို့ပြောတာ မိစ္ဆာတောင်ကြားနေရာက အခြောက်အလှန့်ကြမ်းတဲ့နေရာမဟုတ်လား၊ သူကအဲဒီနေရာက ပရလောကသား တစ်ဦးဦးပဲ ဖြစ်မှာပေါ့ကွယ်"

"ပရလောကသားတွေက ဒီလိုနေရာမျိုး လာနိုင်ကြသလားဟင်"

"ပရလောကဆိုတာ အများကြီးရှိကြတယ်၊ မကောင်းတဲ့ မိစ္ဆာတွေရှိကြသလို ကောင်းတဲ့ပရလောကသားတွေလည်း ရှိကြတယ်၊ အချို့ဆိုရင် လူတွေနဲ့ အတူနေနိုင်လောက်တဲ့အထိ ရှိကြတယ်၊ ဥပမာ- ဥစ္စာစောင့်တွေက လူလောကသားတွေနဲ့ ညားပြီး အတူတူနေနိုင်ကြသလိုမျိုးပေါ့"





"ဟုတ်ကဲ့၊ ကျွန်တော်လည်း ကြားဖူးပါတယ်၊ ဒါတွေ အပြင်ဘာတွေရှိသေးသလဲ ဆရာကြီး"

"မင်းတို့အလှူကို သူတောင်းစားနှစ်ယောက် ရောက်လာတာ မှတ်မိသေးသလား"

"မှတ်မိတယ် ဆရာကြီး"

"အဲဒီသူတောင်းစားတွေက လူအစစ်တွေမဟုတ်ကြဘူး"

"ဒါဖြင့် ပရလောကသားတွေလား"

"ပရလောကသားတော့မှန်တယ် ဒါပေမယ့် ရုပ်ခန္ဓာမရှိတဲ့ ပရလောကသားမျိုးတော့ မဟုတ်ဘူး၊ ဝိညာဉ်ကသာ ပရလောကသား ဖြစ်နေပေမယ့်၊ ရုပ်ခန္ဓာကတော့ ဘူတာဝါဟနပညာတတ်တဲ့ သူတစ်ဦးဦးက ဖန်တီးထားတာကွယ့်၊ ပြောရရင်တော့ လူပုံသဏ္ဍာန် ဖန်တီးထားပြီး ဖုတ်သွင်းသလို ဝိညာဉ်ကိုတော့ တခြားကနေခေါ်ပြီး ထည့်ပေးထားတဲ့ လူနဲ့တူတဲ့ လူအတုတွေပေါ့ကွာ"

ထိုစကားကြောင့် နီမောင်မှာ များစွာအံ့သြသွားလေသည်။

"ဒီပညာတွေက တကယ်ပဲရှိသလား ဆရာကြီး"

"ရှိတာပေါ့ကွယ် ခန္ဓာဝါဟနပညာ၊ ရူပါဝါဟနပညာ၊ ဘူတာဝါဟနပညာဆိုတဲ့ ပညာမျိုးတွေက ရှေးနှစ်ပေါင်းများစွာကတည်းက ရှိခဲ့တာပဲ အံ့သြဖို့ကောင်းတာက အခုအခါမှ နှစ်ပေါင်းများစွာကတည်းက ကွယ်ပျောက်နေတဲ့ ပညာတွေကို



www.burmeseclassic.com

www.burmeseclassic.com



တတ်ကျွမ်းတဲ့သူတွေ ရှိနေသေးတာကိုပဲ"

"ဘယ်သူတွေဖြစ်မလဲဟင်"

"ဒါကတော့ သဲလွန်စရှာပြီး စုံစမ်းကြည့်ရင်သိနိုင်ပါတယ်"

"သူတောင်းစားနှစ်ယောက်က လူအစစ်တွေ မဟုတ်ကြဘူးဆိုတော့ နောက်ထပ်များ ရှိသေးသလား ဆရာကြီး"

"သူကြီးဦးစံဖေ သူ့အိမ်ခေါ်သွားတဲ့ လူသုံးယောက်ကြည့်ရတာလည်း အခြေအနေက သိပ်မဟန်လှဘူး"

"ဒါဖြင့် သူတို့အိမ်ကလူတွေကို ဒုက္ခပေးမှာလားဟင်"

"ဘယ်လိုအကြံအစည်မျိုးနဲ့ ရောက်လာကြတယ်ဆိုတာတော့ မသိရသေးဘူးပေါ့၊ ဒါပေမယ့် မလွန်ခင် တားဆီးထားနိုင်ရင်တော့ အကောင်းဆုံးပေါ့"

"ဒါဖြင့် သူတို့တွေကို ဆရာကြီး တားဆီးပေးနိုင်မယ်မဟုတ်လား"

"တားပေးနိုင်ပါတယ်၊ ဒါပေမယ့် ဒီအကြောင်းတွေကို သူတို့မသိအောင် လုပ်နိုင်မှဖြစ်မယ်၊ မဟုတ်ရင် ရှိတဲ့လူတွေကို ဒုက္ခပေးနိုင်တယ်"

"ဒီတော့ ဘယ်လိုလုပ်ရမလဲဟင်"

"ငါပြောထားသလိုပေါ့၊ ပထမ သူတို့အိမ်က လူတစ်ယောက်နဲ့တွေ့ပြီး အရင်အသိပေးရမယ်၊ ပြီးမှ အစီအရင်လုပ်ထားတဲ့ ပစ္စည်းတစ်ခုကို သူတို့အိမ်ထဲရောက်အောင်ပို့ပြီး ငါပြောတဲ့အတိုင်းလုပ်ရင် ရပါပြီ"





"အတော်ကို ဆန်းကြယ်တာပဲနော်"

"လောကမှာ ကိုယ့်ရဲ့ဉာဏ် တစ်ထွာတစ်မိုက်လောက်နဲ့ လိုက်မမီနိုင်လောက်တဲ့ အကြောင်းအရာတွေ အများကြီးရှိတယ်"

ဦးဖန်ကောင်းပြောသော ရုပ်နှင့်နာမ်တရားတို့၏ ဆန်းကြယ်မှုများနှင့် တမလွန်ဘဝအကြောင်း သာဓကအနေဖြင့် ရေးသားဖော်ပြပေးပါဦးမည်။

တမလွန်ဘဝ ပြဿနာမှာ စိတ်ဝိညာဉ်သုတေသီဆရာတို့ သဘောအယူ ကွဲလွဲနေသော ပြဿနာဖြစ်သည်။

အချို့သုတေသီဆရာတို့က စူးစမ်းလေ့လာတွေ့ရှိရချက်များကို အခြေပြု၍ တမလွန်ဘဝကို လက်ခံကြသည်။

အချို့သုတေသီဆရာတို့ကမူ တမလွန်ဘဝကို လက်မခံကြပေ။

လူများစွာသည် ပုဂ္ဂိုလ်သတ္တဝါတစ်ဦး သေသည်၏ အခြားမဲ့၌ မည်သို့ဖြစ်သွားသည်ကို တွေးခေါ်ကြံဆ၍ အမျိုးမျိုးထင်မြင်ယူဆကြသည်။

သို့ဖြစ်၍ လူအများစိတ်ဝင်စားသော ဤစိတ်ဝိညာဉ်ပြဿနာနှင့် ပတ်သက်၍ သုတေသနပြုမှုမပါဘဲ အတွေးအခေါ်သက်သက်ပေါ်၌ အခြေပြုသော ထင်မြင်ယူဆချက်များကို လေ့လာဆန်းစစ်မှုများကို ဖော်ပြလိုက်ပေသည်။

ကမ္ဘာပေါ်၌ လူသေလျှင် အချည်းနှီးမဖြစ်ဘဲ ဘဝသစ်တစ်ဖန်ဖြစ်သည်ဟု ယုံကြည်သော အသိပညာရှင်များစွာ ရှိပေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

အချို့မှာ နာမည်ကျော် ဒဿနဆရာ၊ သိပ္ပံဆရာနှင့် စာရေးဆရာများ ဖြစ်သည်။

ဥပမာအားဖြင့် ပလေတို၊ ဗစ်တာဟူဂို၊ ဘင်ဂျမင် ဖရန် ကလင်စသည့် ပုဂ္ဂိုလ်များ ပါဝင်သည်။

ၡင်းတို့သည် ကမ္ဘာကျော်ပညာရှင်များဖြစ်သည်။ ထို သူတို့၏ အယူအဆသည် မှုချမှန်ရမည်ဟု မဆိုသာပေ။

သိပ္ပံပညာသမိုင်းတွင် တစ်ခါတစ်ရံ ကမ္ဘာကျော်ပညာ ရှင်တို့၏ အတွေးအခေါ်များသည် လွဲမှားတတ်ကြောင်း သက် သေခိုင်လုံစွာ ရှိပေသည်။

တမလွန်ဘဝကို လက်မခံဘဲ လူသေလျှင် ဘဝပျက် သည်ဟု နာမည်ကျော် အသိပညာရှင်များလည်း ရှိပေသည်။

ဥပမာအားဖြင့် အိုင်းစတိုင်၊ ဆစ်(ဂ)မန် မရွိုက်၊ ဆမား ဆက်မော်ဟန်၊ ဘားနတ်ရှော စသည့်ပုဂ္ဂိုလ်များ၏ အယူအဆ များဖြစ်သည်။

သို့ဖြစ်၍ တမလွန်ဘဝပြဿနာမှာ ပညာရှင်တို့၏ အဆိုအမိန့်များဖြင့် ဆုံးဖြတ်၍ မရအပ်ပေ။

လူသတ္တဝါတို့သည် အများအားဖြင့် တမလွန်ဘဝကို လက်ခံ၍ သေပြီးသည့်နောက် ဘဝပျက်မသွားဘဲ ဘဝသစ်တစ် ဖန်ဖြစ်ခြင်းကို လိုလားတောင့်တ တတ်ကြပေသည်။

ဤအချက်သည်ပင် တမလွန်ဘဝမုချရှိသည်ဟု ကျွန်ုပ် တို့ယူဆရန်ခိုင်မာသော အထောက်အထားဖြစ်သည်ဟု အချို့





ဆရာတို့က ဆိုကြသည်။ ထိုအရာများ၏ အယူအဆကို ဖော်ပြ လိုပေသည်။

သေပြီးနောက် ဘဝသစ်တစ်ဖန်ဖြစ်လိုမှုသည် လူ သတ္တဝါ၌ ပဋိသန္ဓေကပါလာသော စိတ်ဆန္ဒဖြစ်လေရာ ယင်း သည် သဘာဝမွေ့က ဖန်တီးထားသော စိတ်ဆန္ဒဖြစ်ရပေမည်။

သို့ဖြစ်၍ ယင်းမှာ အကြောင်းမဲ့ အဓိပ္ပါယ်မရှိဘဲ လူ၏ စိတ်သန္တာန်၌ရှိနေသော အလိုဆန္ဒမဟုတ်ပေ။

တစ်နည်းဆိုသော တမလွန်ဘဝကို အလိုရှိခြင်းသည် ကြောက်ခြင်း၊ အစာစားလိုခြင်း၊ မေထုန်မှီဝဲလိုခြင်း စသော စိတ်များကဲ့သို့ အဓိပ္ပါယ်ရှိသော လူ့ဇာတိစိတ် တစ်မျိုးဖြစ်သည်။

ဇာတိစိတ်ဟူသည် ဆိုင်ရာဝတ္ထုအာရုံအထင်အရှားရှိ ၍ စိတ်အလိုပြည့်မှုသည်လည်း ရှိသည်။

ပုံစံအားဖြင့်. . .

ကြောက်စရာ ရန်သူအထင်အရှားရှိ၍ ကြောက်သည်။ ထွက်ပြေးခြင်း၊ ခုခံကာကွယ်ခြင်းဖြင့် မိမိကိုယ် လုံခြုံမှုအတွက် အလိုဆန္ဒပြည့်သည်။

ကာမရာဂ စိတ်မှာလည်း ထို့အတူပင်ဖြစ်သည်။

ထို့ကြောင့် ဘဝသစ်တစ်ဖန်ဖြစ်လိုမှု၌ အခြားလူ့ဇာတိ စိတ်များမှာ ထိုကဲ့သို့ပင် ဦးတည်ရာ တမလွန်ဘဝသည် မုချရှိ၍ ထိုအလိုပြည့်ရန် ဘဝကူးပြောင်းမှုသည်လည်း ကေန်ရှိရမည်ဟု ယူဆကြသည်။

ဤယူဆချက်မှာ လူသတ္တဝါတို့ ပြင်းပြစွာလိုလား



www.burmeseclassic.com

www.burmeseclassic.com



တောင့်တသော အရာသည် ဧကန်ရှိရမည် (သို့မဟုတ်) လိုလားတောင့်တသည့်အတိုင်း မုချဖြစ်ရမည်ဟူသော သဘောသက်ရောက်နေ၍ အချို့အသိပညာရှင်များက လက်ခံလိုမည်မဟုတ်ချေ။

မျက်မြင်အားဖြင့်ကား လူသားတို့၏ အလိုဆန္ဒနှင့် အရှိတရား(သို့မဟုတ်)ဒိဋ္ဌဓမ္မသည် အများအားဖြင့် တခြားစီဖြစ်၏။

လူသတ္တဝါအားလုံး၏ မျှော်လင့်တောင့်တမှုသည် ရုပ်လုံးပေါ်ရမည် အမှန်ဖြစ်ပါက ဤကမ္ဘာကြီးသည် သာယာဝပြောသော ကမ္ဘာကြီးဖြစ်နေရပေမည်။

အသက်ရှည်ခြင်း၊ ကျန်းမာခြင်းနှင့် ချမ်းသာကြွယ်ဝခြင်းကို လူတိုင်းအလိုရှိကြသော်လည်း ထိုအလိုဆန္ဒများ ပြည့်ဝသောသူ မများလှပေ။

သို့ရာတွင် ဘဝသစ်တစ်ဖန်ဖြစ်လိုမှုသည် အခြားလူ့အလိုဆန္ဒများထက် များစွာပိုမိုအားကြီး၍ အသက်ဇီဝိန်ချုပ်သည်နှင့် တစ်ပြိုင်နက် ဘဝပြတ်မသွားစေရန် တစ်နည်းနည်းဖြင့် ထောက်ကူသောအကြောင်း ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

ပလေတိုစသော ရှေးပညာရှိများက ဘဝသစ်တစ်ဖန်ဖြစ်ခြင်းသည် တဏှာအားကောင်းနေစဉ် ရုတ်တရက်သေဆုံး၍ အချို့မှာ သေခါနီးတွင် ဘဝသစ်တစ်ဖန်ဖြစ်ရန် ဆန္ဒပြုခဲ့ကြသူများ ဖြစ်လေသည်။

တမလွန်ဘဝကို အလိုရှိခြင်းသည် သဘာဝဓမ္မက ဖန်တီးထားချက်ဖြစ်သည်ဟု အခိုင်အမာ မဆိုနိုင်သော်လည်း





မျက်မှောက်ဘဝကို တွယ်တာသော လူ့သဘာဝစိတ်နှင့် ဆက်စပ်နေခြင်းမှာ ယုံမှားစရာမရှိပေ။

မိမိဘဝကို တပ်မက်မှုသည် သဘာဝဓမ္မ၏ ဖန်တီးချက်ဖြစ်၍ ထိုစိတ်မရှိပါက လူသတ္တဝါမျိုးစုသည် တည်မြဲမည်မဟုတ်ချေ။

ထိုဘဝတဏှာသည် အတ္တမာနနှင့် ယှဉ်တွဲနေ၍ လူသည် သေမင်းကို ရင်ဆိုင်ရသောအခါ အရှုံးမပေးလိုသောကြောင့် ဘဝသစ်တစ်ဖန်ဖြစ်ခြင်းကို လိုလားတောင့်တမိ၏။

ဤသည်မှာ တမလွန်ဘဝကို လူတို့ယုံကြည်ခြင်း၏ မူလအစဖြစ်၏။

သို့ရာတွင် ကျွန်ုပ်တို့သည် လူတို့ယုံကြည်ချက်တစ်ခု၏ မူလအစကို ထောက်ပြနိုင်ကာမျှဖြင့် ထိုယုံကြည်ချက်ကို မှားသည်ဟု မဆိုသာချေ။

ပုဂ္ဂိုလ်တစ်ဦး၏ မူလအစကိုကြည့်၍ သူ၏အကောင်းအဆိုးကို အကဲဖြတ်ရန် မဖြစ်နိုင်သကဲ့သို့ လူတို့ခံယူချက်တစ်ခု၏ ဖြစ်ပေါ်လာပုံကိုကြည့်၍ အမှားအမှန်ဆုံးဖြတ်ရန် မဖြစ်နိုင်ချေ။

အချို့ဆရာတို့က လူ့ဘဝ၏ မွန်မြတ်မှုကို အကြောင်းပြု၍ တမလွန်ဘဝကို လက်ခံယုံကြည်ကြသည်။

လူသတ္တဝါမျိုးစုသည် ဤကမ္ဘာပေါ်၌သက်ရှိများ စတင်ဖြစ်ထွန်းပြီးနောက် အဆင့်အတန်းအလွန်နိမ့်ကျ၍ ဘာမျှမထင်ရှားသော သက်ရှိဖြစ်ပြီး. . နှစ်ပေါင်းကုဋေကုဋာကြာအောင်



www.burmeseclassic.com

www.burmeseclassic.com



အဆင့်ဆင့် တရွေ့ရွေ့ပြောင်းလဲလာကာ ယခုအခါ သတ္တလောကတွင် အထွတ်အထိပ်သို့ ရောက်ရှိနေခြင်းဖြစ်သည်။

ထိုအဆင့်အတန်းအမြင့်ဆုံး သတ္တဝါသည် နှစ်ပေါင်း (၈၀)မျှသာ သက်တမ်းရှိပေရာ တိုတောင်းလှသော ဘဝခရီး၌ အချည်းနှီးဖြစ်ရမည်ဆိုခြင်းမှာ သဘာဝယုတ္တိကင်းမဲ့၍ တမလွန်ဘဝ မုချရှိရမည်ဟု ဆိုကြသည်။

ဤသည်မှာ ဇာတိမာနလွန်ကဲ၍ လူသတ္တဝါကို အကြောင်းမတန် ချီးပင့်ထားသော အဆိုဖြစ်ပေသည်။

ဤစကြဝဠာထဲရှိ အခြားဂြိုဟ်များမှ သတ္တဝါတို့သည် လောဘဒေါသထူပြော၍ ဇာတ်တူသားချင်း အနိုင်ကျင့်၊ မတရားမှုပေါများသော ဤလူ့ပြည်ကို မည်သို့ထင်မြင်ကြမည်နည်း။

အချို့ကမူ လူသတ္တဝါတိုင်းသည် လူတော်လူကောင်းမဟုတ်သော်လည်း လူတော်လူကောင်းဖြစ်ရန် အလားအလာရှိသည်ဟု ယုံကြည်ထားကြသည်။

ထိုအလားအလာကောင်းကို သေမင်းက အကြွင်းမဲ့ ဖျက်ဆီးပစ်နိုင်သည် ဆိုခြင်းကို လက်မခံလိုကြချေ။

လူ၏ဗီဇသတ္တိများ ပြီးမြောက်မှုအတွက် တမလွန်ဘဝသည် ဧကန်ရှိရမည်ဟု ဆို၏။

ဤသည်မှာ ကျွန်ုပ်တို့၏ မျှော်လင့်ချက်မျှသာဖြစ်၍ မျက်မြင်အားဖြင့်ကား ယူဆရန်ခိုင်မာသော အထောက်အထား မရှိပေ။

အချို့က လူသည်သဘာဝအားဖြင့် တိုးတက်သော





သတ္တဝါဖြစ်၍ တိုတောင်းသော မျက်မှောက်ဘဝတစ်ခုတည်းဖြင့် မည်သူမျှအစွမ်းကုန် တိုးတက်နိုင်မည် မဟုတ်ပေ။ သို့ဖြစ်၍ ဘဝအသိဉာဏ်ရင့်ကျက်ပြီး တိုးတက်မှု ပြီးပြည့်စုံရန်အတွက် ဘဝပေါင်းများစွာ ကျင်လည်ရသည်ဟု ဆိုကြ၏။

လောက၌ မှန်မြတ်သောတရားသည် ဧကန်ထင်ရှားရှိ၍ တမလွန်ဘဝသည်လည်း မုချရှိရမည်ဆိုသော သူတို့၏ ခံယူချက်ကို စဉ်းစားရန်ရှိပါသည်။

ထိုသူတို့အလိုအားဖြင့် သတ္တဝါအပေါင်းတို့ ချစ်ခင်ကြင်နာခြင်း၊ သူတစ်ပါးကိုကူညီစောင့်ရှောက်ခြင်း၊ ကတိသစ္စာရှိခြင်း၊ အမှန်တရားကို မြတ်နိုးခြင်းစသော အမြတ်တရားများကို ကျွန်ုပ်တို့သည် ပုဂ္ဂိုလ်သတ္တဝါနှင့် ခွဲခြား၍မရအပ်ပေ။

ယင်းတို့သည် လူသားကိုအမှီပြု၍ ထင်ရှားရှိရကား လူသတ္တဝါသည် သေသည်နှင့်အချည်းနှီးဖြစ်သည်ဆိုပါက ထိုသတ္တဝါ၏ အမြတ်တရားများသည်လည်း အချည်းနှီးဖြစ်ရပေတော့မည်။

စင်စစ် အမြတ်တရားမည်သည် ထာဝရတည်မြဲသော တရားဖြစ်၍ အချည်းနှီးဖြစ်ခြင်းမရှိ။ ထို့အတူ အမြတ်တရားတိန်းအောင်းရာလူသား၏ ဝိညာဉ်သည်လည်း ပြတ်တောက်မသွားဘဲ ဘဝသစ်တစ်ဖန် ဖြစ်ရမည်အမှန် ဖြစ်သည်ဟု ယူဆကြသည်။

ဤအဆိုမှာ သဘာဝယုတ္တိမရှိချေ။

အကြောင်းမှာ အမြတ်တရားများသည် ကမ္ဘာပေါ်၌



www.burmeseclassic.com

www.burmeseclassic.com



လူသတ္တဝါများရှိနေသမျှ ကာလပတ်လုံး လုံးဝပျောက်ကွယ်သွားရန် အကြောင်းမရှိဟု ယူဆကြသူများရှိသည်။

အနောက်နိုင်ငံမှ အချို့သော တမလွန်ဘဝသမားများသည် အမြတ်တရားများ၏ ထာဝရတည်မြဲမှုကို ‌တောင်းဆိုကြသည်။

စင်စစ်မှာ အရာဝတ္ထုတစ်ခု(သို့)ဂုဏ်ဒြပ်သတ္တိတစ်ခု(သို့)ပုဂ္ဂိုလ် သတ္တဝါတစ်ဦး၏ အနှစ်သာရသည် တည်မြဲမှုအချိန်ကာလအတိုင်းအတာနှင့် မသက်ဆိုင်ချေ။

"ကောင်းသောအရာသည် ထာဝရတည်မြဲနေခြင်းဖြင့် ပို၍ကောင်းလာမည်မဟုတ်"

"ကာလတာရှည်ခံသော ဝတ္ထုအဖြူတစ်ခုသည် တစ်ရက်မျှသာ ခံသောအခြားဝတ္ထုအဖြူတစ်ခုထက် ပိုပြီးဖြူသည်ဟု မဆိုနိုင်ချေ"

ဟုဂရိပညာရှင်ကြီး အာရစ္စတိုတယ်က မိန့်ဆိုခဲ့သည်။

အလောင်းဘုရား၊ ဗိုလ်ချုပ်အောင်ဆန်း၊ အမေရိကန်သမ္မတ ကနေဒီ စသောပုဂ္ဂိုလ်တို့သည် အသက်မရှည်သော်လည်း၊ သူတို့၏ ထူးချွန်မှုကို အသိအမှတ်ပြုရမည်သာဖြစ်သည်။

မိမိနိုင်ငံနှင့် လူမျိုးအတွက်(သို့မဟုတ်)အမှန်တရားအတွက် ပုဂ္ဂိုလ်တစ်ဦး၏ စွန့်စားမှုသည် အချိန်ကာလအားဖြင့် တဒင်္ဂမျှသာဖြစ်၍ အသက်ဆုံးရှုံးမှုဖြင့် နိဂုံးချုပ်ရသော်လည်း မွန်မြတ်သောဘဝအနေဖြင့် ထိုသူကို ကျွန်ုပ်တို့ ထာဝရဂုဏ်ပြု





ကြရမည်ဖြစ်သည်။

ဘဝတဏှာကြောင့် ဘဝသစ်တစ်ဖန်ဖြစ်သည် ဆိုခြင်းမှာ အတန်ယုတ္တိရှိကြောင်း လူဝင်စားများ၌ ထင်ရှား၏။

လူ၏အလိုဆန္ဒသည် အလွန်ပြင်းပြပါက အလိုရှိသည့်အတိုင်းဖြစ်တတ်ခြင်းမှာ မျက်မှောက်ဘဝ၌ ကျွန်ုပ်တို့မကြာခဏကြုံတွေ့ရသော အခြင်းအရာတစ်ခုဖြစ်သည်။

ဘဝတဏှာကြောင့် မည်သို့မည်ပုံ ဘဝသစ်တစ်ဖန်ဖြစ်ခြင်းကို လူများစွာတို့ နားမလည်ကြသကဲ့သို့ ကျွန်ုပ်တို့လည်း နားမလည်ပါ။

ဤသည်ကို ဝန်ခံပါသည်။

တမလွန်ဘဝရှိသည်ဆိုခြင်းသည် မိမိတို့အသိအမြင်နှင့် သောင်မဝင်သောကြောင့်မဖြစ်နိုင်ဟု အချို့က စွဲမှတ်ထားတတ်ကြသည်။

ကျွန်ုပ်တို့၏ အသိအမြင်သည် မည်မျှမြင့်မားစေကာမူ နယ်နိမိတ်အကန့်အသတ်ရှိ၍ အရာရာကို မှားသည်မှန်သည်ဟု ယတိပြတ် ဆုံးဖြတ်နိုင်စွမ်း မရှိကြောင်း သတိပြုရပေမည်။

ယနေ့လူတို့အဖို့ ရိုးနေသော ဒိဋ္ဌမမ္မများနှင့် သံသယစိုးစိမျှမရှိဘဲ လက်ခံယုံကြည်သော အချက်များသည် တစ်ရံရောအခါက အသိပညာရှင်များကပင် မဖြစ်နိုင်ဟု ငြင်းဆိုခဲ့သော အရာများဖြစ်ခြင်းကို ကျွန်ုပ်တို့ မမေ့သင့်ပေ။

သာဓကအချို့ကို ဖော်ပြပါမည်။

"တယ်လီဖုန်း တီထွင်လိုက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဆိုသော သတင်းကို ကြားသောအခါ အီဒင်ဗာတက္ကသိုလ်မှ ပါမောက္ခတစ်ဦးက. . .

"ဒါ သက်သက်လိမ်ညာတာဖြစ်ရမယ်၊ သူတို့ပြောသလို အဝေးကနေပြီး စကားပြောဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူး"

ဟုဆို၏။

ဒသာနိက ဆရာကြီးဘေကွန်သည် "ကမ္ဘာက နေကို လှည့်ပတ်သွားလာသည်"ဆိုခြင်းကို သူသေသည့်နေ့အထိ လက်မခံချေ။

သိပ္ပံဆရာ အက်ဒီဆင်တီတွင်လိုက်သော"အသံသွင်းစက်ပြား"ကိုပဲရစ်မြို့၌ ပညာ့ဗိမာန်အသင်း၌ ပထမအကြိမ် ဖွင့်ပြသောအခါ နားထောင်နေသော သိပ္ပံပညာရှင်အားလုံးက သတ္တုပြား၌ လူ့အသံသွင်းထားရန် မဖြစ်နိုင်ဟုဆို၍ စားပွဲအောက်တွင် အသံတုဝိဇ္ဇာတစ်ဦးထားပြီး သူတို့ကို လှည့်စားခြင်းဖြစ်သည်ဟု စွပ်စွဲခဲ့ကြသည်။

သိပ္ပံပညာသမိုင်း၌ ဤကဲ့သို့သော သာဓကအတော်များများ ရှိခဲ့လေသည်။

ကျွန်ုပ်တို့သည် "တမလွန်ဘဝရှိသည် မရှိသည်"ဟူသောအချက်ကို ယထာဘူတာ ဓမ္မဒိဋ္ဌာန်ကျကျ ဆင်ခြင်သုံးသပ်ကြရပေမည်။

အမှန်တော့ ဘူတာဝါဟနပညာဆိုသည်မှာလည်း အထက်ပါယူဆချက်များဖြင့် တစ်နည်းတစ်ဖုံ ဆက်စပ်လျက်ရှိပေသည်။





ရုပ်ကိုပြုပြင်ပြီး နာမ်တရား(ဝိညာဉ်)ကို အစားထိုးထည့်သွင်းခြင်းမှာ အဆန်းတကျယ်တော့ မဟုတ်ပေ။

ရှေးကတည်းက ပညာရပ်တစ်ခုအနေဖြင့် သင်ကြားသုံးစွဲလာခဲ့သော ပညာမျိုးလည်း ဖြစ်ပေသည်။

ပရလောကနှင့် ပတ်သက်သော ဝိညာဉ်တွင်စွမ်းအားရှိပေသည်။

၎င်းကို ကမ္မဖိဒ္ဓိစွမ်းအားဟုလည်း ခေါ်ကြသည်။

ပရလောကသားတို့မှာ သူ့အဆင့်နှင့်သူ ဝိညာဉ်စွမ်းအားရှိကြသော်လည်း သာမန်အနေနှင့်တော့ မြင်တွေ့ခွင့်မရနိုင်ကြပေ။

ထို့ကြောင့် ရှိခြင်း၊ မရှိခြင်းဆိုသော ယုံကြည်မှုနှင့်ပတ်သက်ပြီး ကွဲပြားမှုများ ရှိနေကြခြင်းဖြစ်သည်။ ထိုအကြောင်းကိုလည်း သင့်သလောက် ရေးသားပါဦးမည်။

ပရဝိညာဉ်၏စွမ်းအင်ကို အဘယ်ကြောင့် လူအများ၌ အထင်အရှား မတွေ့ရခြင်းဟူသော အချက်ကို အဖြေရှာကြည့်ပါမှ လူအများ၌ ပရဝိညာဉ် အားနည်းနေခြင်းမှာ ပဓာနအားဖြင့် အကြောင်းတရားနှစ်ခုကြောင့်ဖြစ်၏။

သိပ္ပံပညာထွန်းကားသော ယခုခေတ်၌လူတို့သည် အစစအရာရာ၌ အသိဉာဏ်ပညာဖြင့် ဆင်ခြင်သုံးသပ်မှုကို ရှေ့တန်းသို့တင်ထားကြသည်။

ထိုဆင်ခြင်သုံးသပ်မှုသည်ပင် ပရဝိညာဉ်ကို ပိတ်ပင်တားဆီးသောတရားဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ပရဝိညာဉ်သည် ဘဝင်စိတ်နှင့် ဆက်စပ်နီးနွယ်လျက်ရှိပေရာ ဘဝင်စိတ်နှင့် စဉ်းစားဆင်ခြင်မှုသည် လုပ်နည်းလုပ်ဟန်နှင့် ဦးတည်ချက်အားဖြင့် တခြားစီဖြစ်၏။

ယခုဆိုလိုသော ဘဝင်စိတ်မှာ ဗုဒ္ဓဘာသာအဘိဓမ္မာကျမ်း၌လာသော ဘဝင်စိတ်ကို မဆိုလိုဘဲ အနောက်တိုင်းစိတ်ပညာကျမ်းများ၌ ပြဆိုထားသော မသိစိတ် (သို့မဟုတ်) ရုတ်ချည်းသိမြင်သောဉာဏ် (Subconscious or intuition) ဆိုလိုခြင်းဖြစ်၏။

စဉ်းစားဉာဏ်သည် သင်္ခါရဓမ္မ (Phenomena) များကိုခွဲခြမ်းစီစစ်၍ အကြောင်းအကျိုးကို ဆက်စပ်သုံးသပ်၏။

ဘဝင်စိတ်သည် အကြောင်းအကျိုးကို မကြည့်ပဲ သင်္ခါရဓမ္မတို့၏ မူလဘူတကို ရုတ်ချည်းမြင်၏။

စဉ်းစားဉာဏ်သည် သမုတိသစ္စာနယ်၌ ကျက်စား၍ လူသတ္တဝါ၏ ဘဝတည်မြဲမှုနှင့် ကြီးပွားချမ်းသာမှုကို အကျိုးပြု၏။

ဘဝင်စိတ်မှာမူ ထိုဦးတည်ချက်ကိုလွန်၍ ပညာရှိသူတော်သူမြတ်တို့၏ ပရမတ္ထသစ္စာနယ်၊ သိပ္ပံဆရာ၊ အနုပညာရှင်တို့၏ တီထွင်ဖန်တီးမှုနယ်နှင့် အချို့ပုဂ္ဂိုလ်သတ္တဝါတို့၏ နီးစပ်သော ပရဝိညာဉ်နယ်သို့သာလျှင် ဦးတည်ချက်ရှိ၏။

သို့ဖြစ်၍ စဉ်းစားဉာဏ်သည် ဘဝင်စိတ်၏ လုပ်ငန်း၌ အနှောင့်အယှက် အတားအဆီး ဖြစ်နေတတ်၏။

တရားပွားများအားထုတ်သော ယောဂီသည်စိတ်ကူးကြံ





စည်မှုများပြားနေပါက အမှန်တရားကို ရှာဖွေတွေ့ရှိမည်မဟုတ်ပေ။

ထို့ကြောင့် တရားအားထုတ်ရာ၌ ကြံစည်သုံးသပ်မှုကိုဖယ်ရ၏။

သိပ္ပံဆရာသည် ပြဿနာတစ်ရပ်ကို လေ့လာရာ၌ လက်ဦးပထမ၌ အကြောင်းအကျိုးခွဲခြားစီစစ်၍ ဆင်ခြင်သုံးသပ်ရသည်မှန်သော်လည်း နောက်ဆုံးတွင် ဆင်ခြင်သုံးသပ်မှုကို လုံးဝရပ်စဲ၍ စိတ်ကို ဖြေလျှော့ထားသောအခါ၌သာလျှင် ရှာဖွေသော အဖြေသည် လင်းခနဲပေါ်ထွက်လာစမြဲဖြစ်၏။

ပရဝိညာဉ်၏ လုပ်နည်းလုပ်ဟန်သည်လည်း ထိုနည်းအတူဖြစ်၏။

အသိဉာဏ်နှင့် ဆင်ခြင်တုံတရားကို ဦးထိပ်ထားသောပုဂ္ဂိုလ်၌ ပရဝိညာဉ် နိုးကြားထကြွရန် မလွယ်ကူချေ။

ထို့ကြောင့် ပရဝိညာဉ်၏ စွမ်းအင်ကို ကြီးပွားတိုးတက်သော လူမျိုးကြီးများမှာထက် အသိဉာဏ်ကို ရှေ့တန်းမတင်ဘဲ ရှေးအစဉ်အလာ ယုံကြည်မှုများဖြင့် သွားလာလှုပ်ရှားနေကြသောအက်စကီးမိုး၊ ဇူးလူးအစရှိသည့် သမိုင်းဦးလူမျိုးများ၌ ပိုမိုတွေ့ရှိရခြင်းဖြစ်၏။

ပရဝိညာဉ်၏ အခြားရန်သူမှာ အတ္တစိတ်ဖြစ်၏။

အတ္တစိတ်လွှမ်းကဲနေသောအခါ၌ ပရဝိညာဉ်နိုးကြားလာရန်မဖြစ်နိုင်ချေ။

အကြောင်းမှာ ပရဝိညာဉ်သည် ငါသူတစ်ပါး မခွဲခြား



www.burmeseclassic.com

www.burmeseclassic.com



ဘဲ တစ်စုတစ်ပေါင်းတည်းရှိသော မနောဝိညာဏဓါတ်၌ အရင်းမူလရှိသည်ဟု ယူဆရန် အကြောင်းရှိ၏။

လူသတ္တဝါတို့သည် နာမ်ခန္ဓာအားဖြင့် တစ်သီးတခြား အကွဲကွဲအပြားပြားရှိသည် မဟုတ်ပေ။

လူအားလုံးနှင့်ဆိုင်သော တစ်ခုတည်းသော မနောဝိညာဏဓာတ် (The Group Mind) ရှိသည်ဆိုသော အယူမှာအချို့သော ဝိညာဉ်သုတေသီဆရာတို့၏ အဆိုဖြစ်၍ ထိုအဆိုကို သိပ္ပံနည်းဖြင့် အတည်ပြုရန် မဖြစ်နိုင်သော်လည်း ကျွန်ုပ်တို့ စဉ်းစားရန် အထောက်အထားများရှိပေသည်။

ဘာဝနာတရားပွားများ အားထုတ်ကြသော အရှေ့တိုင်းနှင့် အနောက်တိုင်း ယောဂီတို့၌နောက်ဆုံး၌ ငါ သူတစ်ပါး ကွဲပြားမှုမရှိသော သဘောတရားကို မိမိတို့ ထင်ထင်လင်းလင်း သိမြင်ကြပါသည်ဟု တညီတညွတ်တည်းဆိုကြ၏။

ကမ္ဘာ့စိတ်ပညာရှင်ကြီး တစ်ဦးဖြစ်သော ဗီဂျီဂျုန်ကလည်း လူတို့၏အိပ်မက်နှင့် ဒဏ္ဍာရီပုံပြင်တို့ကို လေ့လာဆန်းစစ်ပြီးနောက် လူတို့၌ လူသားမျိုးနွယ်အားလုံးနှင့် သက်ဆိုင်သော ဘဝင်စိတ်ရှိသည်။

ထိုဘဝင်စိတ်သည် လူသတ္တဝါမျိုးစုံ အဆက်ဆက်၏ အတွေ့အကြုံကို သိမ်းမှီထားသောစိတ် (The Racial Unconscious) ဖြစ်သည်ဟူသောအဆိုကို တင်ပြခဲ့သည်။

ဤအဆိုမှာ တိရစ္ဆာန်တို့၏ ထူးဆန်းအံ့သြဖွယ်ကောင်းသောအချို့အပြုအမူများကို ရှင်းပြရန်အတွက် အထောက်အကူ





ဖြစ်သည်ဟု အချို့ဆရာတို့က ယူဆကြ၏။

ဥပမာအားဖြင့် အင်္ဂလန်ပြည်မှ ပျံလွှားငှက်များသည် အလွန်ဝေးလံသော တောင်အာဖရိကတိုက်သို့ နှစ်စဉ်ပျံသွား၍ မိမိတို့အသိုက်ရှိရာသို့ တန်းတန်းမတ်မတ် ပြန်လာနိုင်ကြခြင်းမှာ အခြားနည်းဖြင့် ရှင်းပြရန် ခဲယဉ်းသော်လည်း ပျံလွှားငှက်များ၌ ဆိုင်ရာအုပ်စုဝိညာဏဓာတ်ရှိသည်ဟု ယူဆပါက ယင်းတို့၏ အပြုအမူကို အံ့သြစရာ အကြောင်းမရှိချေ။

လူသတ္တဝါအားလုံးတွင် အတ္တစိတ်လွှမ်းကဲသောအခါ၌ ပရဝိညာဉ် အားနည်းနေတတ်ခြင်းမှာ ယုံမှားစရာမရှိချေ။

အတ္တစိတ်နည်းပါး၍ လူတစ်ဦးနှင့်တစ်ဦး ချစ်ခင်ကြင်နာမှု၊ ယုံကြည်မှု၊ ကူညီစောင့်ရှောက်လိုမှုရှိသောအခါ၌သာ ပရဝိညာဉ် သက်ဝင်လှုပ်ရှား လာလေ့ရှိခြင်းကို သုတေသီပညာရှင်အားလုံးက ဝန်ခံကြ၏။

ပရဝိညာဉ်ကို ပိတ်ပင်တားဆီးထားသော အခြားအရာများ ရှိသေးသည်။

သဘာဝတရားသည် ပရဝိညာဉ်ကို အားပေးလိုဟန်မရှိပေ။

ပုဂ္ဂိုလ်တစ်ဦး၏ စိတ်ဝိညာဉ်ကို အခြားလူများ၏ စိတ်ဝိညာဉ်များက မကြာခဏဝင်နှောင့်နေပါက စိတ်အစဉ်ရှုပ်ထွေးပျက်ပြား၍ ဘဝတည်မြဲမှုအတွက် အန္တရာယ်ရှိပေသည်။

ထိုဘေးမှကာကွယ်ရန် ပရဝိညာဉ်ကို ထိန်းကွပ်ထားသလိုဟန်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ ပရဝိညာဉ်သည် နိုးကြားလာသောအခါ၌ပင် မနောဝိညာဉ်အပေါ် လွှာသို့ ဖြောင့်ဖြောင့်တန်းတန်း ရှောရှောရှူရှူ မလာနိုင်ဘဲ ကွေ့ကောက်၍ ခက်ခက်ခဲခဲ ထွက်ပေါ်လာရသည်။

လူသတ္တဝါတို့၏ အတ္တမာနကလည်း ပရဝိညာဉ်ကို ခုခံတားဆီးထားတတ်သည်။

ပရဝိညာဉ်ကို ခုခံရာ၌ အတ္တမာနအား စဉ်စားဉာဏ်က အထောက်အကူပြု၏။ ဆန္ဒစွဲ၊ ဝါဒစွဲ၊ အတ္တစွဲရှိသော စဉ်းစားဉာဏ်သည် ပရဝိညာဉ်အတွက် မည်သည့်အထောက်အထားကိုမျှ လက်ခံမည်မဟုတ်ပေ။

ဗြိတိသျှ အမျိုးသမီးတစ်ဦး၏ ကိုယ်တွေ့အဖြစ်အပျက်တစ်ခုကို နမူနာအဖြစ် ဖော်ပြလိုပေသည်။

အချိန်မှာ ဒုတိယကမ္ဘာစစ်မဖြစ်မီ (၁၉၃၀)ခုနှစ်များ နောက်ပိုင်းခန့်က ဖြစ်သည်။

မစ္စက်ရိုစလင်ဟေးဝုသည် အမေရိကန်ပြည်၊ ဝါရှင်တန်မြို့၌ဗြိတိသျှသံရုံးအရာရှိတစ်ဦး၏ ဇနီးအဖြစ်နေထိုင်လျက်ရှိသည်။

ထိုအခါက ပါတီများ၌ မကြာခဏတွေ့ဆုံ၍ သူနှင့် ချစ်ခင်ရင်းနှီးသော မိတ်ဆွေမှာ ချောမောလှပသော ဂျူလီယာအမည်ရှိ အမေရိကန် အမျိုးသမီးတစ်ဦးဖြစ်သည်။

တစ်နေ့သော် သူဌေးတစ်ဦး၏အိမ်ရှိ ရေကူးကန်၌ မစ္စက်ဟေးဝုနှင့် ဂျူလီယာအပါအဝင် မိတ်ဆွေများ တွေ့ဆုံကြ





၏။

အမျိုးသမီးများအချင်းချင်း ဝိုင်းဖွဲ့၍ ရောက်တတ်ရာရာ ပြောဆိုနေကြစဉ် ဂျူလီယာသည် ဘာစိတ်ကူးရသည်မသိ။ သူမ၏ လက်ကိုဆန့်၍ မစ္စက်ဟေးဝုအား "ကျွန်မကိုလက္ခဏာကြည့်ပေးပါ" ဟုဆို၏။

မစ္စက်ဟေးဝုကရယ်ပြီး သူမ၏လက်ကို ကြည့်ပေးသည်။ ကြည့်ပြီးသောအခါ၌မူ မရယ်တော့ဘဲ. . .

"ရှင်ဟာ ဒီဘဝမှာ ရှင်ရှာနေတဲ့ဟာကို တွေ့မှာမဟုတ်ပါဘူး"

ဟု ပြန်ပြောသည်။

နောက်ရက်သတ္တပတ် အနည်းငယ်ကြာသောအခါ ဂျူလီယာသည် ပီရူးနိုင်ငံသို့သွားရမည်ဖြစ်သဖြင့် အသိမိတ်ဆွေများအား နှုတ်ဆက်ပွဲပါတီတစ်ခု ပေး၏။

ထိုပွဲတွင် ဂျူလီယာကသူမ၏ ဓာတ်ပုံတစ်ပုံကို မစ္စက်ဟေးဝုအား မှတ်မှတ်ရရ ပေးခဲ့၏။

နောက်ရက်များမကြာမီမှာပင် ဂျူလီယာလိုက်ပါသွားသောလေယာဉ်ပျံမှာ တောင်အမေရိကတိုက် အင်ဒီး(စ)တောင်တန်းပေါ်၌ ပျက်ကျသဖြင့် ခရီးသည်အားလုံး အသက်ဆုံးရှုံးကြောင်းသတင်း ထွက်ပေါ်လာ၏။

ထိုသတင်းကိုကြားရသည့်အခါ မစ္စက်ဟေးဝုမှာ အတော်စိတ်မကောင်း ဖြစ်သွားသည်။

သို့သော်မစ္စက်ဟေးဝုအဖို့ ဂျူလီယာသည် ဆွေမျိုးသား



www.burmeseclassic.com

www.burmeseclassic.com



ချင်းမဟုတ်။ အချစ်ဆုံးမိတ်ဆွေသူငယ်ချင်းလည်း မဟုတ်သောကြောင့် အလွန်အမင်း ဝမ်းနည်းကြေကွဲ၍ စိတ်ထိခိုက်ခြင်းမရှိလှပေ။

သို့ရာတွင် ထူးဆန်းသည်မှာ နောက် (၄၈)နာရီကြာကာလတပတ်လုံး ဂျူလီယာက မိမိကိုချုပ်ကိုင် စိုးမိုးနေသလိုအဖြစ်မျိုးကို ကြုံတွေ့ခံစားခဲ့ရသည်ဟု မစ္စက်ဟေးဝုသိနေသည်။

ထိုနှစ်ရက်တာကာလအတွင်းတွင် ဂျူလီယာကိုမစ္စက်ဟေးဝု၏ ခေါင်းထဲမှ ဖျောက်ပစ်၍မရပေ။ မစ္စက်ဟေးဝု ကားမောင်းနေသောအခါ၌ပင် "ဂျူလီယာ၊ ဂျူလီယာ" ဟု ရေရွတ်နေမိတော့၏။

နောက်နှစ်ရက်ကြာသောအခါ မစ္စက်ဟေးဝုသည် အနည်းငယ်စိတ်ပေါ့သလို ဖြစ်သွားသဖြင့် ဂျူလီယာ၏ မိခင်ထံသို့ ဝမ်းနည်းကြောင်း စာတစ်စောင်ရေးသည်။

စာရေးပြီးနောက် ဆိုဖာပေါ်၌ ထိုင်နေစဉ်ခဏ၌ နံရံ၌ ချိတ်ဆွဲထားသော ပန်ချီကားတစ်ချပ်မှာ ရုတ်တရက်အောက်သို့ ဝုန်းခနဲ ပြုတ်ကျလာသည်။ ထိုင်နေသည့် မစ္စက်ဟေးဝုသည် ထိတ်လန့်တကြား ဖြစ်သွားသည်။

မစ္စက်ဟေးဝုသည် ပြုတ်ကျလာသော ပန်းချီကားကို ကောက်ယူ၍ကြည့်ရာ ပန်းချီကားမှာ ပျက်စီးခြင်းမရှိပေ။ ထို့ပြင် ဆွဲထားသော ကြိုးနှင့် နံရံပေါ်ရှိသံမှာလည်း ဘာမျှမချို့ယွင်းဘဲ နဂိုအတိုင်းပင် ရှိ၏။

မစ္စက်ဟေးဝုသည် ထိုပန်းချီကား ဘာကြောင့် ပြုတ်ကျ





ပါလိမ့်ဟု တွေဝေစဉ်းစားနေစဉ် ဂျူလီယာ၏မိခင်ထံသို့ ရေးသားသောစာပေါ်သို့ မျက်စိရောက်သွားသည်။

ထိုခဏ၌ မစ္စက်ဟေးဝု၏ နားတွင်ဂျူလီယာ၏အသံကို ကြားယောင်လာသည်။

ဂျူလီယာ၏ ပြောစကားမှာ. .

"ဟိုစာကို ပို့မနေပါနဲ့ တော့၊ ရှင် ကျွန်မအမေဆီအခု သွားပါ၊ ငိုမနေဖို့ သူ့ကိုပြောပေးပါ၊ ကျွန်မအခု သိပ်ပျော်နေတယ်၊ သူငိုနေတာကို ကျွန်မမမြင်ချင်ဘူး"

ဟူ၍ မစ္စက်ဟေးဝု သိမှတ်လိုက်မိသည်။

သို့ဖြစ်၍ ချက်ချင်းပင် မစ္စက်ဟေးဝုသည် ကားကိုထုတ်၍ ဂျူလီယာ၏မိခင်အိမ်သို့ မောင်းသွား၏။

ဂျူလီယာ၏ မိခင်အိမ်သို့ရောက်သောအခါ ထိုအိမ်၌ပြတင်းပေါက် လိုက်ကာအားလုံးချထား၍ ခန်းမထဲတွင် အမျိုးသမီးတစ်စုသည် မျက်နှာမသာမယာနှင့် တိုးတိုးတိတ်တိတ်စကားပြောနေကြသည်ကို တွေ့ရသည်။

မစ္စက်ဟေးဝုက အိမ်ထဲသို့ဝင်ကာ ဂျူလီယာ၏မိခင်အကြောင်းမေးမြန်းရာ အိပ်ရာထဲ၌ရှိကြောင်း သူတို့ကပြောသည်။

သို့သော် အိပ်ခန်းတွင်းသို့သွားရောက်၍ ဂျူလီယာ၏မိခင်နှင့် ဆုံတွေ့ခွင့်တောင်းသောအခါ သူတို့က မစ္စက်ဟေးဝုကို ကန့်ကွက်ခဲ့ကြသည်။

သို့ရာတွင် မစ္စက်ဟေးဝုက ဇွတ်အတင်း မရမက ပြောသဖြင့် သူတို့က သဘောတူခွင့်ပြုက မစ္စက်ဟေးဝုကို အိပ်ခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com



သို့ ခေါ်သွားကြသည်။

မှောင်သောအိပ်ခန်းတွင်းရှိ အိပ်ရာထက်တွင် ဂျူလီယာ၏မိခင်မှာ သမီးအတွက် ပူဆွေးလျက် ခွေအိပ်နေသည်ကို တွေ့ရသည်။

မစွက်ဟေးဝုက ဂျူလီယာထံမှ ပေးပို့သည့်သတင်းစကားကို ပြောပြလိုက်သောအခါ ထိုအမျိုးသမီးကြီးသည် ချက်ချင်း မျက်နှာကြည်လင်လာပြီး. . .

"ဟုတ်တယ် ဟုတ်တယ်၊ သမီးက သူ့အမေငိုနေတာကို ကြိုက်မှာမဟုတ်ဘူး၊ ငါထပြီး အလုပ်တစ်ခုခုလုပ်နေတော့မယ်၊ မငိုတော့ပါဘူး"

ဟုဆိုကာ အိပ်ရာမှ ပေ့ါပါးစွာထလာသည်။

ထိုကိစ္စဆောင်ရွက်မှု အောင်မြင်အထမြောက်ပြီးမှ မစွက်ဟေးဝုမှာ စိတ်ပေ့ါပါးသွားကာ ကွယ်လွန်သူဂျူလီယာမှာလည်း သူ၏စိတ်အာရုံမှ ပျောက်ကွယ်သွားလေတော့သည်။

နောက်မှသိရသည်ကား အခြားသံရုံးတစ်ရုံးမှ အရာရှိတစ်ဦး၏ ဇနီးသည်လည်း ကွယ်လွန်သူ ဂျူလီယာကို တွေ့မြင်၍ ဂျူလီယာ၏ပြောစကားကို စိတ်တွင်ခံစားသိရှိခဲ့ရသည်။ ထို့ကြောင့် သူမသည် အလားတူသတင်းစကားကို ဂျူလီယာ၏မိခင်ထံ သွားရောက်ပြောကြားခဲ့သည်ဟု ဆို၏။

မစွက်ဟေးဝုသည် သိက္ခာသာမာဓိရှိသော အမျိုးသမီးဖြစ်၍ ပရဝိဉာဉ်အစွမ်းထက်မြက်သည်ဟု မိတ်ဆွေအပေါင်းအသင်းများ၏ အသိအမှတ်ပြုခြင်းကို ခံရ၏။





သူမသည် ဗြိတိသျှစိတ်ဝိညာဉ် သုတေသနအသင်း၏ကောင်စီလူကြီးဖြစ်၍ ပရဝိညာဉ်နှင့် ပတ်သက်၍မကြာခဏဟောပြောခြင်း၊ အသံလွှင့်ခြင်း၊ စမ်းသပ်လေ့လာခြင်းများ ပြုလျက်ရှိ၏။

နတ်၊ တစ္ဆေသရဲ စသည်တို့က လူတို့အားဝင်ပူးသည်ဆိုခြင်းကို ယခုကာလခေတ်ပညာတတ် ပုဂ္ဂိုလ်များက လက်ခံယုံကြည်ကြမည် မဟုတ်ချေ။

စင်စစ်ယုံကြည်သောသူတို့သည် မျက်မြင်ကိုယ်တွေ့မဟုတ်ဘဲ လူပြောသူပြော တစ်ဆင့်စကားဖြင့် စွဲမှတ်ထားကြသည်က များ၏။

မကောင်းဆိုးဝါးများ ဝင်ပူးသည်ဟု လူတို့ထင်သောအဖြစ်အပျက်များကိုလည်း ယခုခေတ်စိတ်ပညာရှင်တို့က တစ်မျိုးတစ်ဖုံ ရှင်းပြပေလိမ့်မည်။

လူသည် သက်ရှိသတ္တဝါအားလုံးအနက် အဆင့်အမြင့်ဆုံးဖြစ်သည်။ စဉ်းစားတတ်ခြင်းဟူသော တွေးခေါ် ဆင်ခြင် သုံးသပ်နိုင်စွမ်းရှိသည်။ အကောင်းအဆိုးကို ခွဲခြားစိတ်ဖြာနိုင်သည့်စိတ်ကို လူတို့ပိုင်ထားကြပြီး ထိုစိတ်ကို လူကနေ့စဉ် အသုံးချနေကြသည်။

နိုမောင်မှာ ဆရာကြီးဦးဗန်ကောင်း ပြောပြသော အကြောင်းများကို သိတန်သလောက် သိရသောအခါ များစွာစိုးရိမ်သောက ရောက်သွားလေတော့သည်။

"မဖြစ်ဘူး မဖြစ်ဘူး၊ သူတို့ကလက်မဦးခင် ကိုယ့်ဘက်



www.burmeseclassic.com

www.burmeseclassic.com

ကလက်ဦးမှုရအောင် အရင်လုပ်ထားမှသင့်မယ်၊ ဒီအကြောင်းကို မြန်မြန်ဖြုန်နဲ့တွေ့ပြီး အသိပေးရမယ်”

ဟု စိတ်ထဲမှ တွေးတောနေမိလေသည်။

ထို့နောက်မှာတော့ ဆရာကြီးဦးဗန်ကောင်းနှင့် မည်သို့မည်ပုံ ပြုလုပ်ရမည်များကို တိုင်ပင်ကြလေသည်။







## အခန်း (၁၃)

# လျှို့ဝှက်စွာနေတတ်သော ချစ်ခြင်းမေတ္တာ

သစ်တောအရာရှိ မောင်အုပ်စိုးအပါအဝင် လူသုံးယောက်တို့ သူကြီးဦးစံဖေအိမ်သို့ ရောက်နေကြသည်မှာ ရက်အတော်ကြာချေပြီ။

ယခုအချိန်ထိတော့ သူတို့သုံးယောက်ကို ခေါ်မည့်ကားက ရောက်မလာသေးပေ။

ထိုကဲ့သို့ ရောက်မလာသေးသော်လည်း သူကြီးဦးစံဖေ



www.burmeseclassic.com

www.burmeseclassic.com



တို့မိသားစုကတော့ အိမ်ဦးခန်းမှာတင်ထားပြီး လိုလေသေး မရှိအောင် ပြုစုကျွေးမွေးထားကြလေသည်။

မောင်အုပ်စိုးကလည်း စကားစပ်မိတိုင်း မိဘဆွေမျိုး များက မန္တလေးမြို့တွင်နေကြပြီး မည်ရွေ့မည်မျှချမ်းသာ ကြွယ်ဝ ကြောင်း၊ သူ့အနေနှင့်လည်း မကြာခင်မှာ သစ်တောဝန်ထောက် ရာထူးကို ရတော့မှာဖြစ်ကြောင်း၊ သူ့အနေဖြင့် လူပျိုလူလွတ် တစ်ဦး ဘဝမှာပင် ရှိသေးသဖြင့် ယခုကဲ့သို့ တောတောင်များအ တွင်းသို့ စွန့်စွန့်စားစား သွားလာနေရကြောင်း၊ သင့်တော် သည့်သူနှင့်တွေ့ပြီး အိမ်ထောင်ပြုပြီးပါက စစ်ကိုင်းမြို့ပေါ်မှာပင် ရုံးထိုင်ပြီး အေးအေးလူလူ နေတော့မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ပြုစုကျွေးမွေးကြသည်ကို များစွာကျေးဇူးတင်လှသဖြင့် နောက် တစ်ခေါက် သစ်တောစခန်းများအား စစ်ဆေးရန်လာပါက ထိုက် ထိုက်တန်တန် ကျေးဇူးဆပ်ပါမည်ဖြစ်ကြောင်း ရွှန်းရွှန်းဝေ အောင် ပြောပြတတ်ပေသည်။

ထိုသို့ပြောသည်ကိုပင် ဦးစံဖေက အယုံကြီးယုံကာ များ စွာအထင်ကြီးနေတော့သည်။

သူတို့စောင့်နေသော ကားကတစ်ရက်လည်းမလာ၊ နှစ် ရက်လည်းမလာသောအခါ ဒေါ်သန်းမေက တိုးတိုးတိတ်တိတ် ပြောသည်။

"ကိုစံဖေ တော်ခေါ်ထားတဲ့လူတွေက ဟုတ်ရောဟုတ် ရဲ့လား။ အခုဆိုလည်း သူတို့ခေါ်မယ့်ကားက မလာသေးပါလား"

"လာမှာပေါ့ကွာ အကြောင်းတစ်စုံကြောင့် ကြန့်ကြာနေ





တာ ဖြစ်မှာပေါ့"

"နောက်ပြီးကျုပ်သတိထားမိတာရှိတယ်၊ သုံးယောက်စ လုံး ဒီအိမ်ရောက်ပြီးကတည်းက တစ်ခါမှ ရေချိုးတာ မတွေ့ရ ဘူး"

"မြို့သားတွေက ငှက်ဖျားကြောက်ကြတယ်၊ တောထဲ မှာ ရေမချိုးဝံ့တာ ငှက်ဖျားရမှာ ကြောက်လို့ဖြစ်မှာပေါ့"

ဦးစံဖေကတော့ ခပ်ပေါ့ပေါ့ပင် ပြန်ပြောလေသည်။

"ကိုယ့်အိမ်မှာ သမီးအပျိုတွေနဲ့၊ တခြားက ဘုမသိ ဘမ သိတဲ့ ယောကျ်ားလေးတွေ အိမ်ပေါ်မှာ ရက်အကြာကြီးလာနေ တာတော့ ကျုပ်ကတော့စိတ်ထဲမှာ သဘောမကျလှဘူး"

"မင်းတို့မိန်းမတွေဟာ တယ်ခက်တာပဲ မျက်တောင်မွေး တစ်ထောက်စာပဲကြည့်တယ်၊ ဘယ်တော့မှ ရှေ့ကိုမျှော်မကြည့် ကြဘူး၊ ဒီလိုအရာရှိအရာခံတွေ ကိုယ့်အိမ်ပေါ်ရောက်နေတယ် ဆိုတာ ဘယ်လောက် ကံကောင်းတယ်မှတ်သလဲ၊ မင်း သမီးတွေ အတွက် ဘာများစိတ်ပူစရာရှိသလဲ ဒီအတိုင်းထားတော့လည်း ဒီရွာကလူတွေနဲ့ပဲ ညားပြီးတော့မျှစ်ချိုးစားရမှာပေါ့"

ဟုလေသံခပ်မာမာဖြင့် ပြောလိုက်တော့မှ ဒေါ်သန်း မေလည်း ထပ်မပြောသာပဲ ရှိလေတော့သည်။

ထိုလူသုံးယောက်အိမ်ပေါ်မှာ ရောက်နေသည်ကို သ ဘောမကျသူတစ်ယောက်လည်း ရှိပေသေးသည်။

မြနှင်းဖြူပင်ဖြစ်၏။

မြနှင်းဖြူအနေဖြင့်လည်း မိဘများကို မလွန်ဆန်ဝံ့သော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်သာ ကြိတ်မှိတ်နေရသော်လည်း သူစိမ်းတစ်ရုံဆံ ယောက်ျားလေးများနှင့် အိမ်ပေါ်မှာ အတူတကွနေရသည်ကို သဘောမကျ ဖြစ်နေလေသည်။

သို့သော် မောင်အုပ်စိုးတို့ ရောက်နေသဖြင့် အပျော်ကြီး ပျော်နေသူတစ်ယောက်တော့ ရှိပေသည်။ ခင်အေးမူပင် ဖြစ်သည်။

ခင်အေးမူကတော့ မောင်အုပ်စိုးနှင့် တတွဲတွဲရှိနေပြီး ဝေယျာဝစ္စတို့ကို လိုလေသေးမရှိအောင် လုပ်ကိုင်ပေးရင်းမှ အတော်ပင် ရင်းနှီးနေပေပြီ။

"ကျွန်တော်ကတော့ အခုလို စားသောက်နေထိုင်ရတာ သိပ်ပြီးအားနာတာပဲ မလွဲသာလို့သာ နေရတာပါ"

"ဘာများ အားနာစရာရှိသလဲ အစ်ကိုရယ်၊ ကျွန်မတို့အနေနဲ့ အခုလို ပြုစုပေးခွင့်ရတာကိုတောင် ဝမ်းသာနေကြတာပါ"

"အဲဒီလို စေတနာကောင်းကြလွန်းလို့ ဒီကပြန်သွားရမှာကိုတောင် စိုးရိမ်နေသလို ခံစားရတယ်"

"ဒီလိုတော့လည်း နေပေါ့အစ်ကိုရယ်"

"နေချင်ပေမယ့် ဒီလိုမျိုးနဲ့ နေလို့ကတော့ ဘယ်သင့်တော်ပါ့မလဲ"

"အစ်ကိုက ဘယ်လိုမျိုး နေချင်လို့လဲ"

ခင်အေးမူက ရေလာမြောင်းပေးစကားမျိုးဖြင့် ပြန်မေးလိုက်လေသည်။

"ဒီလိုမေးမှတော့ ပြောချင်တဲ့စကားလေးတွေကို ပြောရ





တော့မှာပဲ ကျွန်တော်က မိသားစုသဘောမျိုးနဲ့ပဲ နေချင်တဲ့ဆန္ဒတွေ ဖြစ်နေမိတယ်"

"အို အစ်ကို့စကားကလဲ"

"အမှန်ပြောတာပါ ပွင့်ပွင့်လင်းလင်းပြောရရင်တော့ ကျွန်တော်ဒီရောက်ကတည်းက ခင်အေးမူကို စိတ်ဝင်စားနေတာပါ"

ခင်အေးမူ မျက်နှာပေါ်မှာ ရှက်သွေးဖြာသွားသော်လည်း ကျေနပ်နေသော အမူအရာများကတော့ တစ်စွန်းတစ်စ ပေါ်လွင်နေလေသည်။

"ကျွန်တော် ခင်အေးမူကို မေတ္တာရှိနေပါတယ် ခင်အေးမူကသာ လက်ခံမယ်ဆိုရင် မိသားဖသားပီပီ တောင်းရမ်းယူပါ့မယ်"

"အစ်ကိုနဲ့ ကျွန်မက အခုမှ တွေ့ကြတာဆိုတော့ တစ်ယောက်အကြောင်းလည်း တစ်ယောက်သိကြသေးတာ မဟုတ်ပဲနဲ့"

"ဒီအတွက် စိတ်မပူပါနဲ့ ခင်အေးမူကသာ လက်ခံရင် ဒီကမပြန်ခင်မှာ လူကြီးစုံရာနဲ့ စေ့စပ်ပွဲလုပ်ခဲ့ပါ့မယ်၊ နောက်မှ မန္တလေးက မိဘတွေကို အသိပေးပြီးတော့ ခေါ်လာပါ့မယ်"

"သူတို့က ကျွန်မလိုတောသူတစ်ယောက်နဲ့ သဘောတူပေးနိုင်ပါ့မလား"

"ကျွန်တော်ရဲ့ မိဘတွေက အစဉ်အဆက်ချမ်းသာလာကြပေမယ့် အေးအေးပဲနေကြတာပါ ဂုဏ်ပကာသနလည်း



www.burmeseclassic.com

www.burmeseclassic.com



မမက်မောကြပါဘူး။ ကျွန်တော်က တစ်ဦးတည်းသောသား ဖြစ်တာကြောင့် အိမ်ထောင်ရေးကိုလည်း ကျွန်တော့်က သဘောကျ စိတ်ကိုင်းကျ ရွေးချယ်ခွင့်ပေးထားပါတယ်"

ဒီတော့မှ ခင်အေးမူမှာ စိတ်သက်သာရာ ရသွားလေသည်။

"ဒီတော့ အစ်ကိုက ဘယ်လိုလုပ်ချင်တာလဲ"

"ခင်အေးမူက ကျွန်တော်မေတ္တာကို လက်ခံမယ်၊ မခံဘူးဆိုတာ ပြောဦးလေ"

"ကျွန်မသဘောကတော့ လက်ခံပေးနိုင်ပါတယ်၊ ဒါပေမယ့် မိဘတွေကိုတော့ အသိပေးပါရစေ"

"ကောင်းပါပြီ ကိုယ့်မေတ္တာကို လက်ခံပေးတယ်ဆိုရင် ကျေနပ်လှပါပြီ"

ခင်အေးမူက ထိုကိစ္စကို အစ်မဖြစ်သူ မြနှင်းဖြူကို တိုးတိုးတိတ်တိတ်ပြောပြသောအခါ မြနှင်းဖြူကတော့ လက်မခံပေ။

"နင်ပြောတဲ့ကိစ္စကို ငါ့သဘောပြောရရင်တော့ လက်မခံနိုင်ဘူး၊ ဘာကြောင့်လည်းဆိုတော့ အခုမှတွေ့တဲ့ယောကျ်ား တစ်ယောက်က ပြောသမျှတွေကို ယုံကြည်ပြီးတော့ ဘဝကို ပုံမအပ်သင့်ဘူး၊ မိန်းခလေးတစ်ယောက်ရဲ့ ဖြူစင်တဲ့ဘဝဆိုတာ တစ်ချက်ကလေးမှားသွားရင် ပြန်ပြီးပြုပြင်လို့ မရနိုင်တော့ဘူး နင့် အမေတို့ကို အသိပေးသင့်တယ်"

မြနှင်းဖြူက ခါးခါးသီးသီး ငြင်းသဖြင့် မိခင်ဖြစ်သူနှင့် တိုင်ပင်ကြည့်တော့လည်း ဒေါ်သန်းမေကလည်း လက်မခံချင်





ပေ။

"ငါ့သဘောပြောရရင်တော့ ဒီကိစ္စကို သဘောမတူချင်ပါဘူး၊ ဘာကြောင့်လည်းဆိုတော့ အခုမှ တွေ့ကြတာဆိုတော့ သူ့အကြောင်းလည်း ဂဃနဏ ဘာမှအသိရသေးဘူး၊ ဒါပေမယ့် နင့်အဖေကိုသဘောကို လွှန်ဆန်လို့မရလေတော့ ငါလည်း ဘာမှမတတ်နိုင်ဘူး"

ဦးစံဖေကတော့ ထိုအကြောင်းကို ဒေါ်သန်းမေကပြောပြသောအခါ အကျေနပ်ကြီး ကျေနပ်နေလေသည်။

"ဒါကတော့ သဘောမတူစရာ မရှိပါဘူး၊ ဒီလိုလူမျိုးနဲ့ရတာ ငါ့သမီးကံကောင်းတာပဲ သူပြောသလို လူကြီးစုံရာနဲ့ စေ့စပ်ကြောင်းလမ်းမယ်ဆိုရင် မိဘတို့ ဝတ္တရားရှိတဲ့အတိုင်း လက်ခံပေးရမှာပဲ"

ဟုပြောလေရာ ဘာမှထပ်မပြောတော့ပဲ ရှိကြလေသည်။ မောင်အုပ်စိုးကတော့ သူမပြန်ခင် စေ့စပ်ကြောင်းလမ်းပွဲပြုလုပ်ရန်အတွက် လူကြီးသူမများကိုခေါ်ရန် သူနှင့်ပါလာသော လူနှစ်ယောက်ကို ပြန်လွှတ်လိုက်လေသည်။

တစ်နေ့တော့ မြနှင်းဖြူရှိရာသို့ အိမ်နီးချင်းဖြစ်သူ "ရင်မေ" ရောက်လာလေသည်။

"မြနှင်းဖြူ နီမောင်က နင်နဲ့တွေ့ပြီး စကားပြောချင်လို့ ငါတို့အိမ်မှာ စောင့်နေတယ်"

ထိုစကားကြားတော့ မြနှင်းဖြူစိတ်လှုပ်ရှားသွားလေသည်။ သွားသင့်မသွားသင့် အတော်ကြာအောင်စဉ်းစားပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



သူဘယ်လိုစကားမျိုး ပြောမည်ကို သိလိုသဖြင့် ရင်မေနှင့် လိုက်လာလေသည်။

လမ်းရောက်တော့ ရင်မေက မေးသည်။

"နင်တို့နှစ်ယောက်က ဒီအခြေအနေ ရောက်နေကြပြီးလား၊ ဘယ်တုန်းက အဆင်ပြေသွားကြတာလဲ"

"မဟုတ်ပါဘူးဟယ် ဘာမှမဖြစ်သေးပါဘူး"

"နင်ကလည်း ငါတို့တောင် ဖုံးကွယ်နေစရာလား၊ ဒါက ရှက်စရာမှ မဟုတ်တာ နောက်ပြီး နီမောင်လိုလူမျိုးနဲ့ အဆင်ပြေတော့ ကောင်းတာပေါ့"

ထိုအိမ်ရောက်တော့ ရင်မေက အလုပ်ရှိသည်ဟု ပြောကာ အနောက်ဘက် ထွက်သွားသဖြင့် အိမ်ပေါ်တက်လာလေသည် အိမ်ပေါ်မှာ နီမောင်ရှိနေသည်။

"ငါက နင်လာမှလာပါ့မလားလို့ စိတ်ပူနေတာ"

"ဘာပြောစရာ ရှိလို့လဲ"

မြနှင်းဖြူကမေးရင်း မနီးမဝေးမှာ ဝင်ထိုင်လိုက်သည်။

"ငါအလျှုနေ့ကတည်းက ဒီစကားပြောချင်နေတာ မပြောဖြစ်လိုက်လို့. . ."

"ဘာစကားမို့လဲ"

"ငါပြောရင် နင်စိတ်မဆိုးရဘူးနော်"

"ငါအခုချိန်သိပ်မရဘူး နင်ပြောမယ့်စကားကဘာလဲ"

"တခြားတော့ မဟုတ်ပါဘူး. . ဟို. . ဟို"

နီမောင်မှာ အတန်ကြာအောင် အထစ်ထစ် အငေါ့ငေါ့





ဖြစ်နေပြီးမှ ပြောလိုသောစကားကို ပြောလိုက်သည်။ မြနှင်းဖြူမှာ အထင်နှင့်အမြင်တလွဲစီဖြစ်သွားသည့်အပြင် နီမောင်ပြောသော စကားကို ကြားသောအခါ ထိတ်လန့်တုန်လှုပ်သွားလေသည်။

"နင့်ကို ဘယ်သူပြောတာလဲ"

"ငါတို့အိမ်မှာ ရောက်နေတဲ့ ဆရာကြီးက ပြောပြလို့ သိရတာ"

"ငါလည်း ရိပ်မိသလိုတော့ရှိတယ်၊ သူတို့သုံးယောက်စလုံး ရောက်ကတည်းက ရေချိုးတာ မတွေ့ရသေးဘူး နောက်ပြီး စားတာသောက်တာလည်း သိပ်ကြမ်းတာပဲ"

"ဖုတ်သွင်းထားတဲ့လူတွေဆိုတော့ ဒီလောက်တော့ ရှိမှာပေါ့"

"ဒုက္ခပါပဲ နီမောင်ရယ် အခုလို သိရတော့မှပဲ ငါတော့ အိမ်မှာနေရတာတောင် ကြောက်လာပြီ"

"ဒီလောက်မကြောက်ပါနဲ့ ဆရာကြီးက နင်တို့ကို အကူအညီပေးချင်တယ်ဆိုလို့ အခုလိုခေါ်ပြောရတာပေါ့ ငါကိုတစ်မျိုး မထင်ပါနဲ့"

နီမောင်က ဦးဇန်ကောင်းပြောပြလိုက်သော အစီအစဉ်များကို မြနှင်းဖြူကို အသိပေးလိုက်သည်။

"ဖြစ်ပါ့မလား နီမောင် တော်ကြာ. ."

"ဘာမှမကြောက်ပါနဲ့၊ စိတ်လည်းပူမနေနဲ့ ငါတို့ကလည်း အရေးကြုံလာရင် အကူအညီပေးရအောင်လို့ နံဘေးကနေ အဆင်သင့်ပြင်ထားကြမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် နီမောင်ရယ်"

"ဒီအကြောင်းတွေကိုတော့ ဘယ်သူမှမသိစေနဲ့နော် တော်ကြာငါတို့အစီအစဉ်တွေ ပျက်ကုန်လိမ့်မယ်"

"စိတ်ချပါ မသိစေရပါဘူး"

"ကဲ. . ကဲ. . နင်ပြန်ပေတော့ တော်ကြာဘေးကလူတွေ မြင်တွေ့သွားရင် တစ်မျိုးထင်နေကြလိမ့်မယ်"

နီမောင်အမူအရာမြင်တော့ မြနှင်းဖြူစိတ်ထဲမှာ ရယ်ချင်သွားလေသည်။

"အိုးကမပူ စလောင်းကပူနေပြန်ပါပြီ၊ အခုရော မထင်မှာစိုးနေလို့လား၊ ရင်မေကတောင် တစ်မျိုးထင်လို့ ငါ့ကိုမေးနေသေးတယ်"

"ငါတောင်းပန်ပါတယ် မြနှင်းဖြူရယ် ဒီစကားကလည်း လူသိခံလို့မဖြစ်တာမို့ အခုလိုခေါ်ပြောရတာပါ"

"တောင်းပန်စရာမလိုပါဘူး အခုလိုခေါ်ပြောတဲ့အတွက် ငါကတောင် နင့်ကို ကျေးဇူးတင်ရဦးမှာပါ"

မြနှင်းဖြူထံမှ ထိုစကားမျိုးကြားရတော့မှ နီမောင်ခမျာ စိတ်သက်သာရာ ရသွားလေသည်။

"ကျေးဇူးတင်စရာ မလိုပါဘူးဟာ တစ်ယောက်အကြောင်းရှိရင် တစ်ယောက်က အကူအညီပေးရမှာပေါ့၊ ငါတို့က တစ်ရွာတည်းသားတွေပဲ အချိန်သိပ်ကြာရင်တော့ နင်အိမ်ကလူတွေသိလို့ တစ်မျိုးထင်နေကြလိမ့်မယ်၊ နင်လည်းပြန်တော့ ငါလည်းပြန်တော့မယ်"





ထိုသို့ပြောသော်လည်း မြနှင်းဖြူက မထသေးသဖြင့် နီမောင်ခမျာ ထိုင်ရမလိုထရမလို ဖြစ်နေလေသည်။

"ဘယ်ရည်းစားနဲ့ ချိန်းထားလို့ ဒီလောက်လောနေတာလဲ"

"ဘယ်ရည်းစားမှ မရှိပါဘူး ရည်းစားနဲ့တွေ့ဖို့မပြောနဲ့ အခုလိုတွေ့ရတာတောင် အတော်စိုးရိမ်နေရတယ်"

"နီမောင် နင်ပြောတာ ပြောင်းပြန်ဖြစ်နေပြီ၊ အဲဒါ ငါပြောရမယ့်စကား မဟုတ်လား"

"ဟုတ်ပါတယ် ငါကနင့်အတွက် စိုးရိမ်တာလည်း ပါပါတယ်"

"ဘယ်လိုစိုးရိမ်တာလဲ"

"ငါ့အတွက်နဲ့ နင့်အပေါ် တစ်မျိုးထင်ပြီး အထင်အမြင်သေးခံရမှာကို စိုးရိမ်မိတာပါ"

"ဘာမှ အထင်အမြင်သေးစရာ မရှိဘူး၊ ဒီလိုအထင်သေးရအောင် နင်က ဘာဖြစ်နေလို့လဲ"

"ငါက သာမန်ဘဝမျိုးပဲ ရှိတာလေ"

"သာမန်ဘဝရှိတော့ရော အထင်သေးစရာလား၊ ပိုက်ဆံတော့ ချမ်းသာပါရဲ့ ကောက်ကျစ်ယုတ်မာတဲ့သူ မရိုးသားတဲ့သူမျိုးတွေကိုရော အထင်ကြီးစရာလား"

"ငါ့အပေါ်မှာ အခုလိုနားလည်ပေးတာ ကျေးဇူးတင်ပါတယ် မြနှင်းဖြူရယ်၊ ဒီလိုသဘောသိရမှတော့ နောက်တစ်ခါတွေ့ရင်တော့ ပြောချင်တဲ့ စကားတွေပြောဖို့ သတ္တိမွေးထားရ



www.burmeseclassic.com

www.burmeseclassic.com



မယ်"

"တော်ပါတော့ အခုတောင် ငါရင်တွေဘယ်လောက် ခုန်နေရတယ်ဆိုတာ သိရဲ့လား"

"ဘာကြောင့်ခုန်နေရတာလဲ"

"မသိဘူးလေ၊ မိန်းကလေးတစ်ယောက်ကို ချိန်းတွေ့ဖို့ ခေါ်တယ်ဆိုတော့ ဘယ်လိုစကားမျိုး ပြောမယ်မှန်းမှ မသိတာ"

"ဒါဖြင့် အခုပြောတဲ့စကားမဟုတ်ပဲ ငါပြောချင်တဲ့ စကားမျိုး ပြောမယ်ဆိုရင်ကော ဘယ်လိုဖြစ်မလဲ"

"ပြောမှ မပြောသေးတာ ဘယ်သိပ့်မလဲ နင်ပြောချင်တာက ဘယ်လိုစကားမျိုးမို့လဲ"

နီမောင်က သက်ပြင်းတစ်ချက် ချလိုက်သည်။

မြနှင်းဖြူထံမှ အခွင့်အရေးတစ်ခု ရပြီဖြစ်သောကြောင့် ပြောချင်သည့်စကားကို ပြောသင့်မပြောသင့် စဉ်းစားနေသည်။

အတန်ကြာမှ အရဲစွန့်ကာ ပြောလိုက်သည်။

"ငါပြောချင်တဲ့ စကားက တခြားမဟုတ်ပါဘူး နင့်ကို မေတ္တာရှိနေတဲ့ အကြောင်းပါ၊ အခုလိုပြောဖြစ်တာ အခွင့်အရေး ရတုန်း ပြောတာတော့ မဟုတ်ပါဘူး၊ အရင်ကတည်းက ပြောချင် နေတဲ့စကားပါ နင် ငါ့ကို စိတ်ဆိုးသွားပြီးလားဟင်"

မြနှင်းဖြူက ခေါင်းငုံ့ထားရင်းမှ ခေါင်းခါပြသည်။

"နင်ငါ့ကို စိတ်မဆိုးဘူးနော် ဒီလိုဆိုရင် ငါပြောတဲ့စကားကို နင်စဉ်းစားပေးပါနော်"

"လက်ခံသင့် မခံသင့်မစဉ်းစားခင်မှာ မေးစရာရှိတာ





တော့ မေးရဦးမယ်"

"မေးလေ"

"ဒီစကားမျိုးပြောတာ ငါ့အပေါ်မှာ တကယ်မေတ္တာရှိ လို့လားဟင်"

"ငါ နင့်အပေါ်မှာ တကယ်မေတ္တာစစ်နဲ့ ချစ်ခဲ့တာပါ၊ ဒီစကားက ငါ့ရဲ့သစ္စာစကားပါ"

"ဒီလိုဆိုတော့လည်း ငါဘက်ကစဉ်းစားပေးရမှာပေါ့၊ ဒါပေမယ့် နင်လိုချင်တဲ့ အဖြေကိုတော့ ချက်ချင်းရမှာ မဟုတ် သေးဘူးနော်"

"ဘယ်အချိန်မှပဲ ပေးပေးပါ ငါကျေနပ်ပါတယ် အခုလို လက်ခံစဉ်းစားပေးတာကိုပဲ နင့်ကို ကျေးဇူးတင်ပါတယ်"

ထို့နောက် မြနှင်းဖြူက အရင်အိမ်ပြင်သို့ ထွက်ခဲ့လေ သည်။ အပြင်ဘက်မှာ စောင့်နေသော ရင်မေနှင့် တွေ့သော အခါ မေးသည်။

"အခြေအနေ ဘယ်လိုလဲ မြနှင်းဖြူ"

"စောစောက နင်မေးတဲ့အချိန်ထိတော့ ငါတို့နှစ် ယောက် ဘာမှမဖြစ်သေးဘူး"

"အခုတော့ရော"

"အခုတော့ သူနဲ့ငါနဲ့ နားလည်မှုရသွားကြပြီ"

"ဟယ် မြန်လိုက်တာ. . ."

"ဒီအတွက် နင့်ကိုကျေးဇူးတင်ပါတယ် ရင်မေရယ် ငါတို့ နှစ်ယောက် မင်္ဂလာဆောင်ရင် နင့်ကို အပျိုရံ လုပ်ခိုင်းပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောကာ မြနှင်းဖြူက သူမအိမ်ဘက်သို့ ခပ်သုတ်သုတ် ထွက်သွားလေတော့သည်။

ရင်မေခမျှာ သူတို့နှစ်ယောက်အတွက် ဝမ်းသာပျော်ရွှင်မှုများနှင့်အတူ နေရာတွင်ရပ်လျက်သား ကျန်နေခဲ့လေတော့သည်။

တစ်ခါတစ်ရံ၌ . . . .

လျှို့ဝှက်စွာ ပုန်းကွယ်နေတတ်သော ချစ်ခြင်းမေတ္တာသည် အခြေအနေနှင့် အကြောင်းတိုက်ဆိုင်မှု ရှိလာသောအခါ မမျှော်လင့်ပဲ ထွက်ပေါ်လာတတ်ပေသည်။







# အခန်း (၁၄)

## မိစ္ဆာကျောကွင်းမှ လက်မတင်လွှတ်ရခြင်း

နောက်သုံးရက်ခန့်ကြာသောအခါ မောင်အုပ်စိုး စေလွှတ်လိုက်သော လူနှစ်ယောက်တို့ အောင်ချမ်းသာသို့ ပြန်ရောက်လာကြလေသည်။

၎င်းတို့နှင့်အတူ လူအချို့လည်း ပါလာလေသည်။

ထိုလူများမှာ အခြားမဟုတ်ပေ. . .။

ဒေါ်မင်းဇာက ဦးဆောင်လာပြီး နောက်မှာ သူဇာ၊ သိပ



www.burmeseclassic.com

www.burmeseclassic.com



ချိုင့်နှင့် အခြားလူအချို့ ပါလာကြခြင်း ဖြစ်ပေသည်။

ဒေါ်မင်းဇာတို့မှာ သစ်လွင်တောက်ပသော အဝတ်အစား အကောင်းစားများနှင့် ရွှေငွေလက်ဝတ်ရတနာတို့ကို ဝတ်ဆင်ထားကြလေသည်။

၎င်းတို့ရောက်လာသောအခါ မောင်အုပ်စိုးက ဦးစံဖေတို့မိသားစုနှင့် မိတ်ဆက်ပေးလေသည်။

"ဒါကကျွန်တော်ရဲ့ အဖွား၊ ဒေါ်မင်းဇာပါ ဒါကတော့ ကျွန်တော်ရဲ့ဦးလေး၊ ဒါကကျွန်တော်ရဲ့တူမပါ သူ့နာမည်က မသူဇာလို့ ခေါ်ပါတယ်"

"အခုလိုတွေ့ရဆုံရတာ ဝမ်းသာပါတယ်ဗျာ၊ ကျုပ်တို့ကိုလည်း ဆွေမျိုးရင်းတွေလိုပဲ သဘောထားပါ။ ဒါထက် မောင်အုပ်စိုးရဲ့ မိဘတွေကရော မပါဘူးလားကွယ့်"

"ဟုတ်ကဲ့အခုတော့ မပါသေးပါဘူး၊ မင်္ဂလာဆောင်တဲ့ရက်မှာတော့ ခေါ်ခဲ့ပါမယ် မန္တလေးနဲ့ ဒီနေရာနဲ့က ခရီးဝေးလှတော့ သူတို့ကိုခေါ်ရင် ရက်တွေအများကြီး စောင့်နေရမှာမို့ပါ၊ သူတို့ကိုတော့ ဒီမှာမင်္ဂလာပွဲကျင်းပဖို့ အကြောင်းကိုတော့ ကြိုတင်အကြောင်းထားပြီးပါပြီ . . ."

"သူတို့ကရော သဘောတူညီကြရဲ့လား"

ဦးစံဖေကစိတ်ပူသဖြင့် မေးလိုက်လေသည်။

"စိတ်မပူပါနဲ့ခင်ဗျား. . ကျွန်တော်ရဲ့အိမ်ထောင်ရေးကိစ္စကိုတော့ ကျွန်တော့်သဘောကျအတိုင်း ရွေးချယ်ခွင့်ပေးထားပါတယ်၊ နောက်ပြီးမင်္ဂလာပွဲအတွက်လည်း ကြိုတင်ပြင်ဆင်





နေကြတယ်လို့ လူကြုံကတစ်ဆင့် သတင်းကြားရပါတယ်"

"ဒီလိုဖြင့်လည်း ဝမ်းသာစရာပေါ့ကွယ် မောင်အုပ်စိုးလို ဘမျိုးရိုးကောင်းတဲ့သူနဲ့ ဖူးစာဆုံရတာ သမီးလေးအတွက် စိတ်အေးရတာပေါ့"

ထိုအခါ ဒေါ်မင်းဇာက ဝင်ပြောလေသည်။

"ဒီအတွက်တော့ စိတ်မပူပါနဲ့ရှင် ကျွန်မတို့ဆွေမျိုးသားချင်းတွေက ဒီလိုသဘောမျိုး မရှိကြပါဘူး၊ တကယ်လို့သူ့မိဘတွေက လုပ်မပေးနိုင်ရင်တောင် ကျွန်မ အဘွားတစ်ယောက်အနေနဲ့ တင့်တောင်းတင့်တယ်ဖြစ်အောင် ဆောင်ရွက်ပေးနိုင်ပါတယ်"

"ဝမ်းသာပါတယ်ဗျာ ဒါထက် အစ်မကြီးတို့က ဘယ်မှာနေကြသလဲ"

"ကျွန်မတို့က မုံရွာမြို့ ကျောက္ကာလမ်းမှာ နေကြပါတယ်၊ ပွဲစားကြီး ဦးစံထွန်းဝင်း၊ ဒေါ်မင်းဇာဆိုရင် မသိတဲ့သူ မရှိကြပါဘူး"

"အော်. . . အော်. . ."

"ကျွန်မမြေးအတွက် မုံရွာမြို့မှာရှိတဲ့ တိုက်တစ်လုံးကို လက်ဖွဲ့ပေးဖို့တောင် စိတ်ကူးထားပါတယ်၊ မင်္ဂလာဆောင်တဲ့ရက်ကျရင် မိန်းမလေးအတွက် ရွှေငွေလက်ဝတ်ရတနာတစ်ဆင်စာ တင်တောင်းပေးပါမယ်"

ထိုစကားကြားသောအခါ ဦးစံဖေသာမက အနီးမှာရှိနေသည့် ဒေါ်သန်းမေပါ ဝမ်းသာသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ယခင်ရက်များက မောင်အုပ်စိုးအပေါ်မှာ အထင်အမြင် လွဲမိသည်များကိုပင် နောင်တရသလို ခံစားရလေသည်။

စေ့စပ်ပွဲရက်ကို နောက်တစ်နေ့မနက်တွင် လူကြီးစုံရာနှင့် ပြုလုပ်မည်ဖြစ်သဖြင့် ဧည့်သည်များကို အေးအေးဆေးဆေး နားနေရန် အဆောင်တစ်ခု စီစဉ်ပေးထားလေသည်။

ထိုအဆောင်ထဲမှ ဒေါ်မင်းဇာတို့အပြင် မောင်အုပ်စိုးတို့ပါ အတူတူရှိနေသဖြင့် ၎င်းတို့အချင်းချင်း တီးတိုးတိုင်ပင်ခွင့် ရကြလေသည်။

"ငါစီစဉ်တာ အဆင်ပြေတယ် မဟုတ်လား"

"ပြေတော့ပြေပါတယ် ဒါပေမယ့် အမေကြီးကိုပြောစရာရှိတယ်"

"ဘာပြောမှာလဲ"

"ဒီရွာမှာ ဆရာဝ...ါယောက် ရောက်နေတယ်၊ သူက ကျွန်တော်တို့ကို ရိပ်မိတဲ့ပုံပဲ"

"ဒါကဂရုစိုက်စရာ မလိုပါဘူး၊ ဘယ်ဆရာကိုမှလည်း ကြောက်နေစရာမလိုဘူး၊ ငါခိုင်းတဲ့အလုပ်ကိုသာ အောင်မြင်အောင် ဂရုစိုက်ပြီး လုပ်ပါ"

"စိတ်ချပါ. . ."

၎င်းတို့က ထိုကဲ့သို့ အချင်းချင်း တိုင်ပင်နေကြသလို မြနှင်းဖြူကလည်း သူ့အကြံအစည်နှင့်သူ အလုပ်ရှုပ်နေလေသည်။ ထိုရက်မတိုင်ခင်မှာ သူမအခန်းထဲသို့ ဦးဇန်ကောင်း စီစဉ်ပေးထားသော ကိုယ်လုံးပေါ်မှန်တစ်ချပ် ရောက်နေလေ





သည်။

ထိုမှန်ကို နီမောင်ကယူလာပေးခြင်းဖြစ်သည်။ ထိုမှန်ကို ခင်အေးမူနေသော အခန်းထဲသို့ ရောက်အောင်ပို့ရမည်ဖြစ်ရာ မည်သို့ပို့ရမှန်းမသိပဲ ရှိနေလေသည်။ နောက်တော့မှ အကြံတစ်ခု ရသွားသဖြင့် ခင်အေးမူက အခန်းသို့သွားလေသည်။

မြနှင်းဖြူကိုမြင်တော့ ခင်အေးမူက ပြောသည်။

"ကျွန်မအခုလို တင့်တောင်းတင့်တယ် ဖြစ်သွားတာ အစ်မဝမ်းမသာဘူးလားဟင်"

"ဝမ်းသာတာပေါ့ဟယ်၊ နင်ကံကောင်းတာပေါ့"

"အစ်မလိုသာ ချီတုံချတုံလုပ်နေရင် တောကလူနဲ့ပဲ ညားမှာသေချာတယ်၊ အစ်ကိုကပြောတယ် မင်္ဂလာဆောင်ပြီးရင် မုံရွာကိုခေါ်သွားပြီး သူ့အတွားလာ...ဖွံ့တဲ့ တိုက်မှာထားမှာတဲ့၊ အဲဒီကျတော့ အစ်မတို့လည်း မကြာခဏ လာရမယ်နော်"

"လာမှာပေါ့ညီမလေးရယ်၊ ငါနင့်အတွက် ဝမ်းသာပါတယ် ဒါထက် နင့်ကို ပြောစရာတစ်ခုရှိတယ်"

"ဘာလဲဟင်"

"နင်အခန်းထက ကြည့်တဲ့မှန်က သနပ်ခါးစက်တွေနဲ့ ဟောင်းနေပြီ ငါအခန်းထဲက မှန်အသစ်နဲ့ လဲပေးမယ်နော်"

"လဲချင်လဲပေးလေ"

ထိုသို့ပြောသဖြင့် မြနှင်းဖြူက မှန်ဟောင်းကို ယူသွားပြီး သူ့အခန်းထဲမှာ အဆင်သင့်ထားသောမှန်တစ်ချပ်ကို လာ ထောင်ပေးထားလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နံနက်ပိုင်းအချိန်မှာတော့ ရွာထဲမှ ဧည့်သည်များ ရောက်လာကြသည်။

ထိုအထဲတွင် နီမောင်း၊ စောထီး၊ ငမဲအောင်တို့လည်း ပါကြလေသည်။

ဦးစံဖေနှင့် ဒေါ်သန်းမေတို့ကတော့ တပြုံးပြုံးဖြစ်နေကြပြီးလာသမျှ ဧည့်သည်တို့ကို ကွမ်းဆေးလက်ဖက် စသည်တို့ဖြင့် ဧည့်ခံကျွေးမွေးကြလေသည်။

ရွာထဲမှလာကြသူများကလည်း ခင်အေးမူတစ်ယောက် အိမ်ထောင်ကျတာ ကံကောင်းပုံအကြောင်းကို ပြောဆိုချီးမွမ်းကြလေသည်။

သတို့သားနှင့် သတို့သမီးလူကြီးများ ရှေ့သို့ခေါ်ထုတ်ရန်အတွက် သတို့သားလောင်းဖြစ်သူ မောင်အုပ်စိုးက သတို့သမီးလောင်း ခင်အေးမူရှိသော အခန်းထဲသို့ ဝင်ရောက်ခေါ်ရမည်ဖြစ်သည်။

သတို့သားအခန်းထဲ ဝင်ခါနီးတော့ နီမောင်တို့ရွာခံကာလသားများက အခန်းပေါက်ဝမှ ရွှေကြိုးဖြင့်တားထားရာ သတို့သားလောင်းက ထုံးထမ်းအစဉ်လာ ရှိသမျှကျေနပ်အောင် ပေးကြရသည်။

မောင်အုပ်စိုးက ၎င်းတို့တောင်းသော ငွေကိုပေးသောအခါ နီမောင်က အသင့်ကိုင်ထားသော ဖလားထဲမှ အမွှေးနံ့သာရေကို သပြေခက်ဖြင့် သတို့သားကိုယ်ပေါ်သို့ ဖြန်းပက်ပေးလိုက်သည်။





အမှန်တော့ အမွှေးနံ့သာရေ မဟုတ်ပေ။

ဂမုန်းနက်ဖြင့် စီရင်ထားသော ပရိတ်ရေပင် ဖြစ်သည်။

ထိုအခြေအနေကိုမြင်တော့ ဒေါ်မင်းဇာကဲ မျက်နှာတစ်ချက် ပျက်သွားသော်လည်း၊ ရပ်ရွာ၏ဓလေ့ထုံးစံဖြစ်နေသောကြောင့် တားခွင့် မသာတော့ပေ။

ထို့နောက် သတို့သားလောင်း မောင်အုပ်စိုးက ခင်အေးမူ အလှပြင်နေသောအခန်းထဲသို့ ဝင်သွားလေသည်။ ခင်အေးမူက မြနှင်းဖြူပေးထားသော မှန်ရှေ့တွင် အလှပြင်နေဆဲပင်ရှိသေးသဖြင့် မောင်အုပ်စိုးက နောက်မှ ရပ်လိုက်ရာသူ့ပုံမှာ မှန်ထဲ၌ ပေါ်လာလေသည်။

"ဟင်"

ခင်အေးမူမှာ မှန်ထဲမှ မြင်လိုက်ရသော ပုံသဏ္ဌာန်ကြောင့် အထိတ်တလန့်ဖြင့် နောက်သို့ ပြန်လှည့်ကြည့်လိုက်လေသည်။ သူ့နောက်မှာရပ်နေသော မောင်အုပ်စိုး၏ ပုံသဏ္ဌာန်က ဘာမှ မပြောင်းလဲပေ။

သို့သော် ခါတိုင်းနှင့်မတူပဲ မျက်နှာမှာ ဖြူဖပ်ဖြူရော်ဖြစ်နေသည်။

ထို့ကြောင့် မှန်ထဲ ပြန်ကြည့်လိုက်သောအခါ လူအရိုးစုကြီးကို ကောက်ရိုး၊ အဝတ်စုတ်၊ လဲမှို့များဖြင့် စာခြောက်ရုပ်တစ်ရုပ်လို ပြုလုပ်ထားသော မူလပုံသဏ္ဌာန်ကို တွေ့မြင်လိုက်ရသဖြင့် ကြောက်လန့်တကြား ဟစ်အော်လိုက်လေတော့သည်။

"အမယ်လေး ကယ်ကြပါဦးရှင် ကယ်ကြပါဦး၊ ဒီအမိန်း



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ မကောင်းဆိုးဝါးကောင်ကြီး ရောက်နေပါတယ်"

ထိုအော်သံကြောင့် အပြင်ဘက်မှာရှိနေကြသောသူများ စကားသံ ဂိတ်သွားကြကာ ရုတ်ရုတ်သဲသဲဖြစ်သွားကြလေတော့သည်။

ထိုအခြေအနေကို မြင်သဖြင့် အဆင်သင့် စောင့်နေကြသော နီမောင်တို့သုံးယောက်က အခန်းထဲသို့ အရင်ဆုံးရောက်သွားကြလေသည်။

ခင်အေးမူကတော့ မှန်တင်ခုံရှေ့မှ ခေါင်းစိုက်ကာ လဲကျနေလေပြီ။

အခန်းထဲမှာတော့ မောင်အုပ်စိုး အမည်ခံထားသော လူဟန်ဆောင်နေသူက ရှိသေးသည်။

သို့သော် သူ့ကိုယ်သူ မထိမ်းနိုင်တော့ပဲ ဒယိမ်းဒယိုင်ဖြစ်နေချေပြီ။

"ဘာဖြစ်တာလဲ ဘာဖြစ်တာလဲ"

ဦးစံဖေက နှစ်လုံးပြူးသေနတ်ကိုယူပြီး ရှေ့မှဝင်လာလေသည်။

"သူကြီးရဲ့ သားမက်လောင်းပုံကို ဟိုမှန်ထဲမှာသာ ကြည့်ပါတော့"

ထိုသို့ပြောသဖြင့် ဦးစံဖေနှင့် ရွာလူကြီးများက မှန်ချပ်ထဲသို့ကြည့်ရာ ကြောက်စရာကောင်းသော ပုံပန်းသဏ္ဌာန်ကြီးကို တွေ့ကြရလေသည်။

"ဟာ ဘယ်နှယ်ဟာကြီးလဲ မကောင်းဆိုးဝါးကောင်က





လူယောင်ဆောင်ပြီး ငါ့သမီးကို ဖမ်းစားဖို့ လုပ်နေတာကိုး၊ သေရော့ကွာ"

ဟု ပြောပြောဆိုဆိုနှင့် မောင်အုပ်စိုးအား နှစ်လုံးပြူးသေနတ်ဖြင့်ချိန်ကာ ပစ်ချလိုက်သည်။

"ဒိန်း. . . ဒိန်း"

ကျည်းဆံ ထိမှန်သွားသော်လည်း ၎င်းကိုယ်မှ သွေးမထွက်ပေ၊ ဟောင်းလောင်းပေါက်ကြီးသာ ဖြစ်သွားသည်။ နောက်တော့ ပြန်ထလာသည်။

ဦးစံဖေက နောက်ထပ် ဆက်ပစ်ပြန်သည်။

"ဒီလောက်ရှိတာ. . ကဲကွာ. . ကဲကွာ"

"ဒိန်း. . ဒိန်း. ."

လဲကျသွားပြီး မကြာခင် ပြန်ကုန်းထလာသည်၊ ထိုအချိန်မှာပင် သေနတ်သံကြားသဖြင့် ဆရာကြီးဦးဗန်ကောင်း ရောက်လာသည်။

အခြေအနေမြင်တော့ ဦးဗန်ကောင်းက ဝင်တားလေသည်။

"မပစ်နဲ့သူကြီး မပစ်နဲ့တော့၊ ခင်ဗျားဆက်ပစ်နေရင်လည်း ကျည်ဆံကုန်တာပဲ အဖပ်တင်မယ်၊ သူက ဘာမှဖြစ်မှာမဟုတ်ဘူး၊ နောက်ကိုဖယ်နေ ကျုပ်လုပ်မယ်"

ဟု ပြောသဖြင့် ဦးစံဖေက နောက်သို့ ဆုတ်ပေးလေသည်။ ထိုအခါ ဦးဗန်ကောင်းက အချက်ပြလိုက်သဖြင့် နီမောင်တို့သုံးယောက်က ရေပုံးများ ခပ်ယူလာပြီး မောင်အုပ်စိုးကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်သို့ လောင်းချလိုက်ကြလေသည်။

"ဝုန်း. . ဝုန်း. . ဝုန်း"

ထိုကဲ့သို့ ရေနှင့်လောင်းချလိုက်တော့မှ ဒယိမ်းဒယိုင် ဖြစ်နေသော မောင်အုပ်စိုးမှာ တောင့်တောင့်ကြီး ဖြစ်သွားလေ တော့သည်။

ရေဖြင့် လောင်းလိုက်သောအခါ အပေါ်မှ ခြယ်ထာ သောဆေးများ ပြယ်သွားသည်။

ကပ်ထားသောကော်များ ကွာကျသွားသောအခါ အ တွင်းမှ မူလရုပ် ပြန်ပေါ်လာလေတော့သည်။

အဝတ်စုတ်များ၊ ကောက်ရိုးများ၊ လဲမှို့များဖြင့် အထ ထပ်ပတ်ထားသော လူအရိုးစုကြီးပင် ဖြစ်ပေတော့သည်။

ထိုအခါမှ ထိတ်လန့်တကြားနှင့် နောက်သို့ဆုတ်သွာ ကြသည်။

"ကဲ. . ကဲ. . မင်းလည်း ဒီဘဝကနေကျွတ်အော ငါလုပ်ပေးပါ့မယ်၊ ကိုယ့်ရဲ့မူလနေရာကိုသာ ပြန်သွားပေတော့

ဟုပြောဆိုပြီး ဆေးအစီအရင် ပြုလုပ်ထားသော သိ ဝင်ချည်ကြိုးကွင်းကို စွပ်ချပေးလိုက်သောအခါမှ ကြမ်းပေါ် 'ဝုန်း'ခနဲ လဲကျသွားလေတော့သည်။

"ကဲ. . နီမောင်ရေ ဒါတွေကို အပြင်ဘက်ယူသွား မီးရှို့ပစ်လိုက်ပေတော့ဟေ့၊ ဒါမှ အေးမှာ"

ဦးဇန်ကောင်းကပြောသဖြင့် နီမောင်တို့က ပုံပျက် ပျက်ဖြစ်နေသော အရိုးစုများ၊ အဝတ်စုတ်၊ လဲမှို့နှင့် ကော





ရိုးခြောက်များကို အိမ်အပြင်သို့ သယ်ထုတ်သွားကြပြီး မီးရှို့ ရန် ပြင်ကြလေသည်။

ထိုအခါမှ မှန်တင်ခုံပေါ်မှာ သတိမေ့နေသော ခင်အေး မူကို ဝိုင်းဝန်းပြုစုပေးကြရသည်။

"အခုလိုကယ်ပေးတာ ကျေးဇူးတင်ပါတယ် ဆရာကြီး ရယ်၊ လက်မတင်လေးသာ နောက်ကျသွားရင်တော့ ကျုပ်သမီး လေးအတွက် မတွေးဝံ့တော့ပါဘူး၊ ကျုပ်တို့မိသားစုတွေကို သက်သက်လာပြီး ဒုက္ခပေးတဲ့လူတွေကိုတော့ စံဖေအကြောင်း ပြရသေးတာပေါ့"

ဟု ပြောဆိုကြိမ်းဝါးကာ သေနတ်ဆွဲပြီး အပြင်ဘက် သို့ ထွက်သွားလေတော့သည်။

အပြင်ရောက်တော့ ဒေါ်မင်းဇာတို့ကို တစ်ယောက်မှ မတွေ့ရတော့ပေ။

အခန်းထဲ၌ ရှုတ်ရှုတ်သဲသဲဖြစ်နေသော အချိန်မှာပင် အုပ်စုလိုက် ထွက်ပြေးသွားကြလေသည်။

ဦးစံဖေကတစ်ယောက်မှ မတွေ့တော့သဖြင့် အကြီး အကျယ် ဒေါသဖြစ်နေသဖြင့် ဦးဇန်ကောင်းက ဖျောင်းဖျပေးရ လေသည်။

"ဒီလောက်လည်း ဒေါသဖြစ်မနေပါနဲ့ဗျာ၊ မကောင်းတဲ့ အကြံအစည်ရှိသူတွေဟာ သူတို့ပြုတဲ့ အကြောင်းတရားအတိုင်း တစ်နေ့မှာ အကျိုးတရား ရကြမှာပါပဲ"

"သူတို့ဘယ်ကလာတယ်ဆိုတာ ဆရာကြီးသိတယ် မ



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား”

“သေသေချာချာတော့ မသိသေးပါဘူး၊ ဒါပေမယ့် စုံစမ်းကြည့်ရင်တော့ မခက်ခဲပါဘူး၊ ဒီအတွက်တော့ မပူပါနဲ့ တစ်နေ့တော့ ကျုပ်တို့စီစဉ်ကြမှာပါ”

ထိုသို့ပြောတော့မှ ဦးစံဖေလည်း သက်ပြင်းချကာ စိတ်လျှော့သွားလေတော့သည်။

အပြင်ဘက်မှာ နီမောင်တို့မီးရှို့နေသော နေရာမှ မီးခိုးငွေ့များ အလိမ့်လိုက် တက်လာလေတော့သည်။







## အခန်း (၁၅)

# တောနက်ထဲမှ ဘုရားပျောက်သုံးဆူ

သည်တစ်ခေါက် တောတွင်းသို့ ဝင်ကြသည့်အခါ လေးယောက်ဖြစ်သည်။

နီမောင်၊ ဦးဇန်ကောင်း၊ စောထီး၊ ငမဲအောင်တို့ပင် ဖြစ်ကြလေသည်။

သူတို့နှင့်အတူ ပစ္စည်းအချို့ထည့်ထားသော အထုပ်လည်း ပါလာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့လေးယောက် ဦးတည်သွားနေသော နေရာမှာ မိဿာတောင်ကြားနှင့် ဗိဿနိုးကုန်းရှိသော နေရာဘက်သို့ ဖြစ်ကြလေသည်။

သူတို့သည် ယခင်ကပင် ထိုတောထဲသို့ အကြိမ်ကြိမ် ရောက်ခဲ့ကြဖူးသည်။

သို့သော် ဒီတစ်ကြိမ်လာသောအခါမှာတော့ စိတ်လှုပ်ရှားနေကြလေသည်။

တောသတ္တဝါများနှင့် ရင်ဆိုင်တွေ့လျှင်ပင် မကြောက်မရွံ့တိုက်ခိုက်ဝံ့ကြသည်။ စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်ပင် စိုးရိမ်စိတ်များ ရှိနေကြသည်။

အဘယ်ကြောင့်ဆိုသော်. . .

ယခုတစ်ခေါက် တောထဲသို့လာကြသော အကြောင်းရင်းမှာ ပရလောကသားများနှင့် တွေ့ကြရမည် ဖြစ်သောကြောင့်ပင်ဖြစ်၏။

လေးယောက်သား တဖြည်းဖြည်းနှင့် လျှောက်လာကြရာ နံနက်ပိုင်းအချိန်သာသာလောက်တွင် မိဿာတောင်ကြားသို့ ရောက်လာကြသည်။

ထိုနေရာတစ်ဝိုက်မှာ လူသွားလူလာ ရှင်းနေပြီး တိတ်ဆိတ်ငြိမ်သက်နေလေသည်။

နီမောင်တို့က ထိုနေရာတစ်ဝိုက်မှာ ဘာမှ ထူးခြားမှု မတွေ့ကြရသဖြင့် ဗိဿနိုးကုန်းဘက်သို့ ဆက်လာခဲ့ကြလေသည်။





တစ်နေရာနှင့်တစ်နေရာ သိပ်မဝေးသောကြောင့် မကြာမီ ရောက်လာကြသည်။

ထိုနေရာတစ်ဝိုက်မှာလည်း တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေပေသည်။

ဗိဿနိုးကုန်းတစ်ဝိုက်မှာ တောကြမ်းသဖြင့် တော်ရုံနှင့် မသွားမလာဝံ့သော နေရာမျိုး ဖြစ်သည်။

သို့ကြောင့် သစ်ပင်၊ ဝါးပင်များက နေပြောက်မထိုးအောင် ပိတ်ဆီးနေကြလေသည်။

"ဘယ်သူမှလည်း မတွေ့ရပါလားဆရာကြီး၊ ဘယ်လိုလုပ်မှာလဲ"

ဟု နီမောင်က ပြောလိုက်သည်။

"သူတို့ ဖိတ်လို့လာခဲ့ကြတာပဲကွာ စိတ်ပူစရာမရှိပါဘူး သူတို့သိမှာပါ၊ အချိန်တန်တော့ ရောက်လာပါလိမ့်မယ်"

ဟု ပြောကာအရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင် အောက်တွင် ဝင်နားရင်းနှင့်ပါလာသော အစားအသောက်များကို စားသောက်နေကြလေသည်။

ထိုအခိုက်မှာပင် တစ်နေရာမှ ထူးခြားသောအသံများ ကြားကြရလေသည်။

"ဝေါ. . ဝေါ. . ဝေါ"

"ဘာသံတွေလည်း မသိဘူး"

"တော်လည်းတဲ့ အသံမျိုးပဲ"

"နွေခင်းကြောင်တောင်ကြီး တောခြောက်နေတာများ



www.burmeseclassic.com

www.burmeseclassic.com



လား"

ထိုသို့ပြောဆိုနေကြစဉ်မှာ ကြားနေရသောအသံများက တဖြည်းဖြည်းနှင့် နီးလာလေသည်။

အသံက မြေပြင်မှမဟုတ်ပဲ အပေါ်ဘက် သစ်ပင်များ ထိပ်ဖျားဘက်ဆီမှ ဖြစ်သည်။

အတန်ကြာသောအခါမှ အဖြေကို သိကြရတော့သည်။ များပြားလှသော ပျားအုပ်ကြီး ပျံလာကြနေသောအသံပင် ဖြစ်သည်။

ပျားကောင်များမှာ များပြားလှသောကြောင့် တောတစ်တောလုံး မည်းမှောင်နေတော့သည်။

"ပျားတွေမနည်းပါလား"

"ပန်းခပ်လာကြတာဖြစ်မယ်"

"မဟုတ်ဘူး ငါတို့ဆီကိုဦးတည်လာနေတာ. . ."

"ဘယ်လိုလုပ်ကြမလဲ"

"ဒီအချိန်မှတော့ ထွက်ပြေးလို့လည်း မရတော့ဘူး ခေါင်းငုံ့ပြီးသာ ငြိမ်ငြိမ်လေး နေကြပေတော့"

ဟု ပြောပြီးလေးယောက်သား ဒူးနှစ်လုံးကြားမှာ မျက်နှာဝှက်ထားပြီး ငြိမ်နေကြသည်။

မဟာမြိုင်တောကြမ်းမှာ အခြားတောများနှင့် မတူပေ။ အခြားတိရစ္ဆာန်များရန်ထက် ပျားတုပ်ခံရသဖြင့်သေကြသူ အတော်များသည်။

ပျားကောင်ကြီးများမှာ ပိတုန်းကောင်ယောက်ကြီးပြီး





အနီရောင်ဖြစ်သည်။

ပသန်ပျားကောင်များထက်ပင် အရွယ်အစား ပိုကြီးကြသည်။ ထို့ပြင် အဆိပ်ကလည်း ပြင်းသည်။

လူနှင့် တိရစ္ဆာန်များကိုတုပ်လျှင် မြွေဆိုးကိုက်ခံရသကဲ့သို့ တုံးခနဲ လဲကျသွားပြီး ချက်ချင်းသေလေသည်။

မဟာမြိုင်ပျားအတုပ်ခံရပါက ဆေးမမီဟုအဆိုရှိ ကြသည်။ အတုပ်ခံရသည်နှင့် နေရာမှာတင်လဲကျသွားပြီး ချက်ချင်းသေနိုင်သဖြင့် များစွာကြောက်ရွံ့ ထိတ်လန့်နေကြလေသည်။

ပျားကောင်ကြီးများက သူတို့လေးယောက်ရှိသော နေရာမှာ တဝေါဝေါနှင့် ပျံနေကြရုံမကပဲ ကိုယ်ခန္ဓာများပေါ်သို့ပင် ဝင်ရောက်နားနေကြသည်။

နားရုံသာနားနေပြီး အတုပ်မခံရသေးသောကြောင့် တော်သေးသည်ဟုဆိုရပေမည်။

လေးယောက်စလုံးကတော့ အသက်ပင် မရှုဝံ့အောင် ရှိနေကြလေသည်။

အတန်ကြာသောအခါ တောထဲမှထွက်လာသော မြွေသံလိုလို ကြားလိုက်ရပြီးနောက် သူတို့လေးယောက်ကိုယ်ပေါ်မှာ ဝိုင်းအုံနေကြသော ပျားကောင်ကြီးများမှာ မီးခိုးငွေ့နှင့် ထိလိုက်သကဲ့သို့ ဝေါခနဲ ပျံထွက်သွားကြလေတော့သည်။ ခဏချင်းမှာပင် သူတို့အနီးမှာ တစ်ကောင်မှ မကျန်တော့ပေ။

ထိုအခါမှ လေးယောက်သား မရဲတရဲနှင့် မျက်စိဖွင့်



www.burmeseclassic.com

www.burmeseclassic.com

ကြည့်လိုက်ကြသည်။

သူတို့နှင့် မနီးမဝေးနေရာမှာ အမျိုးသမီးတစ်ယောက် ရပ်နေလေသည်။

နှစ်ခါသုံးခါ တွေ့ဖူးမြင်ဖူးပြီးသော အမျိုးသမီးပင် ဖြစ်လေသည်။

"သိပ်ကြောက်သွားကြသလား၊ ပျားကောင်တွေက ရန်သူလား၊ မိတ်ဆွေလားလို့ လာကြည့်တာပါ၊ လူတွေ့တိုင်းတော့ အန္တရာယ်မပေးကြပါဘူး"

ထိုသို့ပြောတော့မှ စိတ်သက်သာရာ ရသွားကြပြီး နေရာမှ ထဝံ့ကြလေသည်။

"နီမောင်. . မင်းပေးစရာရှိတာ သွားပေးလေ"

ဦးဇန်ကောင်းက သတိပေးတော့မှ အိတ်ထဲမှာထည့်ယူလာသော ပဝါတစ်ထည်ကိုထုတ်ယူပြီး အမျိုးသမီးနှင့် မနီးမဝေးနေရာသို့ လျှောက်သွားလေသည်။

ထို့နောက် ပဝါကို လှမ်းပေးရင်း ပြောလိုက်သည်။

"ဒါအစ်မကြီးအတွက် လက်ဆောင်ပါ၊ ကျွန်တော်တို့ကိုမှာတာ ဘာများအကူအညီ တောင်းစရာရှိလို့ပါလဲ"

"ခိုင်းစရာလေး ရှိလို့ပါ"

"ပြောပါခင်ဗျာ"

"ဒီနေရာမှာ အရင်က နန်းဟောင်းတစ်ခုရှိတယ်၊ နှစ်ပေါင်းအတော်ကြာလို့ ပျက်စီးသွားတာပါ၊ ဒီနေရာမှာ သာမန်အရွယ်အစားလောက် နန်းတစ်ဆောင်ဆောက်ချင်လို့ပါ အကူ





အညီ ပေးနိုင်ကြပါမလား"

နီမောင်က ချက်ချင်းအဖြေပြန်မပေးသေးပဲ အတော်ကြာအောင် စဉ်းစားနေသည်။

"ငါ့မောင်က ပိုက်ဆံမရှိလို့ စဉ်းစားနေတာ မဟုတ်လား၊ ဒီအတွက်တော့ စိတ်မပူပါနဲ့ အစ်မကြီးက ပေးပါမယ်"

"ကောင်းပါပြီ. . . ဒီလိုဆိုရင်တော့ အကူအညီပေးနိုင်ပါတယ်. . ."

"နန်းဆောက်ပြီးရင်၊ ဗိဿနိုးမယ်တော် နန်းရင်း အလုံတပ်မြို့လို့ ကမ္ပည်းစာတမ်းလည်း ကပ်ပေးပါ"

ထိုသို့ပြောသောအခါ ဦးဇန်ကောင်းက အသင့်ပါလာသော စာရွက်ဖြင့် ရေးမှတ်ထားလိုက်သည်။

"ဒီလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ်ကွယ်၊ လိုတာတွေကိုတော့ မိစ္ဆာတောင်ကြားမှာနေတဲ့ပုဂ္ဂိုလ်က အားလုံးအကူအညီပေးပါလိမ့်မယ်၊ မင်းတို့လိုတဲ့အကူအညီရှိရင်လည်း သူ့ကိုပြောပြရင် သူက အကူအညီ ပေးပါလိမ့်မယ်"

"သူက ဘယ်သူလဲဟင်"

"မိစ္ဆာတောင်ကြားမှာ စောင့်နေတဲ့ တောစိုးနတ်ကြီးပါပဲ၊ သူကအရင်က သိုက်ဆရာကြီး တစ်ယောက်ပဲ၊ ဘုရားနီသုံးဆူ သိုက်ကိုလာတူးရင်းနဲ့ သေသွားလို့ တောစိုးနတ်ဖြစ်ပြီး ဒီနေရာမှာ စောင့်နေရတာ"

"ဒါဖြင့် အရင်ကလူတွေကို ခြောက်လှန့်နေတာသူပဲ မဟုတ်လားဟင်"


www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ်၊ ဒါပေမယ့် လူတိုင်းကိုတော့ ဒုက္ခမပေးတတ်ပါဘူး"

"တစ်လက်စတည်းနဲ့ သိချင်တာ မေးပါရစေ၊ ကျွန်တော့်ကို တောင်လုံးကျော် ဆေးမြစ်ရှာပေးခဲ့တဲ့ အဘကရော ဘယ်သူလဲဟင်"

"မဟာမြိုင်တောစောင့်နတ်ကြီးပါပဲ၊ မင်းတို့အလှူ အထမြောက်အောင်မြင်အောင် အကူအညီ ပေးသွားတာပါ"

ဟု ပြောပြတော့မှ ရှင်းသွားလေသည်။

ထို့နောက်မှာတော့ ထိုအမျိုးသမီးကို နှုတ်ဆက်ပြီး မိစ္ဆာတောင်ကြားဘက်သို့ ပြန်ခဲ့ကြလေသည်။

ထိုနေရာရောက်တော့ သူတို့ကို စောင့်နေဟန်ရှိသော အဘိုးကြီးတစ်ယောက်ပင် ဖြစ်ပေသည်။

ယခင်ဈေးကြုံမှာတော အဘိုးကြီးပင်ဖြစ်သည်။ နီမောင်က လွယ်အိတ်ထဲမှပါလာသော စားသောက်ဖွယ်ရာများကို ထုတ်ပေးသောအခါ ယူလေသည်။

ဒီတစ်ကြိမ်မှာတော့ ဖိုးသူတော်တစ်ယောက်ကဲ့သို့ အဝတ်အစားမျိုးနှင့် တွေ့ရသည်။

"တွေ့တုန်းပြောရဦးမယ်၊ မင်းတို့က တရားနာဖိတ်လို့ အလှူလာပြီး တရားနာလိုက်တာ၊ ငါလည်း အရင်နဲ့မတူတော့ဘူး အတော်ကလေး အဆင့်အတန်း မြင့်သွားပြီ၊ ဒီအတွက်ကျေးဇူးတင်ပါတယ်၊ ဒီ ကျေးဇူးအတွက် ငါ့မှာပေးစရာရှိတယ် နောက်ကလိုက်ခဲ့ကြပါ"





ဟုပြောပြီး တောနက်ထဲသို့ ခေါ်သွားသဖြင့် နောက်မှ လိုက်သွားကြသည်။

တစ်နေရာ ရောက်သောအခါ ကြီးမားသော ညောင်ပင်ကြီးပင်ကို တွေ့ကြရသည်။

"ဒီညောင်ပင်ကြီးရဲ့တစ်နေရာမှာ ကျီးပေါင်းတက်နေတဲ့ သစ်ခေါင်းတစ်ခုရှိတယ်၊ ကျီးပေါင်းတွေကို ဖယ်လိုက်ရင် အထဲမှာ ငါရဲ့ဆေးလွယ်အိတ်ရှိတယ်၊ အဲဒါကို မင်းတို့ကို ပေးပါတယ်၊ ယူသွားကြပါ"

ဟု ခွင့်ပေးသဖြင့် ညောင်ပင်ကြီးကိုကြည့်သောအခါ တစ်နေရာမှာ ကျီးပေါင်းတက်နေသောနေရာ တွေ့ရသဖြင့် ဓါးဖြင့်ခုတ်ဖယ်လိုက်ကြသည်။

ပိတ်နေသော ကျီးပေါင်းများ မရှိသောအခါ ညောင်ပင်အခေါင်းပေါက် တွေ့ရသဖြင့် ဦးပန်ကောင်းက နှိုက်ယူလိုက်လေသည်။

အထဲမှာ အညိုရောင် ဆေးလွယ်အိတ်တစ်လုံးကို တွေ့သဖြင့် အပြင်သို့ ထုတ်ယူလိုက်သည်။

ထို့နောက် အတွင်းမှာရှိသော ဆေးပစ္စည်းများကို ကျောက်ပြားတစ်ချပ်ပေါ်သို့ သွန်ပြီး ကြည့်ကြလေသည်။

အစီအရင်ပြုလုပ်ထားသော ရုပ်တုများ၊ ဆေးတံပိုး၊ တိုက်နွား၊ ခံနွားအပြင် အခြားရုပ်တုများ၊ ဆေးပစ္စည်းများစွာတို့ကို တွေ့ရလေသည်။

"ဒီဆေးလွယ်အိတ်က ငါလူ့ဘဝတုန်းက အသုံးပြုခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆေးလွတ်အိတ်ပဲ၊ အခုတော့ မလိုတော့ဘူး၊ မင်းတို့ဉာဏ်ရှိသလိုသာ အသုံးပြုကြပေတော့"

"ကျေးဇူးကြီးလှပါတယ် ဆရာကြီးရယ်"

ဦးဇန်ကောင်းက ဝမ်းသာစွာဖြင့် ပြန်ပြောလိုက်သည်။ ယခုတော့ သူ့အနေဖြင့် မဟာမြိုင်တောသို့ အပင်ပန်းခံပြီး လာရကျိုး နပ်သွားခဲ့ပေပြီ။

"ကဲ. . ကဲ. . ဒီကိစ္စပြီးပြန်တော့ မင်းတို့ကို မဟာမြိုင်မယ်တော်ကြီးခိုင်းထားတဲ့ ကိစ္စအတွက် ငွေပေးရဦးမယ်. . ငါ့နောက်လိုက်ခဲ့ကြ"

"မဟာမြိုင် မယ်တော်ကြီးဆိုတာ ဘယ်သူလဲဟင်"

"စောစောက မင်းတို့နဲ့ တွေ့ခဲ့ကြတဲ့သူပေါ့၊ ဗိဿနိုးမယ်တော်ကြီးလို့လည်း ခေါ်ကြတယ်၊ သူနဲ့ တွေ့ခွင့်ရပြီး၊ သူခိုင်းတာ လုပ်ပေးခွင့်ရတာ မင်းတို့ အလွန်ကံထူးကြတာပဲ"

ဟုပြောပြီး တောတွင်းတစ်နေရာသို့ ခေါ်သွားပြန်လေသည်။

တစ်နေရာရောက်တော့ သစ်ချုံများကြားမှာ ပြိုကျနေသော အနီရောင်စေတီတစ်ဆူကို တွေ့ကြရသည်။

"ဒါ ဒီတောထဲမှာ တောစိုးနတ်တွေ ကွယ်ပျောက်ထားတဲ့ ဘုရားပဲ၊ ဒီနေရာတစ်ဝိုက်မှာ သုံးဆူရှိတယ်၊

ဒီဘုရားပျောက် သုံးဆူရဲ့အလယ်နေရာမှာ ဗိဿနိုးမယ်တော်ကြီးရဲ့ ငွေရတနာသိုက်ရှိတယ်၊

သူက အဓိဋ္ဌာန်ပြုပြီး ထားခဲ့တာဆိုတော့ ဘယ်သူမှ





ရှာလို့ မတွေ့နိုင်ဘူး၊ ငါလည်း ဒီသိုက်ကို ရှာဖွေရင်းနဲ့ သေပြီး ဒီဘဝရောက်နေရတာပဲ"

"အဘအတွက် စိတ်မကောင်းပါဘူး"

"ဘယ်တတ်နိုင်ပါမလဲကွာ၊ လောဘကြောင့် သေရတာပဲ၊ အခုတော့ သိုက်ဆရာကိုယ်တိုင် ပြန်စောင့်ပေးနေရတဲ့ သိုက်ဆိုတော့ ဘယ်သူမှယူလို့ မရနိုင်တော့ဘူးပေါ့"

ထို့နောက် သိုက်ဆရာဘဝမှ တောစိုးနတ်ဘဝရောက်နေရရှာသော အဘိုးကြီးက သူတို့လေးယောက်ကိုခေါ်ပြီး ဘုရားပျောက်သုံးဆူကို လိုက်ပြလေသည်။

ထိုသို့ပြရင်းမှ ထိုဘုရားများတွေ့ခဲ့ရသည်ကို မည်သူကိုမှ မပြောမိစေရန်လည်း သတိပေးလိုက်သေးသည်။

"စိတ်ချပါ ဘယ်သူမှ မသိစေရပါဘူး၊ သစ္စာပြုပါတယ်"

ဘုရားသုံးဆူကို ဖူးပြီးနောက် အလယ်နေရာသို့ ခေါ်သွားပြီး ငွေဒင်္ဂါး၊ ရွှေဒင်္ဂါးများထည့်ထားသေ အထုပ်တစ်ထုပ်ကိုယူပြီး နီမောင်လက်ထဲသို့ ထည့်ပေးလိုက်သည်။

"ဒီငွေတွေနဲ့ သူစေခိုင်းတာကို ပြီးအောင် လုပ်ပေးလိုက်ပေါ့၊ ပိုတာကိုတော့ မင်းတို့ သုံးစွဲခွင့်ပြုပါတယ်"

"ကောင်းပါပြီ၊ ဒါထက် ကျွန်တော်တို့ကလည်း အဘကို ပြန်ပြီး အကူအညီ တောင်းစရာ ရှိပါတယ်"

"ပြောပါ"

"ကျွန်တော်တို့ရွာတွေကို မိစ္ဆာတွေကို အသက်သွင်းပြီး ဒုက္ခပေးနေတဲ့သူတွေ ရှိပါတယ်၊ သူတို့ကို ဆုံးမပေးပါ ဒီတော



www.burmeseclassic.com

www.burmeseclassic.com



ထဲက ဖယ်ရှားပေးပါ"

"ကောင်းပြီ ငါပိုင်နက်ထဲမှာ ရှိတာဆိုတော့ ငါဆုံးမပေးလို့ရပါတယ်၊ ဒီအတွက်တော့ စိတ်အေးအေးသာ ထားကြပါ မကြာခင် သတင်းကြားရပါစေမယ်"

ဟု ပြောသဖြင့် နီမောင်တို့လည်း တောစိုးနတ်ကြီးကို နှုတ်ဆက်ပြီးနောက် ထိုနေရာမှ ပြန်ခဲ့ကြလေတော့သည်။

ပရလောကသားများမှာ ၎င်းတို့အဆင်မပြေပါက အနှောင့်အယှက်ပေးကြသော်လည်း ၎င်းတို့က လိုလားနှစ်သက်ပါက မမျှော်လင့်သော အကူအညီများ ရနိုင်ကြပေသည်။

ထိုအရာမှာ ဆန်းကြယ်မှုတစ်ခုလည်း ဖြစ်ပါချေသည်။







# အခန်း (၁၆)

# ဘူတာဝါဟနမဟာမြိုင်

ဘုရားနီရွာ သို့မဟုတ် ဘုရားပျောက်ရွာ ဟုခေါ်ကြသောထိုရွာ၏ အစွန်ဘက်တွင် နှစ်ဆောင်မြိုင်အိမ်ကြီးတစ်ဆောင် ရှိလေသည်။ ထိုအိမ်ကြီးအတွင်းမှာတော့ ဒေါ်မင်းဇာ၊ သံပချိုင်၊ သူဇာတို့အပြင် အခြားအကူအညီပေးနေကြသော လူအချို့ပါ ရှိနေကြသည်။ ထိုပြင် ဒေါ်မင်းဇာက ဘူတာဝါဟန အတတ်ပညာဖြင့် ဖန်တီးထားသော ဖုတ်သွင်းထားသူတို့လည်း ပြန်ရောက်နေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် အောင်ချမ်းသာရွာတွင် ပြဿနာပေါ်ပြီး ပြန်ပြေးခဲ့ရပြီး တထိတ်ထိတ် တလန့်လန့်နှင့် အိမ်တွင်းမှ အိမ်အပြင် မထွက်ဝံ့ကြပဲ ရှိလေသည်။ အောင်ချမ်းသာရွာမှလူများ လိုက်လာပြီး ရန်ရှာမည်ကို စိုးရိမ်နေကြလေသည်။

ပြဿနာက ထိုတစ်နေရာတည်း မဟုတ်ပေ။

အခြားနေရာများမှာလည်း တစ်ခုမဟုတ်တစ်ခု ပြဿနာပေါ်သဖြင့် ပြန်ပြေးလာကြခြင်းဖြစ်ရာ ယခုတော့ သူဖန်တီးလိုက်သော ဖုတ်သွင်းလူတို့မှာ အဖျက်ဆီးခံလိုက်ရသော မောင်အုပ်စိုးမှလွဲပြီး အားလုံးပြန်ရောက်နေကြခြင်းဖြစ်သည်။

အားလုံးကလည်း ပြဿနာဖြစ်ခဲ့သော နေရာမှ လူများ လိုက်လာကြမည်ကို စိုးရိမ်နေကြလေသည်။

ထိုအထဲတွင် သူဌေးသားအယောင်ဆောင်သွားသော မောင်ချမ်းသာမှာ မုံရွာမြို့ပေါ်မှ သူဌေးသမီးနှင့် အဆင်ပြေကာ နီးတော့မှ သူ့ခန္ဓာကိုယ်ထဲမှာပါသွားသော နွားရိုးက ဇာတိပြသဖြင့် အရှက်တကွဲ အကျိုးနည်းဖြစ်ကာ ပြန်ပြေးလာခြင်း ဖြစ်လေသည်။

"တော်ပြီဗျာ အမေကြီးခိုင်းတဲ့ အလုပ်တွေလည်း မလုပ်ချင်တော့ဘူး၊ အမေကြီးက ဘယ်လောက်ပဲ ပြင်ဆင်ပေးလိုက်ပေမယ့် ဇာတိစိတ်ကမှ မပျောက်တာ ဘယ်နှယ်လုပ်မလဲ၊ တော်ပါပြီ ဝိညာဉ်ဘဝနဲ့ပဲ အေးအေးနေပါရစေတော့၊ ကျွန်တော်တို့ကို ပြန်လွှတ်ပေးပါ"

ဟု မောင်ချမ်းသာက စိတ်ပျက်လက်ပျက် အမူအရာ





ဖြင့် ပြောလေသည်။

"နင်တို့ဘာမှ မဟုတ်တာတော့ ငါသိတာပေါ့ဟဲ့၊ ဟုတ်မလားလို့ လုပ်ကြည့်တာပဲ၊ မဖြစ်တော့လည်း ဘာတတ်နိုင်ပါမလဲ တော်ပြီ နားပြီးတယ်၊ ဘာမှမပြောကြနဲ့တော့ ဒီမှာစိတ်ညစ်ရတဲ့အထဲမှာ"

ဒေါ်မင်းဇာက အသံကျယ်ကျယ်ဖြင့် အော်ပြောလိုက်သောအခါ အခြားအသံများ တိတ်ဆိတ်သွားလေသည်။

"ဒီအတိုင်းတော့နေလို့ မဖြစ်ဘူး ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ အရီးလေး"

သံပချိုင်က မေးလိုက်သည်။

"လောလောဆယ်တော့ တစ်နေရာမှာ သွားနေတာ ပိုကောင်းမယ်ထင်တယ်၊ ရှိတဲ့ပစ္စည်းတွေကို သိမ်းကြပေတော့"

"သူတို့ကိုရော ဘယ်လိုလုပ်မလဲ"

သံပချိုင်က ဖုတ်သွင်းထားသူများကို ကြည့်ကာ မေးလိုက်သည်။

"အခုတော့ ဘာမှလုပ်ဖို့ အချိန်မရသေးဘူး၊ သူတို့ကိုပါခေါ်သွားရုံရှိတာပေါ့"

ဟု ပြောဆိုတိုင်ပင်ကာ နောက်တစ်နေ့ မိုးမလင်းခင်မှာပင် ထိုနေရာမှ ထွက်ပြေးကြလေတော့သည်။ တောတွင်းတစ်နေရာသို့ ရောက်သောအခါ နောက်မှ တဝေါဝေါနှင့် လိုက်လာသော အသံများကို ကြားကြရလေသည်။

"ဝေါ. . ဝေါ. . ဝေါ"



www.burmeseclassic.com

www.burmeseclassic.com



"ဝိ . . ဝိ . . ဝိ . . ဝိ"

"ဘာသံတွေလည်း အရိုးလေး"

"ငါလည်းမသိဘူး၊ မြန်မြန်သာ သွားကြပေတော့"

ထိုသို့ပြောနေစဉ်မှာပင် သူတို့လူစုရှိနေသော နေရာသို့ ပျားအုပ်ကြီး ရောက်လာလေတော့သည်။

ပျားအုပ်ကြီးမှာ များပြားလှသောကြောင့် တောတစ်တောလုံး မှောင်မည်းနေသည်။

ဒေါ်မင်းဇာတို့လူစုမှာ ပျားအုပ်ကြီးကို မြင်သောအခါ ကြောက်ရွံ့ထိတ်လန့်စွာ ဘေးလွတ်ရာသို့ ပြေးကြလေတော့သည်။

ထိုသို့ပြေးတော့မှ ပိတုန်းကောင်မျှ ကြီးမားသော ပျားနီကြီးများက အုပ်စုလိုက် ထိုးဆင်းလာပြီး တုပ်လေတော့သည်၊ ပျားကောင်ကြီးများ အဆိပ်မိသွားသူတို့မှာ နေရာမှတင် 'ဗိုင်း'ခနဲ လဲကျသွားကာ ဆက်မပြေးနိုင်တော့ပေ။

ထိုအခါ နောက်ထပ် ပျားကောင်များပါ တုပ်လေရာ နေရာမှာတင် အသက်ပျောက်သွားကြလေသည်။

ဘူတာဝါဟန အတတ်ပညာဖြင့် ဖုတ်သွားထားသော ဖုတ်ဝင်နေသူများပင် တောစိုးနတ်တို့စေလွှတ်သော ပျားကောင်ကြီးများ၏ အဆိပ်ဒဏ်ကို မခံနိုင်ကြပေ။ တုပ်မိသည်နှင့် ပူးကပ်နေသောဝိညာဉ် ထွက်ပြေးရသောကြောင့် နေရာမှာတင် အသက်ပျောက်သွားကြလေတော့သည်။

နံနက်စောစော အချိန်လေးမှာပင် မဟာမြိုင်တောနက်





ကြီး၏ တစ်နေရာတွင် ပြေးလွှားသံ၊ ကြောက်လန့်တကြားနှင့် အော်ဟစ်သံတို့ဖြင့် ဆူညံနေတော့သည်။

နောက်ဆုံးမှာ ဒေါ်မင်းဇာနှင့် သံပချိုင်တို့နှစ်ယောက်မှလွဲပြီး သူတို့နောက်မှ လိုက်လာသူများ၊ ဖုတ်သွင်းထားသူများ အတုံးအရုံး သေကျေပျက်စီးကြရလေသည်။

ဒေါ်မင်းဇာနှင့် သံပချိုင်တို့ တူဝရီးနှစ်ယော . ာက်ကတော့ ကျောက်ဂူတစ်ဂူထဲသို့ အချိန်မီ ဝင်ပြေးနိုင်သဖြင့် သက်သာခွင့်ရသွားခဲ့ကြသည်။

တောစိုးပျားများက အပြင်ဘက်မှာရှိသော လူများကို တစ်ယောက်မကျန် သတ်ဖြတ်ပြီးသောအခါမှ အဝေးသို့ ပျံထွက်သွားကြလေတော့သည်။

အတန်ကြာသောအခါ စောစောက ကမ္ဘာပျက်သကဲ့သို့ ဆူညံနေသော နေရာတစ်ဝိုက်မှာ ပြန်လည်ငြိမ်သက်သွားလေတော့သည်။ အချိန်အတော်ကြာတော့မှ ဒေါ်မင်းဇာနှင့်သံပချိုင်တို့လည်း ထိုနေရာမှ ခပ်သုတ်သုတ် ထွက်သွားကြရလေသည်။

နောက်ပိုင်းမှာတော့ သူတို့နှစ်ယောက်၏သတင်းကို အစအနမျှပင် မကြားရတော့ပေ။

ထိုအဖြစ်အပျက်များကို သတင်းကြားသောအခါ ဦးဗန်ကောင်းက သံဝေဂရသောအသံဖြင့် ပြောလေသည်။

"မကောင်းမှုလုပ်တဲ့ အကြောင်းတရားတွေဟာ ကိုယ့်ရဲ့နောက်မှာ အရိပ်လိုကပ်ပါနေတတ်ပြီး၊ တစ်နေ့ကျရင် ဒီလိုပဲ တူသောအကျိုး ခံကြရတာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုသတင်းကို ကြားရသူများကတော့ မိမိတို့အတွက် ထိတ်လန့်ကြောက်ရွံ့ဘွယ်ရာကောင်းသော အန္တရာယ်အနှောင့်အယှက်ပေးမည့်သူများ မရှိကြတော့သဖြင့် စိတ်ချမ်းသာမှု ရကြလေသည်။

နီမောင်တို့ကတော့ ဗိဿနိုးမယ်တော်ကြီးကို ကတိပေးထားသည့်အတိုင်း ဗိဿနိုးကုန်းတစ်နေရာမှာ နန်းဆောင်တစ်ခုကို ဆောက်ပေးကြသည်။ ထိုနန်းဆောင် ဆောက်နေသောအချိန်တစ်လျှောက်လုံး တောထဲမှာပင် တဲထိုးနေကြသဖြင့် ရွာကိုပင် မပြန်နိုင်ကြပေ။

နန်းဆောင်ဆောက်ပြီးသောအခါ မုံရွာမြို့သို့သွားပြီး ကြိုတင်ပြုလုပ်ခိုင်းထားသော ဗိဿနိုးမယ်တော်ရုပ်တုကို သယ်ဆောင်လာပြီး ထိုနန်းဆောင်မှာ ထားပေးလေသည်။

နန်းဆောင်၏ ရှေ့မှာလည်း . .

"ဗိဿနိုးမယ်တော်နန်း၊ အလုံတပ်မြို့"

ဟူသော ကမ္ပည်းစာတိုင် စိုက်ထူပေးလိုက်သည်။

ထိုကဲ့သို့ပြီးတော့မှ နန်းအပ်ပြီးနောက် ရွာသို့ ပြန်လာကြလေသည်။ ရွာသို့ရောက်သောအခါ ဆရာကြီးဦးဗန်ကောင်းလည်း ပြန်ရန်ပြင်ဆင်လေသည်။

"ငါလည်း လိုချင်တဲ့ဆေးလွယ်အိတ်လည်းရပြီ၊ လုပ်သင့်တာတွေလည်း လုပ်ပေးခဲ့ပြီးပြီဆိုတော့ ပြန်တော့မယ် နီမောင်၊ ဒီမှာနေခဲ့သမျှ အကူအညီပေးခဲ့တာတွေကို မမေ့ပါဘူး၊ ကျေးဇူးလည်းတင်ပါတယ်ကွာ၊ သံသရာခရီး မဆုံးမချင်းတော့





တစ်နေရာမဟုတ် တစ်နေရာရာမှာတော့ ပြန်တွေ့ကြဦးမှာပေါ့"

ဟု ပြောဆိုနှုတ်ဆက်ကာ ဈေးရောင်းလာသော ကားကြုံနှင့်ပင် ပြန်သွားလေတော့သည်။

ကိစ္စများအားလုံးပြီးသောအခါ နီမောင်ထံမှာ ငွေပိုငွေလျှံအချို့ ကျန်နေခဲ့သဖြင့် အရင်းအနှီး တစ်ခုခုပြုလုပ်ရန်ပင် စိတ်ကူးမိလေသည်။

ပြုလုပ်ပေးရမည့် ကိစ္စများ ပြီးတော့မှ မြနှင်းဖြူကို သတိရမိလေသည်။ သို့ဖြင့် ရင်မေ၏ အကူအညီပေးမှုကြောင့် သူတို့အိမ်မှာပင် တွေ့ကြရသည်။

"တော်သေးတာပေါ့၊ ငါက တောထဲမှာပဲ တစ်သက်လုံးနေတော့မယ် ထင်နေတာ"

တွေ့တာနှင့် မြနှင်းဖြူက စကားနာထိုးလေသည်။

"ငါ့ကိုအထင်မလွဲပါနဲ့ဟာ၊ တောထဲမှာငါတို့ ဘယ်သူတွေနဲ့တွေ့ပြီး၊ ဘာတွေလုပ်ပေးခဲ့ရတယ်ဆိုတာ ပြောပြပါ့မယ်"

နီမောင်က ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်တော့မှ တအံ့တသြ ဖြစ်သွားလေတော့သည်။

"ဒါဖြင့် နင်ကံကောင်းတာပေါ့နော်"

"ဗိဿနိုးမယ်တော်ကြီးအတွက် အခုလိုဆောင်ရွက်ခွင့်ရတာကတော့ ကံကောင်းတာပေါ့၊ ဒါအပြင် နောက်တစ်ခု ကံကောင်းဖို့တော့ လိုသေးတယ်"

"ဘာလဲ"

"ငါ နင့်ဆီ ကအဖြေတောင်းထားတာ ရှိသေးတယ်



www.burmeseclassic.com

www.burmeseclassic.com

လေ"

"နင်ဘယ်လိုအဖြေပေးမှာလဲ၊ မေးမယ့်သာ မေးရတာပါ သိပ်တော့အားမရှိပါဘူး၊ ဘာပဲဖြစ်ဖြစ် နင်ဘက်ကဘယ်လိုပဲ အဖြေပေးပေး ငါကျေနပ်မှာပါ"

"မေးဖော်ရသေးတာပဲ တော်တယ်လို့ဆိုရမှာပဲ၊ ငါဘယ်လို အဖြေပေးမယ်ဆိုတာ နင်သိချင်နေတယ် မဟုတ်လား"

"သိချင်တာပေါ့ မြနှင်းဖြူရယ်၊ ဒါက ငါ့အတွက် အရေးအကြီးဆုံး ကိစ္စပဲဟာ"

"နင်ပြောကတည်းက ငါက အဓမ္မကို အသိပေးပါတယ် အမေကတော့ စိတ်ချရတဲ့သူမျိုးလည်းဖြစ်၊ ငါကလည်း သဘောကျမယ်ဆိုရင် လက်ခံပေးမယ်လို့ ပြောပါတယ်"

"ဒီတော့ နင့်သဘောကရော"

"ငါကလည်း နင့်မေတ္တာကို လက်ခံပေးနိုင်ပါတယ်၊ နင်စပြောကတည်းက ဆုံးဖြတ်ထားပြီးသားပါ၊ ဒီကြားထဲ မတွေ့ရလို့သာ အကြာကြီး စောင့်နေခဲ့ရတာပါ"

"ငါတောင်းပန်ပါတယ် မြနှင်းဖြူရယ် နင့်ဆီက အခုလို အဖြေမျိုးသိရတာ ငါဝမ်းသာပါတယ်၊ ဒီတော့. . ဘယ်တော့လောက် တောင်းရမ်းဖို့ စီစဉ်ရမှာလဲ"

"မြန်လှချည်လား၊ ချစ်သူဖြစ်တာတောင် မကြာသေးဘူး. . ချစ်သူဘဝနဲ့ မနေချင်တော့ဘူးလား"

"ချစ်သူဘဝနဲ့နေရတာ မလွတ်လပ်ဘူး၊ ပိုင်ဆိုင်ခွင့်ရမှ စိတ်အေးရမှာလေ"





"ဒါပေမယ့် ချက်ချင်းကြီးတော့ စီစဉ်လို့မသင့်သေးဘူး၊ ခင်အေးမူကိစ္စက ပူပူနွေးနွေး ဖြစ်ထားတာဆိုတော့၊ နောက်နှစ်မှဆိုရင် ပိုမကောင်းဘူးလာဟင်"

"ကောင်းပါတယ် နင်စိတ်ချမ်းသာရင် ပြီးတာပါပဲ"

"ဒါပဲနော် ချစ်သူတွေ ဖြစ်ကြပြီဆိုတော့ နင်ငါ့အပေါ်မှာတော့ သစ္စာရှိရမယ်နော်"

"စိတ်ချပါ မြနှင်းဖြူရယ် ငါနင့်အပေါ်မှာ တစ်သက်လုံး သစ္စာရှိပါမယ်လို့ ကတိပေးပါတယ်"

နီမောင်က မြနှင်းဖြူလက်ကလေးနှစ်ဘက်ကို ဆုပ်ကိုင်ပြီး ပြောလိုက်ရာ မြနှင်းဖြူမျက်နှာပေါ်မှာ ကျေနပ်မှုအပြုံးလေးများ ပေါ်လာလေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (ဘူတာဝါဟာန မဟာမြိုင်အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်မှာလည်း နိဂုံးကမွတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနိယာဟောန္တု သုခီအတ္တာနံ ပရိဟရန္တု။

စာပြီးချိန်။ ။ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၈ ရက်၊ တနင်္ဂနွေနေ့၊ နေ့လည် ( [illegible] )နာရီ..။


www.burmeseclassic.com